The Mirror Daily
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)



# ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ( ၁ / ၂၀၂၁)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ ဤဥပဒေသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်များပြီးမြောက်ပြီးနောက် ကျင်းပသည့် ရွေးကောက်ပွဲအရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းပြီးသည့်နေ့ရက်အထိ အာဏာတည်ရမည်။

၄။ ဤဥပဒေ အာဏာတည်လျက်ရှိနေသမျှကာလပတ်လုံး ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ၏ အခန်း(၃) နှင့် (၄)တို့ကို ရုပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်-

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်( ၂ / ၂၀၂၁)
မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ ဤဥပဒေသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်များပြီးမြောက်ပြီးနောက် ကျင်းပသည့် ရွေးကောက်ပွဲအရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းပြီးသည့်နေ့ရက်အထိ အာဏာတည်ရမည်။

၄။ ဤဥပဒေ အာဏာတည်လျက်ရှိနေသမျှကာလပတ်လုံး မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေ၏ အခန်း(၃)၊ (၄)၊ (၅)နှင့် (၆)တို့ကို ရုပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်-

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများအား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံ




နေပြည်တော် ဖေဖော်ဝါရီ ၁၀

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများအား နေပြည်တော်ရှိ ဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံဆွေးနွေးသည်။ (ဝဲပုံ)

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက Online မှ ပါဝင်တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၊ ပြည်သူနှင့် လုပ်ငန်းရှင်များ အကျိုးရှိစေရေးအတွက် ဝန်ကြီးဌာနမှချမှတ်ထားသည့် မူဝါဒလုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အပါအဝင် ညီနောင်အသင်းအဖွဲ့များမှ ယခုကဲ့သို့ တွေ့ဆုံရာတွင် ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ယုံယုံကြည်ကြည်နှင့် ပြောဆိုတင်ပြပေးစေလိုပါကြောင်း၊ စာမျက်နှာ ၄ ကော်လံ ၁ သို့



ကြေးမုံ

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေး

လွတ်လပ်သောနိုင်ငံဖြစ်ပေါ်လာရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အရေးကြီးသည်။ နိုင်ငံကို လွတ်လပ်စေလိုသော၊ နိုင်ငံကိုကောင်းစားစေလိုသော၊ နိုင်ငံကိုချစ်မြတ်နိုးသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည်တွင် မရှိမဖြစ်လိုအပ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပင်လုံညီလာခံခေါ်ယူ၍ အမိအရတည်ဆောက်ခဲ့သည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညီလာခံ ညစာစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းက "တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြားလုပ်နေရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း သိနိုင်မယ်" ဟူ၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလမ်းညွှန်ချက်ကို တိတိကျကျ မိန့်ကြားခဲ့သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ခဲ့ပြီးနောက် တိုင်းရင်းသားပြည်သူများသည် ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုဖြင့် လွတ်လပ်ရေးခရီးလမ်းကို အောင်မြင်စွာ တက်လှမ်းနိုင်ခဲ့သည်။

နိုင်ငံတွင် မရှိမဖြစ်လိုအပ်သော တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ ပြည်သူလူထု ညီညွတ်ရေး ထိုနှစ်ခုကို လူတိုင်းမမေ့စေရန်အတွက် တိုင်းပြုပြည်ပြုလွှတ်တော်တွင် ဗိုလ်ချုပ်အောင်ဆန်းက "တိုင်းရင်းသား အချင်းချင်း ညီညွတ်ရေး၊ တိုင်းရင်းသား လူထုညီညွတ်ရေး၊ စားဖားသမားတွေ ညီညွတ်နေတာကို ကျွန်တော်မလိုချင်ပါဘူး။ တိုင်းသူပြည်သား လူထုညီညွတ်ရေး အဲဒီညီညွတ်ရေးနှစ်ခု မရှိသမျှ ကာလပတ်လုံး ဒီတိုင်းပြည်ဟာ လွတ်လပ်ပင်လွတ်လပ်ငြားသော်လည်း ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရလုပ်လုပ် . . . . .တိုင်းပြည်ဖြစ်နေမှာပဲလို့ ကျွန်တော်ပြောချင်တယ်။ အဲဒီနှစ်ခုကို ခင်ဗျားတို့ မပျက်ပြားပါစေနဲ့။ ဘယ်သူက ဘာလုပ်လုပ် မပျက်ပါစေနဲ့။ အဲဒါ အင်မတန်အရေးကြီးပါတယ်" ဟူ၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တိုင်းရင်းသားပြည်သူတိုင်း မမေ့မလျော့ မပေ့ါစေရန် တစ်သက်စာ ထောက်ပြသွားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားခဲ့သကဲ့သို့ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ လူထုညီညွတ်ရေးတို့ အလွန်အရေးပါသည်ကို လက်တွေ့မြင်တွေ့နေကြရပြီဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးကတည်းက ဗိုလ်ချုပ်မှာကြားခဲ့သော အရေးကြီးသည့် ထိုနှစ်ချက်ကို လိုက်နာရန် ပျက်ကွက်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ နိုင်ငံအတွင်း လွတ်လပ်ရေးရပြီးသည်မှ ယနေ့အထိတိုင် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ၊ လူထုအတွင်းပြဿနာများ၊ ပါတီချင်းမညီညွတ်မှုများ ကြိမ်ဖန်များစွာဖြစ်ခဲ့ရသည်။ စည်းလုံးညီညွတ်ရေး အားနည်းသောကြောင့် တိုင်းပြည်ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ပျက်ပြားခဲ့ရသည်။ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလှမ်းဝေးရသည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးကတည်းက ပါလီမန်ဒီမိုကရေစီစနစ်၊ ဆိုရှယ်လစ်ဒီမိုကရေစီစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်တို့ကို ဖော်ဆောင်ခဲ့ကြသည်။ ဒီမိုကရေစီစနစ်၏အနှစ်သာရကို ကြည့်လျှင်ဖြစ်စေ၊ နိုင်ငံတကာဒီမိုကရေစီနိုင်ငံများ၏ အစဉ်အလာကိုကြည့်လျှင်ဖြစ်စေ မတူကွဲပြားသောနိုင်ငံရေးအယူအဆအရ လွတ်လပ်စွာ သဘောကွဲလွဲကြသော်လည်း တိုင်းပြည်အရေးအတွက်မူ တစ်သဘောတည်းရှိကြသည်။ ပြည်သူလူထုအကျိုးစီးပွား၊ တိုင်းပြည်အကျိုးစီးပွားကို ပိုမိုအလေးထားသောကြောင့် ထိုတိုင်းပြည်တို့သည် ဒီမိုကရေစီထွန်းကားသည်။ တိုင်းပြည်တိုးတက်သည်။ ဒီမိုကရေစီနည်းလမ်းအရ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်သော်လည်း စည်းကမ်းလိုက်နာကြသည်။ တိုင်းပြည်ပျက်စီးစေမည့်အခြေအနေမျိုးကို ရှောင်ရှားကြသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည်၏အနာဂတ်ကိုမြော်မြင်၍ ကြိုတင်မှာကြားခဲ့သည်။ တိုင်းပြည်အတွက် အလွန်အရေးကြီးသော တိုင်းရင်းသားညီညွတ်ရေး၊ လူထုညီညွတ်ရေးတို့ မပျက်ပြားစေရန် သတိပေးခဲ့သည်။ ယင်းညီညွတ်ရေးနှစ်ခု ပြိုကွဲပျက်စီးပါက တိုင်းပြည်ပြိုလဲ ပြိုကွဲသွားနိုင်သည်ကို သတိချပ်ရမည်ဖြစ်သည်။ မညီညွတ်သည့်အခါ ပြည်တွင်း၊ ပြည်ပ ပယောဂအမျိုးမျိုးတို့ ထိုးဖောက်ဝင်ရောက်လာတတ်သည်။ တိုင်းရင်းသားများနှင့်လူထု ထိုနှစ်ခု ညီညွတ်ကြသောအခါ ၁၉၄၇ – ၁၉၄၈ခုနှစ်က လွတ်လပ်ရေးအောင်ပန်းကို လှမ်းဆွတ်ချူနိုင်သလို လွတ်လပ်ပြီးကာလများ၌ တိုင်းပြည်ဖွံ့ဖြိုးရေး၊ ကြီးပွားရေးတွင်စည်းလုံးရမည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်၍ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ ပြည်သူလူထုအချင်းချင်း ညီညွတ်ရေးသည် အထူးအရေးကြီးသည်။ ပြည်ထောင်စုကြီးတစ်ခုလုံးတွင် ညီညွတ်ရေးဖြင့် ချစ်ချစ်ခင်ခင် လက်တွဲပူးပေါင်းနေထိုင်ကြမည်ဆိုလျှင် စည်းကမ်းနှင့်ညီသော အေးချမ်းသာယာဝပြောသည့် ပြည်ထောင်စု၊ တိုင်းရင်းသားပြည်သူများ မျှော်မှန်းသည့် ပြည်ထောင်စုကြီး ဖြစ်ပေါ်လာပါလိမ့်မည်။ ။

## ၂၀၂၂ ခုနှစ်၊ (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစုပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေး။

(၄) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၅) အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များ ပြုစုပျိုးထောင်ရေး။




တစ်မြေတည်းနေ
တစ်ရေတည်းသုံး
ဒို့အားလုံးသည်
ပြည်ထောင်စုသား
သွေးချင်းများ။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၀-၂-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၃၀၀ | ၉,၃၀၀ | ၉၁ | ၈၄၆,၃၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၁,၃၈၃ | ၄,၈၄၁,၀၀၀ |
| MCB | ၈,၀၀၀ | ၈,၂၀၀ | ၆၀ | ၄၈၀, ၆၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၀ | ၀ |
| TMH | ၂,၆၅၀ | ၂,၇၀၀ | ၂၁ | ၅၆,၆၅၀ |
| EFR | ၃,၂၅၀ | ၃,၂၀၀ | ၅၀ | ၁၆၂,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် | | | | |
|---|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၉၆.၅ | (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၁၆၆ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၉၄.၉ | (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၁.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၇.၀၃ | (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၅၄.၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၆.၇၀၆ | (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၃၆.၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၅.၈၀ | (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆.၃၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
သတင်းထောက်မှူး – ဦးမြင့်စိုး
စာတည်းများ – ဦးစန်းအောင်၊ ဦးအောင်ဝမ်းစိုး၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ – ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဦးဝေမင်းသူနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံရေးယဉ်ကျေးမှုနဲ့ သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိ

**တပ်မတော်အနေနဲ့ မြန်မာနိုင်ငံရဲ့ ၁၀ နှစ်တာ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းမှာ အမျိုးသားနိုင်ငံရေးကို ဦးထိပ်ထားပြီး ပြည်သူနဲ့လက်တွဲ အကောင်းဆုံးဆောင်ရွက်ခဲ့ပါတယ်။ ယခုလည်း စစ်မှန်ပြီးစည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားလာရေး ဆောင်ရွက်လျက်ရှိနေပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ စုပေါင်းဖွဲ့စည်းမှု၊ ဆွေးနွေးညှိနှိုင်းအဖြေရှာမှု နည်းလမ်းတွေကိုသာအသုံးပြုပြီး မြန်မာနိုင်ငံ၊ နိုင်ငံရေးယဉ်ကျေးမှုနဲ့ သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိပါတယ်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေနဲ့ စိတ်ခံစားမှုထက် ပကတိအချက်အလက်များ၊ အမှန်တရားများကို ရှေးရှုပြီး လက်တွဲညီ ဆောင်ရွက်သွားပါစို့လို့ မေတ္တာရပ်ခံတိုက်တွန်းလိုပါတယ်။**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၈-၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ဗဟိုဘဏ် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် (၄၆/ ၂၀၂၁)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်

**ဗဟိုဘဏ်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များကို ဗဟိုဘဏ် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် –

(၁) ဒေါက်တာ ခင်နိုင်ဦး

(၂) ဦးအောင်ကျော်သန်း

အမိန့်အရ

(ပုံ)အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ( ၄၈ / ၂၀၂၁)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် –

(၁) ဥက္ကဋ္ဌ၊ မြို့တော်ဝန်

(၂) ဒုတိယဥက္ကဋ္ဌ ၊ ဒုတိယမြို့တော်ဝန်

(၃) အဖွဲ့ဝင်(၂)ဦး

(၄) အတွင်းရေးမှူး

အမိန့်အရ

(ပုံ)အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် (၄၇ / ၂၀၂၁)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် –

(၁) ဥက္ကဋ္ဌ၊ မြို့တော်ဝန်

(၂) ဒုတိယဥက္ကဋ္ဌ ၊ ဒုတိယမြို့တော်ဝန်

(၃) အဖွဲ့ဝင်(၄)ဦး

(၄) အတွင်းရေးမှူး

အမိန့်အရ

(ပုံ)အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ ( ၁ ) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် –

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး<br>ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးရဲတိုးသွင် | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (၂) | ဦးဟိန်းထက် | ညွှန်ကြားရေးမှူးချုပ်<br>ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (၃) | ဦးဝင်းဇော်အောင် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |

❒ ရှေ့ဖုံးမှ

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဤဝန်ကြီးဌာနကို ဂရုတစိုက်အထူးအလေးထားပါကြောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အပါအဝင် ညီနောင်အသင်းအဖွဲ့များမှ ခရီးသွားပြပွဲများဆောင်ရွက်ခြင်း၊ ရန်ကုန်မြစ်တွင်း အပျော်စီးသင်္ဘောခရီးစဉ်ပြေးဆွဲခြင်း၊ ခရီးသွားမြှင့်တင်ရေးအတွက် Digital Marketing ဆိုင်ရာ တင်ဒါခေါ်ယူမှုများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးမှုများအတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် တစ်ဦးနှင့်တစ်ဦး၊ ယုံကြည်မှု၊ လေးစားမှုသည် အဓိကကျပါကြောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အပါအဝင် ညီနောင်အသင်းအဖွဲ့များကလည်း နားလည်မှုလွဲမှားသည့် အသင်းများရှိနေလျှင်လည်း ဖျောင်းဖျပြောဆို၍ ခရီးသွားမြှင့်တင်ရေးဆောင်ရွက်မှုများတွင် ပူးပေါင်းပါဝင်ပေးစေလိုပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် Online မှ တက်ရောက်လာကြသည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အပါအဝင် ညီနောင်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက ရေတိုကာလ၌ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်၊ အသင်းများမှ ဝင်ငွေနည်းပါးသည့် အဖွဲ့အစည်းနှင့် ဝန်ထမ်းများအား နိုင်ငံတော်မှ ထောက်ပံ့ပေးရေးနှင့် အတိုးမဲ့ ချေးငွေရရှိနိုင်ရေးအတွက် အထောက်အကူပေးစေလိုမှု၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်လိုမှု၊ အသင်းရန်ပုံငွေ လိုအပ်မှု၊ ကျောက်မျက်ရတနာပြပွဲ ဆောင်ရွက်လိုမှု၊ ချေးငွေရရှိလိုမှုနှင့် အခွန်ထမ်းဆောင်မှု၊ ချေးငွေများနှင့် ပတ်သက်၍ ဘဏ်များနှင့် ညှိနှိုင်းပေးစေလိုသည့် အခြေအနေများအပါအဝင် လုပ်ငန်းဆောင်ရွက်မှုများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အပါအဝင် ညီနောင်အသင်းအဖွဲ့များမှ နားလည်မှု၊ ယုံကြည်မှုဖြင့် ဆွေးနွေးမှုအပေါ် များစွာကျေးဇူးတင်ရှိပါကြောင်း၊ လတ်တလောရေတိုကာလအတွင်း ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ စုစည်းတင်ပြပေးရန် ဖြစ်ပါကြောင်းနှင့် တင်ပြချက်များနှင့် စပ်လျဉ်း၍လည်း သက်ဆိုင်ရာဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း တိုင်ပင်ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ လက်ခံကုသ၊ ပြင်ပမှဆရာဝန်များ ၎င်းတို့၏သဘောဆန္ဒအလျောက် ကုသရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ ယာယီကုသရေးဆေးရုံများဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ခရီးသွားရောက်မည့် တိုင်းရင်းသားပြည်သူများအား COVID-19 ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ တပ်မတော်မှ ပြည်သူများအား လူသားချင်းစာနာစိတ်ဖြင့် ကူညီစောင့်ရှောက်ပေးနေသည်ကို သိရှိလာသဖြင့် ပြင်ပမှ ဆရာဝန် ခြောက်ဦးသည် ၎င်းတို့၏သဘောဆန္ဒအလျောက် ကုသရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဆောင်ရွက်ပေးလျက်ရှိ**

ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၃၄၄၃ ဦး၊ အတွင်းလူနာ ၁၅၆၂ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၁၃၄ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၆၃ ဦး စုစုပေါင်း ၁၉၇ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ထို့အပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၈၄ ဦးကိုခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၁၄၂ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ်မျိုးဆက်သစ်ကလေးငယ် ၂၂၆ ဦးကို မွေးဖွားနိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာပါက နီးစပ်ရာတပ်မတော်ဆေးရုံများသို့အချိန်မရွေး ဆက်သွယ်ဆေးကုသမှုခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာဆေးရုံများမှလည်း လွှဲပြောင်းကုသမှုခံယူနိုင်ကြောင်း သိရသည်။



ယနေ့တွင် သက်ဆိုင်ရာမြို့နယ်များရှိ နယ်မြေခံတပ်မတော်ဆေးရုံများသို့ ဆေးရုံလာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မဟာအောင်မြေမြို့နယ်၌ ဖြစ်ပွားခဲ့သည့် ဆူပူဆန္ဒပြမှုဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ရဲတပ်ဖွဲ့ဝင်များကို တပ်မတော်ဆေးရုံများတွင် အထူးကြပ်မတ်ကုသပေးလျက်ရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လျက်ရှိရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားစေနိုင်သည်ဟု ယုံကြည်ယူဆသဖြင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၁၄၄ ကို ထုတ်ပြန်၍ လူ ငါးဦး သို့မဟုတ် ငါးဦးထက်ပို၍ လူစုဝေးခြင်းမပြုရန် တားမြစ်ချက်များအား ထုတ်ပြန်ထားပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးတာဝန်များကို နေ့ညမပျက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်အတွင်း ဆူပူဆန္ဒပြသူများ၏ အကြမ်းဖက် တိုက်ခိုက်မှုကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လုံခြုံရေးယာဉ်များ ထိခိုက်ပျက်စီးခဲ့သည်။ အဆိုပါဒဏ်ရာရရှိသူများအား မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့များရှိ တပ်မတော်ဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိခိုက်ဒဏ်ရာရရှိသည့် ရဲတပ်ဖွဲ့ဝင်များအနက် ရဲအရာရှိ တစ်ဦးမှာ ဦးခေါင်းတွင် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဦးခေါင်းရိုးအတွင်း သွေးခဲခြင်းဒဏ်ရာဖြင့် ပြင်ဦးလွင်တပ်မတော်ဆေးရုံ အရေးပေါ်ဌာန၌ အထူးကြပ်မတ် ကုသမှုခံယူလျက်ရှိကာ အသက်အန္တရာယ်စိုးရိမ်ရသည့် အနေအထားတွင် ရောက်ရှိနေကြောင်း သိရသည်။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ အနေဖြင့် တိုင်းပြည်အပေါ် သစ္စာရှိသည့် နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦး ဆုံးရှုံးမှုမရှိစေရေး နေ့ညမပျက် ကြိုးပမ်းကုသပေးလျက်ရှိသည်။

နိုင်ငံတစ်ဝန်း၌ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လျက်ရှိရာ အေးချမ်းစွာ ဆန္ဒထုတ်ဖော်သူများရှိသကဲ့သို့ ဆူပူအကြမ်းဖက်မှုဖြစ်အောင် လှုံ့ဆော်နေသည့် အဖျက်အမှောင့်သမားများလည်း ပါဝင်နေသည့်အတွက် မိဘပြည်သူများအနေဖြင့် သတိပြုကြရန် လိုအပ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**



# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ရေးနည်းစနစ်များနှင့်အညီ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်၊ ဦးစီးဌာန၊ လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနအကြီးအကဲများသည် ရုံးအမှတ်(၂၇)မှ တက်ရောက်ခဲ့ကြပြီး ကော်ပိုရေးရှင်းများမှ ဥက္ကဋ္ဌနှင့်အမှုဆောင်အရာရှိချုပ်များသည် သက်ဆိုင်ရာဒေသမှနေ၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။

**ကျေပွန်အောင်ထမ်းဆောင်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များသည် ပြည်သူကို ဝန်ဆောင်မှုပေးနေရသည့်လုပ်ငန်းဖြစ်သဖြင့် ဆက်လက်၍ တာဝန်ကျေပွန်အောင် ထမ်းဆောင်သွားရန် လိုအပ်ပါကြောင်း၊ ၎င်းအပြင် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရသည့် လုပ်ငန်းဌာနဖြစ်သည့်အတွက် ပြည်သူလူထုအပေါ် သစ္စာရှိရှိ၊ တာဝန်သိသိဖြင့် စည်းစည်းလုံးလုံးညီညီညွတ်ညွတ် ဆက်လက်ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်း အရှိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ဆောင်ရွက်စဉ် အခက်အခဲများတွေ့ရှိပါကလည်း အချိန်နှင့်တစ်ပြေးညီ ပေးပို့တင်ပြသွားရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာန၊ လုပ်ငန်း၊ ကော်ပိုရေးရှင်းများမှ ဌာနကြီးမှူးများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်






# နမ့်စန်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များက နမ့်စန်မြို့ရှိ နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မကွေးမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း သွားလာမှုများ ကန့်သတ်ချက်များကြောင့် စားရေးအခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမများနှင့် ရဲတပ်ဖွဲ့မှူးရုံးတို့၌ ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(မကွေး)နှင့် မကွေးမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ဝင်းမြတ်နှင့်တာဝန်ရှိသူများက ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးကို ပေးအပ်ကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



COVID-19 ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့



# ဒေသခံပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးဝေလှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် တညင်းကုန်းရပ်ကွက်၊ ဘုံရှည်ကုန်းကျေးရွာ၊ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၆)ရပ်ကွက်၊ အမှတ်(၁၆)ရပ်ကွက်နှင့် အမှတ်(၂၁)ရပ်ကွက်တို့ရှိ အိမ်ထောင်စု ၆၀၁၈ စုတို့အတွက် ဆန်နှင့် ဆီများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများလက်ဝယ်အရောက် သွားရောက်ပေးအပ်သည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ရှိ အိမ်ထောင်စု ၃၀၀ အတွက် ဆန်၊ ခေါက်ဆွဲခြောက်နှင့် ဘီစကစ်များကို နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် လိုက်လံပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

# စိတ်ထားအလှ

ချစ်နိုင်(စိတ်ပညာ)

ရုပ်ချောသည့်လူနှင့် အပြောကောင်းသည့်လူ ထိုသူနှစ်ဦးစလုံးက ခင်မင်နှစ်သက်စရာကောင်းကြပါသည်။ ရုပ်ချောသူနှင့် အပြောကောင်းသူယှဉ်လာလျှင် အများအပြားသောလူတို့က မည်သူ့ကို ပိုမိုစွဲလမ်းကြသနည်း။ အချို့က ရုပ်ချောသူသာလိမ့်မည်ဟု ထင်ကြသည်။

ရုပ်ရှင်မင်းသားမင်းသမီးတွေ အဖိုးတန်အလှပြင်ပစ္စည်းတွေဖြင့် အချိန်တွေအများကြီးပေးပြီး လှလာအောင်ပြင်ကြသည်။ လှသထက်လှအောင် ပြုပြင်ကြသည်။ အချို့ဆိုလျှင် နိုင်ငံခြားတောင်သွားပြီး မျက်နှာကို ခွဲစိတ်ပြုပြင်ခဲ့ကြပါသေးသည်။ နှာတံမပေါ်တာပေါ်အောင်၊ မျက်ပေါက်ကျဉ်းတာကို မျက်ရစ်ဖော်ပြီး မျက်လုံးလှအောင် ဆောင်ရွက်ကြလေသည်။ လှတာကောင်းပါသည်။

ရုပ်လှတာကို လူတွေသဘောကျကြတာကလည်း အမှန်ပဲ။ သို့ရာတွင် ရုပ်ဆိုးသော်ငြားလည်း သူတစ်ပါးကို ဆွဲဆောင်နိုင်စွမ်းရှိတတ်ပါ၏။ ပဉ္စပါပီဆိုသော အမျိုးသမီးသည် ဇာတ်တော်မှာ ထင်ရှားသည်။ မင်းကုသဆိုသည့် ပုဂ္ဂိုလ်သည် ဗုဒ္ဓဝင်ငါးရာ့ငါးဆယ် နိပါတ်တော်တွင် ထင်ရှားသည်။ ရုပ်ချောတာထက် အပြောကောင်းဖို့ လိုပါသည်။ အပြောကောင်းလျှင် လူရာဝင်သည်။ လူတကာက ချစ်ခင်ကြပါသည်။

ဇာတ်သဘင်လောကမှာ ဦးဖိုးစိန်ကြီး အောင်မြင်သည်မှာ အပြောကောင်းသောကြောင့်ဖြစ်၏။ ရွှေမန်းတင်မောင် သဘင်တစ်ခေတ်ဆန်းသစ်အောင်မြင်ခဲ့သည်မှာ အပြောကောင်းသောကြောင့်ပင်ဖြစ်၏။ ရုပ်ရှင်မင်းသား ခင်မောင်ရင်၊ ထွန်းဝေ၊ မြတ်လေး၊ ကောလိပ်ဂျင်နေဝင်း စသည်တို့ အောင်မြင်ထင်ရှား လူကြိုက်များခြင်းမှာ ရုပ်ချောလို့ထက် အပြောကောင်းကြသဖြင့် ဖြစ်လေသည်။

ကျော်ဟိန်း၏ ဒိုင်ယာလော့တွေ ကြိုက်ကြသည်ဆိုရာတွင် မူရင်းဝတ္ထု အောင်လင်း၊ ဆရာကြီး ပီမိုးနင်း၊ သုခ စသည်တို့က အရေးအသားကောင်းပြီးသားကို သရုပ်ပါပါ ပြောဆိုတတ်သောကြောင့်ဖြစ်လေသည်။ ကျော်ဟိန်းထက်ပိုပြီး ရုပ်ချောသောမင်းသားတွေ သူ့လောက်လျှမ်းလျှမ်းတောက် မပေါက်မြောက် မထွန်းကားခဲ့ချေ။

ရုပ်ချောမချောဆိုသည့် အချက်ထက် အပြောကောင်း မကောင်းဆိုသည့်အချက်က လူမှာပိုပြီးအရေးကြီးကြောင်း သိသာထင်ရှားလှပါသည်။ ရုပ်ရည်ချောမောလှပအောင် မိတ်ကပ်လိမ်းကြ၊ မျက်ခုံးမွေးတွေဆွဲကြ၊ နှုတ်ခမ်းနီဆိုးကြ၊ ပွဲတွေလမ်းတွေမှာ မိမိကို လူတွေကြည့်ချင်အောင် ပြုပြင်ကြ၏။ မိမိကို လူတွေလေးစားချစ်ခင်ဖို့မှာ သူ့နေရာနှင့်သူ ပြောတတ်ဆိုတတ်၊ ပြောနိုင်ဆိုနိုင်သော အရည်အသွေး ရှိဖို့ရာက ပိုပြီးအရေးကြီးပါသည်။ ပြောရေးဆိုခွင့်ရှိလာလျှင် ချက်ကျလက်ကျနှင့် အများနားဝင်လက်ခံအောင် ပြောဆို တတ်ဖို့ရာသည် အတတ်ပညာတစ်ရပ်ဖြစ်သည်။ အနုပညာတစ်ခုလည်းဖြစ်ပါသည်။ လူလူချင်းပြောဆို ဆက်ဆံခြင်းပညာသည် လိုက်စားလေ့လာ၍ မကုန်နိုင်အောင် ကျယ်ပြောပါသည်။ ကျယ်ဝန်းလှပါသည်။ ပညာနက်သည်။ ကြိုးစားမှုရသည်။

အခြေအနေအချိန်အခါနှင့် ကိုက်ညီဆီလျော်သော စကားကို လူထုပရိသတ် နားဝင်နှစ်သက်အောင်၊ လက်ခံအောင်ပြောတတ်ဖို့မှာ ဝမ်းစာလိုသည်။ သမ္မာလိုသည်။ ဝမ်းစာဆိုသည်မှာ အကြားအမြင် ဗဟုသုတများခြင်းပင်ဖြစ်ပါသည်။ ကျွမ်းကျင်တတ်မြောက်သော နှုတ်မှုရေးရာများကိုပိုင်နိုင်ခဲ့ရမည်။ သမ္မာဆိုသည်မှာ အတွေ့အကြုံနှင့် အလေ့အကျင့်ဖြစ်ပါသည်။ အလေ့အကျင့်မရှိလျှင် လူတောထဲမှာ စင်ပေါ်တက်၍ စကားပြောရမှာကိုပင် လည်ချောင်းခြောက်ကပ်၍ ဒူးတုန်နေတတ်ပါသေးသည်။ ရေငတ်သလိုလို၊ ချောင်းဟန့်ချင်သလိုလို ဖြစ်နေခြင်းမှာ အတွေ့အကြုံနည်းသေးခြင်းကို ဖော်ပြပါသည်။ စင်ကြောက်ခြင်းဖြစ်သည်။

အတွေ့အကြုံရှိအောင် လုပ်ဆောင်ရမည်။ အတွေ့အကြုံကို လေ့ကျင့်ခြင်းမှရရှိနိုင်ပါသည်။ နိုင်ငံရေးသမား လုပ်မည်ဟု ရည်ရွယ်သော တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်းသည် စာပေတွေကို သာမန်တက္ကသိုလ်ကျောင်းသားတွေထက် အချိန်ပေး၍ လေ့လာဖတ်ရှုသည်။ စာဖတ်အားကောင်းသည်။ စာကြမ်းပိုးသက်သက်မဟုတ်။ လက်တွေ့လည်း ပါဝင်လုပ်ဆောင်တတ်သည်။

**စိတ်မြတ်စိတ်ကောင်းမှာ လေ့ကျင့်မွေးမြူရသည်။ ပျိုးထောင်လေ့ကျင့်ယူရပါသည်။ စိတ်ကောင်းရှိဖို့ အဓိကကျကြောင်းနှင့် စိတ်ကောင်းရှိသူ၊ စိတ်လှသူဖြစ်အောင် မိမိကိုယ်ကို နေ့စဉ်တည်ဆောက်မည်ဟု ခံယူအပ်ပါသည်။ လောကတွင် လူတစ်လုံးသူတစ်လုံး အောင်မြင်သူများသည် စိတ်နေစိတ်ထားမြင့်မားသူများပင်ဖြစ်ပေသည်။**

အဆောင်ဟောပြောပွဲ၊ ဘာသာရပ်ဟောပြောပွဲတွေမှာ အင်္ဂလိပ်လိုထပြောသည်။ အစမှာ တက္ကသိုလ်ကျောင်းသား သူငယ်ချင်းတွေက ဝိုင်းရယ်ကြသည်။ ရယ်စရာကောင်းလောက်အောင်လည်း သူညံ့သည်။ ကိုအောင်ဆန်းက စိတ်မပျက်ချေ။ သူ၏အားနည်းချက်ကို သုံးသပ်ပြုပြင်ပြီးတိုးတက်အောင် ကြိုးစားသည်။ စင်ပေါ်တက်၍ ပြောပြန်ပြီ။ မဆိုး။

စကားရည်လုပွဲ၊ ကျပန်းစကားပြောပွဲ၊ ဟောပြောပွဲတို့တွင် တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်းသည် ဝင်ပြီးယှဉ်ပြိုင်သည်။ ဟောပြောသည်။ ဆုရရ မရရ အရေးမကြီး။ အလေ့အကျင့်သာရဖို့ အရေးကြီးသည်။ အတွေ့အကြုံရှိဖို့သာ အရေးကြီးသည်။ အမှားကိုပြင်၍ ပိုမိုကောင်းမွန်အောင် သူပြောနိုင် ဆိုနိုင်လာသည်။ သမ္မာရင့်လာလေသည်။ လူတောသူတောထဲမှာ မပြောရဲမဆိုရဲ မဖြစ်သင့်။

လူရှေ့သူရှေ့မှာ မဆီမလျော် အချီအငေါ်မတည့်တာကို ဘာမဆိုင်ညာမဆိုင် တက်ပြောတာမျိုးလည်းမလုပ်ရ။ တောသားရဲ ဆွဲထုတ်ဆိုသကဲ့သို့ အခြေအနေနှင့် မကိုက်သော စကားမျိုးကို အကျိုးမဲ့မပြောဆိုရ။

ဝမ်းစာရှိအောင် စာဖတ်ကြရမည်။ စာများများဖတ်ရမည်။

သမ္မာရှိအောင် အလေ့အကျင့်လုပ်ရမည်။ အတွေ့အကြုံရှိအောင် ဆည်းပူးရမည်။ လေ့ကျင့်ခန်းများများလုပ်ပါက သိသိသာသာ တိုးတက်လာပါသည်။ ရန်ကုန်တက္ကသိုလ်ရောက်စ ကိုအောင်ဆန်းနှင့် နောင်လေးနှစ်ကြာသောအခါ တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်း အရည်အချင်းမတူတော့ပေ။ လူထုပရိသတ်ရှေ့မှောက် အင်္ဂလိပ်လိုကောင်းမွန်ချောမောစွာ ပြောတတ်လာပေပြီ။ ဤအရည်အသွေးဖြင့် ဗိုလ်ချုပ်သည် ဆာဝီ လျှမ်ဆလင်း၊ လော့ဒ်လူဝီမောင့်ဘက်တန်စသော အင်္ဂလိပ်ဗိုလ်ချုပ်ကြီးများကလေးစားလက်ခံပြီး နားဝင်အောင်၊ သဘောတူအောင် ပြောဆိုခြင်းဖြစ်၏။ အင်္ဂလန်မှာ မြန်မာပြည်လွတ်လပ်ရေးအတွက် သွားရောက်ဆွေးနွေးသောအခါ အသက်သုံးဆယ်အရွယ် ဗိုလ်ချုပ်အောင်ဆန်းသည် အပြောအဆိုပညာမှာ ကျွမ်းကျင်ပိုင်နိုင်သဖြင့် အောင်ခဲ့ခြင်းဖြစ်၏။ ဟောပြောခြင်း အတတ်ပညာ၊ ဆွေးနွေးခြင်း အတတ်ပညာဟူသော နှုတ်မှုပညာအဓိကကျလှသည်။

ရုပ်ချောဖို့ အရေးမကြီးဟုတော့ မပြောလိုပါ။ ရုပ်ချောဖို့ထက် အပြောကောင်းဖို့ရာက ပိုမိုအရေးကြီးကြောင်း သိသာထင်ရှားအောင် တင်ပြခဲ့ပါပြီ။ ရုပ်ချောဖို့လည်း ပြုပြင်သင့်တာမှန်ပါသည်။ အပြောကောင်းအောင် ဝမ်းစာဖြည့်ရန် သမ္မာရင့်ဖို့ရာလည်း ကြိုးစားသင့်ပါသည်။ ထို့ထက်ပိုပြီး အရေးကြီးဆုံးအရာကို တင်ပြလိုပါသည်။ ထိုအရာကား အဘယ်နည်း စိတ်ထားအလှ ပြည့်စုံရပါမည်။

'စိတ်ကောင်းရှိဖို့က ပထမ' ဟု မူဝါဒချမှတ်တော်မူခဲ့သော အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ (၁၉၀၀–၁၉၇၇)၏ အမြော်အမြင်ကို အံ့သြချီးကျူး၍ မဆုံးနိုင်အောင်ပင် ကြည်ညိုရပါသည်။ စာတတ်ဖို့သာ ပထမဟု စာရေးသူငယ်ငယ်က ထင်မြင်ယူဆခဲ့သည်။ စိတ်ကောင်းရှိဖို့ရာတော့ အဆင့်တစ်ဆယ်လောက်သာ ဦးစားပေးသင့်သည် ထင်မှတ်ခဲ့သည်။ အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ စိတ်ကောင်းရှိဖို့ကသာ ဦးစားပေး ပထမအဆင့် အရေးကြီးသောအရာဟု နားလည်သဘောပေါက်လာခဲ့ပါတော့သည်။

စိတ်ကောင်းရှိခြင်းတွင် သီလဖြူစင်ခြင်းလည်း အကျုံးဝင်လိမ့်မည်။ စည်းကမ်းကို ရိုသေလေးစားလိုက်နာခြင်းလည်းပါလိမ့်မည်။ ကိုယ်ချင်းစာတရားနှင့် စာနာခြင်း၊ ကြင်နာခြင်း၊ အနစ်နာခံနိုင်ခြင်း၊ သူတစ်ပါးကို ကူညီတတ်ခြင်း၊ ကောင်းစားစေလိုခြင်း၊ ကြီးပွားတာကို မုဒိတာထားနိုင်ခြင်း စသော စိတ်ထားမျိုးတွေ ပါဝင်ပေလိမ့်မည်။ ယူဖို့ရဖို့ထက် ပေးဖို့မျှဝေဖို့ စဉ်းစားလေ့ရှိခြင်းမှာ စိတ်ကောင်းစေတနာရှိခြင်း သဘောလက္ခဏာဖြစ်ပါသည်။ စိတ်ကောင်းမရှိသူက ငါပဲယူမည်၊ သူတစ်ပါး ဘာဖြစ်နေနေဆိုသော သဘောထားမျိုးရှိလေသည်။ လောကအတွက် သူမစဉ်းစားချေ။

စိတ်ကကြည်စွာ၊ စေတနာနှင့်၊ သဒ္ဒါဝမ်းတွင်း၊ ပေးကမ်းခြင်းကား၊ ရခြင်းထက်သာ၊ ဝမ်းမြောက်ရာ၏ ဟူ၍ မန်လည်ဆရာတော် အရှင်ဇဝနက မဟာသုတကာရီ မဃဒေဝလင်္ကာသစ်မှာ ရေးစီတော်မူခဲ့သည်။

လောကမှာ စိတ်ထားလှသူတွေ ပေါများပါမှ သာယာအေးချမ်းကြမည်ဖြစ်လေသည်။ ကိုယ်ကျိုးကိုသာ ဦးစားပေးလွန်းသူတွေ၊ စိတ်ပုပ်၊ စိတ်ယုတ်ရှိသူတွေ၊ စိတ်အရုပ်ဆိုးသူတွေခြယ်လှယ်နေပါက လောကမတိုးတက် မဖွံ့ဖြိုးနိုင်ပေ။

ပညာပြည့်ဝနှစ်လုံးသားလှသူတွေကမူ အများပြည်သူ၏ ကောင်းကျိုးကို ဦးစားပေးရှေးရှုသည်။ သူ့အတွက် အနစ်နာခံသည်။ စွန့်လွှတ်သည်။ ကိုယ်ကျင့်သီလဖြူစင်အောင် စောင့်ထိန်းသည်။

၄၅ နှစ်ကြာမျှ ခံစားနေရသော လေနာရောဂါအတွက် နို့ဆွမ်းကို အရှင်မဟာမောဂ္ဂလန်က အလှူခံပြီး ဆက်ကပ်ပါသော်လည်း ဝေဒနာပြင်းစွာ သေမလောက် ခံစားနေရရှာသည့် အရှင်သာရိပုတ္တရာ မထေရ်မြတ်က ဤသို့ မိန့်တော်မူလေသည်။

"ငါ၏ အူအခွေတို့သည် ဆာမွတ်သည့်အတွက် မိမိ၏ တည်နေရာမှထွက်၍ မြေပေါ်သို့ စီးဆင်းစေကာမူ၊ ငါ၏ အသက်ကို စွန့်ရစေကာမူ အသက်မွေးခြင်းကိုစောင့်ရှောက်ခြင်း အာဇီဝပါရိသုဒ္ဓိသီလကို မဖျက်ပေအံ့။ မလျောက်ပတ်သော ရှာမှီးခြင်းကို ကြဉ်ရှောင်ပါအံ့"

ထိုသို့ ငြင်းပယ်တော်မူသဖြင့် နို့အိုးကို မြေပေါ်သို့ သွန်ရလေသည်။ နို့ရည်များ မြေပေါ်သို့စီးဆင်းသွားသော ခဏ၌ အရှင်သာရိပုတ္တရာ၏ဖြူစင်သော သီလတန်ခိုးတော်ကြောင့် လေနာရောဂါ ဝေဒနာသည်လည်း ချက်ချင်းခဏ ပျောက်ကင်းသွားရလေသည်။

စိတ်ထားအလှ ကောင်းကျိုးရပါသည်။ ရုပ်လှချင်လျှင် မှန်ကိုကြည့်၍ ပြုပြင်ရသည်။ စိတ်လှချင်လျှင် ပညာပြည့်အောင် စာကိုကြည့်၍ ပြုပြင်ကြရပေသည်။

စိတ်မြတ်စိတ်ကောင်းမှာ လေ့ကျင့်မွေးမြူရသည်။ ပျိုးထောင်လေ့ကျင့်ယူရပါသည်။ စိတ်ကောင်းရှိဖို့ အဓိကကျကြောင်းနှင့် စိတ်ကောင်းရှိသူ၊ စိတ်လှသူဖြစ်အောင် မိမိကိုယ်ကို နေ့စဉ်တည်ဆောက်မည်ဟု ခံယူအပ်ပါသည်။ လောကတွင် လူတစ်လုံးသူတစ်လုံးအောင်မြင်သူများသည် စိတ်နေစိတ်ထားမြင့်မားသူများပင် ဖြစ်ပေသည်။

---

## ပြည်ထောင်စုပန်းအမြဲလန်းစေ

❖ ပင်လုံမြေမှာသက်သေတည်
(၁၂)ရက်နေ့ဖေဖော်ဝါရီ
တူညီစိတ်ဝမ်းမခွဲတမ်း
တိုင်းရင်းသားတို့တစ်စိတ်တစ်ဝမ်း။

❖ တက်လှမ်းရယူ ဒို့ပြည်သူ
သွေးတူသားချင်းညီနောင်ရင်း
ဗိုလ်ချုပ်ခင်းတဲ့သည့်လမ်းလေး
ဒို့အတူလျှောက်ရင် အလှမ်းမဝေး။

❖ ပေးရတော့တာချုပ်အာဏာ
ရလာသောခါမြန်မနှေး
ငါတို့ချစ်တဲ့လွတ်လပ်ရေး။

❖ သည်လွတ်လပ်ရေးတည်တံ့အောင်
ဒို့တွေပေါင်းစုလို့တည်ထောင်
ပြည်ထောင်စုသားညီကိုများ
သက်ကိုပေးလို့ရယူထား။

❖ စည်းလုံးသွားစို့ညီကိုတွေ
လွတ်လပ်ရေးကိုချစ်ရင်လေ
မြဲစေမပြတ်သတိချပ်
ဒါမှဒို့တွေအမြဲလွတ်လပ်။

ဘိုမျိုး(ရွှေဘို)

# ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ကောင်စီအဖွဲ့ဝင်များနှင့် ခရိုင်ကောင်စီဥက္ကဋ္ဌများ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ကောင်စီအဖွဲ့ဝင်များနှင့် ခရိုင်ကောင်စီဥက္ကဋ္ဌများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၇ နာရီခွဲတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက တိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းရေး၊ တိုင်းဒေသကြီးအတွင်း လုပ်ငန်းများပုံမှန်လည်ပတ်ပြီး စီးပွားရေးပြန်လည်ဦးမော့လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ ကိုဗစ်-၁၉ ရောဂါ တိုးတက်ဖြစ်ပွားလာနိုင်သည်ကို မျှော်မှန်း၍ ကာကွယ်တားဆီးရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်ရေး၊ ၂၀၂၁ ခုနှစ် (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို သိုက်သိုက်ဝန်းဝန်းကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက လုပ်ငန်းကဏ္ဍအလိုက် ချက်ချင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ညှိနှိုင်းပေါင်းစပ်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူး၊ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲရေးမှူး၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ညွှန်ကြားရေးမှူးများ၊ သက်ဆိုင်ရာတိုင်းအဆင့် ဌာနဆိုင်ရာများနှင့် ခရိုင်ကောင်စီဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ

**ပုသိမ် ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်နှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းက ဧရာရွှေဝါခန်းမ၌ ကျင်းပသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်က နိုင်ငံအတွင်း ဒေသအသီးသီးတွင် လတ်တလောဖြစ်ပေါ်လျက်ရှိသော နိုင်ငံနှင့်ပြည်သူအကျိုးပျက်စေမည့် သွေးထိုးလှုံ့ဆော်မှုများ၊ ကောလာဟလများ၊ နိုင်ငံ့ဝန်ထမ်းများ တာဝန်ဝတ္တရားများ မဆောင်ရွက်နိုင်အောင် သွေးဆောင်မှုများ ပြုမူဆောင်ရွက်နေသည်ကို တွေ့ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်သွားရန် အလေးထားပြောကြားလိုကြောင်း၊ ဒေသတွင်းလုံခြုံ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အဓိကကဏ္ဍဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန် ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့်မရှိစေရေးအတွက် ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လုပ်ငန်းအောင်မြင်အောင် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်သွားကြရန်၊ အရည်အသွေးမပြည့်ဝမှု၊ အရည်အချင်းလျော့နည်းမှုမျိုးမဖြစ်ပေါ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ ဗိုလ်မှူးကြီးကျော်စွာလှိုင်က လုပ်ငန်းများဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး ကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ညွှန်ကြားချက်များနှင့်အညီ ကျင်းပခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# ကန့်ဘလူမျိုးသန့်ခြံမှ မျိုးသန့်မျိုးပွားမျိုးစေ့များကို စိုက်ပျိုးထုတ်လုပ်ပြီး ဒေသခံတောင်သူများအား ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

**ကန့်ဘလူ ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ရှိ ကန့်ဘလူမျိုးသန့်ခြံ၏ ၂၀၂၀-၂၀၂၁ ခုနှစ် ဆောင်းသီးနှံများ ရိတ်သိမ်းခြွေလှေ့သန့်စင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပဲစင်းငုံ(မုံရွာရွှေဒင်္ဂါး)၊ နှမ်း(ဆင်းရတနာ ၁၄)၊ နေကြာ(ရေဆင်း-၁)နှင့် မတ်ပဲ(T.B.L.g)သီးနှံများ မျိုးဖြန့်ဖြူးနိုင်မည့် သီးနှံအထွက်တင်းများကို လာမည့်မိုးသီးနှံ စိုက်ပျိုးရာသီအတွင်း မျိုးသန့်မျိုးပွားမျိုးစေ့များအဖြစ် ဒေသတွင်းတောင်သူများအား သင့်တင့်သောနှုန်းထားဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ မျိုးများဖြန့်ဖြူးနိုင်ရန်အတွက် အထက်မြန်မာပြည်မျိုးစေ့ဓာတ်ခွဲခန်းသို့ မျိုးစေ့နမူနာများပေးပို့၍ မျိုးစေ့အရည်အချင်းစစ်ဆေးခြင်း လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။ ဓာတ်ခွဲခန်းမှ မျိုးစေ့အရည်အသွေးထောက်ခံချက်ရရှိလျှင် ဒေသခံတောင်သူများအား မျိုးစေ့အဖြစ် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း မျိုးသန့်ခြံတာဝန်ခံဦးစီးအရာရှိ ဦးခင်မောင်လင်းက ပြောသည်။

ကန့်ဘလူမျိုးသန့်ခြံတွင် ပဲစင်းငုံ(မုံရွာရွှေဒင်္ဂါး) ၅၉ ဧက၊ နှမ်း(ဆင်းရတနာ-၁၄) ဧက ၄၀၊ နေကြာ(ရေဆင်း-၁) ဧက ၂၀ နှင့် မတ်ပဲ( T. B. L. g) ၃၅ ဧက စုစုပေါင်း မျိုးသန့်မျိုးပွားမျိုးစေ့ထုတ် ၁၅၄ ဧက စိုက်ပျိုးခဲ့ရာ စုစုပေါင်းတင်း ၅၀၀ ကျော်ထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

အဆိုပါ ထွက်ရှိလာသော မျိုးကောင်းမျိုးသန့်မျိုးစေ့များကို ဒေသခံတောင်သူများ ဝင်ငွေတိုးတက်ရရှိစေရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန် ကန့်ဘလူမျိုးသန့်ခြံမှ နှစ်စဉ်စိုက်ပျိုးထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိသည်။ ထို့ပြင် သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဆောင်ရွက်ရန်၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)တိုးတက်အောင်ဆောင်ရွက်ရန်နှင့် စိုက်ပျိုးပညာပေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်သွားရန်၊ စီးပွားရေးတွက်ခြေကိုက်၍ ဈေးကွက်ဝင်သောသီးနှံများ ပိုမိုစိုက်ပျိုးလာစေရန်၊ ပြောင်းလဲလာသော ရာသီဥတုနှင့်ကိုက်ညီသော စိုက်ပျိုးရေးစနစ်များကျင့်သုံးရန်၊ ဓာတုဗေဒပစ္စည်းများဖြစ်သော ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများသုံးစွဲမှုလျှော့ချရေးနှင့် သဘာဝမြေသြဇာများကို ပိုမိုသုံးစွဲ၍ ဘေးအန္တရာယ်ကင်းရှင်းသော လယ်ယာထွက်ကုန်များ စိုက်ပျိုးထုတ်လုပ်ရန် တောင်သူများအား စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**





# ငါန်းဇွန်မြို့၌ ကိုဗစ်-၁၉ ရောဂါကာလ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေး

**ငါန်းဇွန် ဖေဖော်ဝါရီ ၁၀**

ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်အတွက် ရည်ရွယ်ပြီး မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးမိုးအောင်က ပြောသည်။

အဆိုပါရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက် ၁၁ နာရီခွဲက ငါန်းဇွန်မြို့နယ် ကျောက်တလုံးကျေးရွာ၌ ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်ရေးညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကျောက်တလုံးကျေးရွာသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော ကျေးရွာဖြစ်ပြီး ဒေသခံပြည်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးကို အတိုးနှုန်း သုည ဒသမ ၅ ရာခိုင်နှုန်းဖြင့် ကျေးရွာကော်မတီမှတစ်ဆင့် ထုတ်ချေးပေးခဲ့ကြောင်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးပေးခြင်းဖြင့် ဒေသခံပြည်သူများ ဝင်ငွေတိုးပွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# နိုင်ငံတော်ကိုသာ သစ္စာနံ့ထားသည့် နိုင်ငံ့ဝန်ထမ်း

မောင်မြသာ

**လူသားတို့၏ ခန္ဓာကိုယ်တည်ဆောက်ပုံသည် အလွန်ပင်ဆန်းကြယ်သည်။ မြတ်ဗုဒ္ဓ၏ မိန့်တော်မူချက်အရ လူတစ်ယောက်ချင်းစီကို ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ဖြင့် မောင်းနှင်နေကြခြင်းဟု ဆိုရမည်။ သိပ္ပံနည်းကျအရမူလည်း အသက်ရှင်ရပ်တည်နေသည့် လူသားတစ်ဦးထံတွင် ဇီဝယန္တရား၏ အလုပ်လုပ်ပုံကို ကမ္ဘာ့သုတေသီများက လေ့လာခဲ့ကြရာ အံ့သြဖွယ်ရာကောင်းလောက်အောင်ပင် တိတိကျကျအလုပ်လုပ်နေကြသည်ကို တွေ့ခဲ့ကြရသည်။ ယင်းကို circadian rhythm ဟုခေါ်ကြသည်။ မြန်မာမှုပြုရလျှင်တော့ ဇီဝနာရီ နရီစည်းချက်ဟု ဆိုရမည်ပင်။ ဇီဝနာရီသည် လူတစ်ယောက်၏ စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာစနစ်များကို ညှိနှိုင်းကာ တိတိကျကျအလုပ်လုပ်သည်။ အစာခြေစနစ်သည် အစာစားချိန်နှင့်ကိုက်ညှိပြီး ပရိတိန်းများထုတ်လုပ်ဖို့ ပြင်ဆင်ပေးသည်။ ဇီဝနာရီတိတိကျကျ အလုပ်မလုပ်နိုင်ပါက ထိုလူသား ပျက်စီးကိန်းကြုံရတော့မည်ပင်ဖြစ်ပါသည်။**

**သူ့တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ရ**

ကျန်းမာသောလူသားတစ်ဦးတွင် ပြင်ပ ခြေ၊ လက်၊ ဦးခေါင်း၊ ခန္ဓာကိုယ်တို့သည် လှုပ်ရှားနေကြသည်။ ခံစားမှုများဖြစ်သည့် ချစ်ခြင်း၊ မုန်းခြင်း၊ နှစ်သက်ခြင်း၊ ဝမ်းသာခြင်း၊ နှမြောခြင်း အစရှိသည်တို့က ဦးနှောက်အကူအညီဖြင့် ဖြစ်ပေါ်တတ်ပြီး ၎င်း၏ စေ့ဆော်မှုအရ ငိုခြင်း၊ ရယ်ခြင်း၊ ပြုံးခြင်း၊ မဲ့ခြင်းတို့လည်း ဆောင်ရွက်တတ်သည်။ ထို့အတူ ခန္ဓာကိုယ်အတွင်း ကလီစာများဖြစ်သည့် အဆုတ်၊ နှလုံး၊ ကျောက်ကပ်၊ အစာအိမ်တို့သည်လည်း လူသားအတွက် လိုအပ်ချက်အရ ပုံမှန်အလုပ်များလုပ်ကိုင်ပေးလျက်ရှိသည်။ နှလုံးကြွက်သားများက ကျုံ့ခြင်း၊ ပွခြင်းဖြင့် သွေးကြောများပုံမှန်စီးဆင်းနေပြီး သန့်ရှင်းသောအောက်ဆီဂျင်ကို ရှူသွင်းခြင်းဖြင့် အဆုတ်သည် သူ့တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ရသည်။

ဇီဝနာရီအရ လူသားတို့၏ ကိုယ်တွင်းကလီစာများသည် အချိန်အလိုက် သူ့တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ နံနက် ၅ နာရီမှ ၇ နာရီအတွင်း အူမကြီးသည် သူ၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်သည်။ သူ့တာဝန်အရ ဇီဝလုပ်ငန်းစဉ်များကို လုပ်ဆောင်သဖြင့် လူသားသည် ဝမ်းမှန်မှန်သွားသည်။ နံနက် ၇ နာရီမှ ၉ နာရီတွင် အစာအိမ်သည် လည်းကောင်း၊ နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီအတွင်း နှလုံးသည်လည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအတွင်း၌ အူသိမ်များသည် လည်းကောင်း၊ ညနေ ၃နာရီမှ ၅ နာရီအတွင်း ဆီးအိမ်သည် လည်းကောင်း၊ ညနေ ၅ နာရီမှ ည ၇ နာရီအချိန်တွင် ကျောက်ကပ်သည်လည်းကောင်း သူတို့၏ လုပ်ငန်းတာဝန်များကို အသီးသီးထမ်းဆောင်ကြသည်။

ည ၇ နာရီမှ ၉ နာရီတွင် နှလုံး၏အမြှေးပါးသည် သူ့တာဝန်ချိန်ဖြစ်ပြီး ထိုအချိန်တွင် သူ့လုပ်ဆောင်ချက်ကို အထောက်အကူဖြစ်စေရန်အတွက် စိတ်ခံစားမှုပြင်းထန်ခြင်းများကို လျှော့ချကာ ပေ့ါပါးစွာနေထိုင်သင့်သည်ဟု ပညာရှင်များက အကြံပြုကြသည်။ လူခန္ဓာကိုယ်အိပ်စက်ချိန်ရောက်သော်လည်း ဇီဝနာရီသည် နားနေအိပ်စက်ခြင်းမရှိ ဆက်လက်အလုပ်လုပ်ကြပြန်သည်။ ည ၉ နာရီမှ ၁၁ နာရီအချိန်သည် ဦးခေါင်းမှအစိတ်အပိုင်းများ အားဖြည့်ချိန်ဖြစ်သဖြင့် သက်သောင့်သက်သာရှိစွာ နေထိုင်သင့်သကဲ့သို့ ည ၁၁ နာရီမှ နံနက် ၃ နာရီအချိန်သည် အသည်း၏အလုပ်လုပ်ချိန်ဖြစ်သည်။

ထိုအချိန်တွင် အသည်းသည် သူ့လုပ်ငန်းဆောင်တာများကို လုပ်ဆောင်သည်။ ထို့ပြင် ည ၁၁ နာရီမှ ၁ နာရီအတွင်း သည်းခြေသည် တာဝန်ထမ်းဆောင်လေ့ရှိပြီး နံနက် ၃ နာရီမှ ၅ နာရီအထိသည် အဆုတ်၏ အလုပ်လုပ်ချိန်ဖြစ်သည်။ အဆုတ်သည် နောက်တစ်နေ့ နံနက် လူသားလန်းဆန်းတက်ကြွစွာ နိုးထဖြတ်သန်းနိုင်ရန်နှင့် ကုန်သွားသည့်နေ့က ရှူသွင်း၊ ရှူထုတ်ထားသမျှသော အသက်ရှူလမ်းကြောင်းဆိုင်ရာ အညစ်အကြေးများကို ရှင်းလင်းသည်။

**နိုင်ငံ၏လှုပ်ရှားမှု နရီစည်းချက်မှန်အောင် လုပ်ဆောင်ပေးကြသူများ**

လူ့ခန္ဓာကိုယ်၏နေရာတွင် နိုင်ငံတစ်နိုင်ငံဟု အစားထိုးကြည့်မည်ဆိုလျှင် နိုင်ငံ၏အရေးကြီးသည့် အင်္ဂါအစိတ်အပိုင်းများဖြစ်သည့် ဦးနှောက်၊ ခြေ၊ လက်၊ ခန္ဓာတို့သည် ပြည်သူများပင်ဖြစ်သည်။ ထို့အတူ ခန္ဓာကိုယ်၏မရှိမဖြစ် ကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်းများသည် ပြည်သူ့ဝန်ကိုထမ်းသည့် ပြည်သူ့ဝန်ထမ်းများပင်ဖြစ်ပါသည်။ အဘယ့်ကြောင့်နည်း။ လူသားတို့နေ့စဉ်ဘဝများ မြင့်သထက်မြင့်၊ အစွမ်းရှိသထက်ရှိအောင် ကြိုးစားကြရာတွင် မကျန်းမာ၍မဖြစ်၊ ဇီဝဖြစ်စဉ်ယိုယွင်း၍ မဖြစ်သကဲ့သို့ နိုင်ငံ၏လှုပ်ရှားမှု နရီစည်းချက်မှန်အောင် လုပ်ဆောင်ပေးကြသူများသည် ပြည်သူ့ဝန်ထမ်းများဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။

မည်မျှပင်အစွမ်းရှိသည့် လူသားဖြစ်စေဦးတော့ ဇီဝယန္တရားပျက်စီးယိုယွင်းပါက ထိုလူသားမစွမ်းနိုင်တော့သကဲ့သို့ တိုင်းပြည်၏ ဝန်ထမ်းယန္တရားပျက်စီးယိုယွင်းပါကလည်း ထိုတိုင်းပြည်သည် ဆက်လက်တည်ရှိရန် မစွမ်းနိုင်သည့်အခြေအနေသို့ ရောက်ရှိနိုင်ခြင်းကြောင့် ဖြစ်ပါသည်။ တိုင်းပြည်ပရမ်းပတာ ပြိုလဲပျက်စီးပြီဆိုပါက တရားဥပဒေစိုးမိုးမှုပျက်စီးခြင်းနှင့်အတူ ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်နှင့် နေ့စဉ်ဘဝများမှာလည်း မတွေးဝံ့ဖွယ်ရာအခြေအနေသို့ ရောက်ရှိသွားမည်ဖြစ်သည်။

ယခုကာလသည် အရေးပေါ်ကာလသတ်မှတ်ထားချိန်ဖြစ်ပါသည်။ ထိုအချိန်တွင် တိုင်းပြည်အကျိုးမလိုလားသူများ၊ တိုင်းပြည် ပျက်စီးရာပျက်စီးကြောင်း တွေးတောကြံစည်သူများက တိုင်းပြည်၏ ဝန်ထမ်းယန္တရားကြီး ရပ်ဆိုင်းသွားရန် ရည်ရွယ်၍ ဝန်ထမ်းများ အလုပ်မဆင်းကြရန်အတွက် အမျိုးမျိုးသွေးထိုးလှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ ပြုလုပ်နေကြသည်ကို တွေ့မြင်နေရသည်။

သွေးထိုးလှုံ့ဆော်မှုများက လူမှုကွန်ရက်စာမျက်နှာများထက်တွင် မင်းမူနေကြပြီး နိုင်ငံ့ဝန်ထမ်းများ၏ စားဝတ်နေရေး၊ မိသားစုဘဝရပ်တည်ရေးကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ များပြားလှသည့် မဟုတ်မမှန်သတင်းများဖြင့် ဝန်ထမ်းများကို ဆွဲဆောင်သိမ်းသွင်းနေသည်ကိုလည်း မြင်တွေ့ရသည်။ ထို့ပြင် ငြိမ်းချမ်းစွာတာဝန်ထမ်းဆောင်သူများကို စည်းရုံးခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် တာဝန်ကျေပွန်သည့် ဝန်ထမ်းများအား ဆဲရေးတိုင်းထွာခြင်း၊ ကဲ့ရဲ့ပြစ်တင်ခြင်းများဖြင့်လည်း သွေးထိုးလှုံ့ဆော်ပေးလျက်ရှိကြသည်။

**❖ ယခုကာလသည် အရေးပေါ်ကာလသတ်မှတ်ထားချိန် ဖြစ်ပါသည်။ ထိုအချိန်တွင် တိုင်းပြည်အကျိုး မလိုလားသူများ၊ တိုင်းပြည် ပျက်စီးရာပျက်စီးကြောင်း တွေးတောကြံစည်သူများက တိုင်းပြည်၏ ဝန်ထမ်းယန္တရားကြီး ရပ်ဆိုင်းသွားရန် ရည်ရွယ်၍ ဝန်ထမ်းများ အလုပ်မဆင်းကြရန်အတွက် အမျိုးမျိုးသွေးထိုး လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ ပြုလုပ်နေကြသည်ကို တွေ့မြင်နေရ။**

**❖ သွေးထိုးလှုံ့ဆော်မှုများက လူမှုကွန်ရက်စာမျက်နှာများထက်တွင် မင်းမူနေကြပြီး နိုင်ငံ့ဝန်ထမ်းများ၏ စားဝတ်နေရေး၊ မိသားစုဘဝရပ်တည်ရေးကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ များပြားလှသည့် မဟုတ်မမှန်သတင်းများဖြင့် ဝန်ထမ်းများကို ဆွဲဆောင်သိမ်းသွင်းနေသည်ကိုလည်း မြင်တွေ့ရသည်။ ထို့ပြင် ငြိမ်းချမ်းစွာတာဝန်ထမ်းဆောင်သူများကို စည်းရုံးခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် တာဝန်ကျေပွန်သည့်ဝန်ထမ်းများအား ဆဲရေးတိုင်းထွာခြင်း၊ ကဲ့ရဲ့ပြစ်တင်ခြင်းများဖြင့်လည်း သွေးထိုးလှုံ့ဆော်ပေးလျက်ရှိ။**

**နိုင်ငံတော်နှင့် နိုင်ငံ့ဝန်ထမ်းဟူသည် ခွဲခြားမရ**

စင်စစ်အားဖြင့် နိုင်ငံ့ဝန်ထမ်းဟူသည် မည်သည့်နိုင်ငံရေးပါတီနှင့်မျှ သစ္စာနံ့ထားခြင်းမဟုတ်ဘဲ နိုင်ငံကိုအုပ်ချုပ်သည့် အစိုးရတို့၏မူဝါဒအတိုင်း နိုင်ငံနှင့်ပြည်သူတို့၏ အကျိုးစီးပွားအတွက် မိမိတို့ကျရာတာဝန်များကို ထမ်းဆောင်နေကြသူများဖြစ်သည်။ နိုင်ငံတော်နှင့် နိုင်ငံ့ဝန်ထမ်းဟူသည် ခွဲခြားမရဘဲ အေးအတူပူအမျှ ဖြစ်ပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ဆောင်ရွက်နေသော ဝန်ထမ်းများ၏ စိတ်ဓာတ်အင်အားမြင့်မားခြင်းသည် နိုင်ငံအလျင်အမြန်တိုးတက်ခြင်းသို့ ရှေးရှုပြီး နိုင်ငံ့ဝန်ထမ်းများ စိတ်ဓာတ်အင်အားနှင့် စွမ်းဆောင်ရည်တို့ ကျဆင်းလာမည်ဆိုပါက နိုင်ငံတိုးတက်ရေးနှောင့်နှေးစေမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းဦးရေမှာ တစ်သန်းကျော်ရှိရာ နိုင်ငံ့လူဦးရေစုစုပေါင်း ၅၄ သန်း၏ ၁ ဒသမ ၄ ရာခိုင်နှုန်းခန့်သာရှိပါသည်။ နိုင်ငံ့ဝန်ထမ်းများသည် နေရာဒေသအသီးသီးရှိ လုပ်ငန်းဌာနအသီးသီးတွင် မိမိတို့၏ ကာယအား၊ ဉာဏအားတို့ဖြင့် နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်နေကြခြင်းဖြစ်ပါသည်။ ကျွဲကူးရာ ရေပါဆိုသကဲ့သို့ ဝန်ထမ်းတိုင်းတွင် ၎င်းတို့ကို မှီခိုနေကြရသည့် မိသားစုဝင်များစွာ ရှိနေကြသည်။ နိုင်ငံတော်မှဝန်ထမ်းများအတွက် ပေးအပ်ထားသည့်လစာ၊ ခံစားခွင့်များသည် ဝန်ထမ်းများ၏ မိသားစုများအတွက် ဘဝအာမခံချက်များပင်ဖြစ်ပါသည်။

ဝန်ထမ်းတိုင်းသည် မိမိအတွက်၊ မိမိဌာနအတွက်၊ နိုင်ငံနှင့် ပြည်သူအတွက် အကျိုးစီးပွားပျက်စီးစေသည့် အပြုအမူများ၊ လုပ်ရပ်များကို သူတစ်ပါးသွေးထိုးလှုံ့ဆော်မှုကြောင့်ဖြစ်စေ၊ အပေါင်းအသင်းနှင့်အုပ်စုကြောင့် ဖြစ်ပေါ်လာသည့် စိတ်ခံစားမှု တစ်စုံတစ်ရာကြောင့်ဖြစ်စေ ပြုမူမိနေပြီဆိုပါက မိမိကိုယ်ကိုယ် ဝေဖန်ပိုင်းခြားဆန်းစစ်ကြရန် လိုအပ်နေပြီဖြစ်ပါသည်။

တိုင်းပြည်အတွက် အရေးကြီးလှသည့်ကာလတွင် နိုင်ငံ့ဝန်ထမ်းများအား အလုပ်တာဝန်များပျက်ကွက်ရန်၊ အလုပ်မဆင်းကြရန် တိုက်တွန်းနေကြသူအများစုသည် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏ ဘဝရပ်တည်မှုကို အလေးမထားသူများ၊ ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းသဘောသဘာဝကို နားမလည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်နှင့်ဝတ္တရား၊ စည်းမျဉ်းစည်းကမ်းများ၊ ကျင့်ဝတ်များကို မသိကြသူများဖြစ်နေသည်ကိုလည်း မြင်တွေ့ရသည်။ ဝန်ထမ်းအဖွဲ့အစည်းများ ရပ်တန့်ခြင်းဖြင့် နိုင်ငံတော်အစိုးရ၏ ယန္တရားတစ်ခုလုံးရပ်တန့်သွားမည်ဟု ယူဆကာ ရည်ရွယ်ချက်ရှိရှိဖြင့် နိုင်ငံ့ဝန်ထမ်းများအား သွေးထိုးကာ ဖျက်ဆီးခြင်းပင် ဖြစ်ပါသည်။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံနှင့် နိုင်ငံသားများ၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေကြရမည် ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲများမှ ရွေးချယ်တင်မြှောက်လိုက်သည့် အစိုးရနှစ်ဆက် အုပ်ချုပ်ခဲ့သည့်ကာလများတွင်လည်း ယင်းအစိုးရအသီးသီးတို့၏ မူဝါဒများနှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ကြပြီးဖြစ်သည်။ ယခုလက်ရှိ တိုင်းပြည်အရေးပေါ်ကာလ ကျရောက်ချိန်တွင် မိမိတို့၏ ကာယ၊ ဉာဏစွမ်းအားနှင့် ကျွမ်းကျင်မှုတို့ကို အသုံးချကာ နိုင်ငံတော် အမြန်ဆုံးတည်ငြိမ်ဖွံ့ဖြိုးတိုးတက်လာစေရန် မူလထက်ပင် တာဝန်ကို ပိုမိုကျေပွန်အောင် ထမ်းဆောင်ခြင်းကသာ နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦးပီသမည် ဖြစ်ပါသည်။

**နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံနှင့် နိုင်ငံသားများ၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေကြရမည် ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲများမှ ရွေးချယ်တင်မြှောက်လိုက်သည့် အစိုးရနှစ်ဆက် အုပ်ချုပ်ခဲ့သည့်ကာလများတွင်လည်း ယင်းအစိုးရအသီးသီးတို့၏ မူဝါဒများနှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ကြပြီး ဖြစ်သည်။ ယခုလက်ရှိ တိုင်းပြည်အရေးပေါ်ကာလ ကျရောက်ချိန်တွင် မိမိတို့၏ ကာယ၊ ဉာဏစွမ်းအားနှင့် ကျွမ်းကျင်မှုတို့ကို အသုံးချကာ နိုင်ငံတော် အမြန်ဆုံး တည်ငြိမ်ဖွံ့ဖြိုးတိုးတက်လာစေရန် မူလထက်ပင် တာဝန်ကို ပိုမိုကျေပွန်အောင် ထမ်းဆောင်ခြင်းကသာ နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦးပီသမည်ဖြစ်။**

မိမိတို့၏လုပ်အားဖြင့် ရရှိလာသည့် နိုင်ငံ့ဝန်ထမ်းလစာကို မှီခိုရင်း အိမ်တွင်စောင့်မျှော်နေကြမည့် ဇနီး၊ ခင်ပွန်း၊ သားသမီးများ၊ အမိအဖ ဆွေမျိုးများကို စာနာထောက်ထားထည့်သွင်းစဉ်းစားရန် လိုအပ်နေပြီဖြစ်ပါသည်။ မိမိဘဝအတွက် အာမခံချက်အပြည့်အဝရှိပြီး တိုးတက်ရာ တိုးတက်ကြောင်း အခွင့်အလမ်းများ၊ လူမှုဖူလုံရေး အကျိုးခံစားခွင့်များ၊ ရပိုင်ခွင့်၊ ခံစားခွင့်များနှင့်အတူ ဂုဏ်ယူရသည့် မိမိတို့၏နိုင်ငံ့ဝန်ထမ်းဘဝကို အတွေးအခေါ် အယူအဆအမှားများဖြင့် မလဲကြရန် မျှော်လင့်မိပါသည်။

နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူခြင်းကိစ္စရပ်၏ အဓိကရည်ရွယ်ချက်မှာ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲမသမာမှုများ ရှိနေခြင်းကို တာဝန်ယူဖြေရှင်းမှုမရှိခဲ့သဖြင့် နိုင်ငံသားများအားလုံး မျှော်လင့်တောင့်တသည့် ဒီမိုကရေစီလမ်းကြောင်း မချွတ်ချော် မတိမ်းစောင်းစေရန် အဓိကတာဝန်ယူဆောင်ရွက်ခြင်းသာ ဖြစ်ပါသည်။ ထို့အတူ နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်သင့်သည်များကို အဆင့်အလိုက် အမြန်ဆုံး အကောင်အထည်ဖော်နေပြီလည်း ဖြစ်ပါသည်။

သတ်မှတ်ကာလအတွင်း ဆောင်ရွက်ဖွယ်ရာများသည် များပြားလွန်းလှပြီး အဖျက်၊ အမှောင့်များကြောင့် မူလရည်ရွယ်ချက်များပျက်စီးကာ လုပ်ငန်းများ ကြန့်ကြာနှောင့်နှေးနိုင်သည်ဟု ယူဆမိပါသည်။ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူအတွက် သစ္စာစောင့်သိသည့် နိုင်ငံ့ဝန်ထမ်းများအဖြစ် မိမိတို့ကျရာတာဝန်ကို ကျေပွန်အောင်ထမ်းရွက်ခြင်းကသာ အကောင်းမွန်ဆုံးရွေးချယ်မှုဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# ဖေဖော်ဝါရီ ၁၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၉ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၁၀-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၉-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၀-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၉၉၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၃၉) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၆၉,၇၂၀) အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၄၈၇) ဦးရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၅၅) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၂၈,၆၉၂) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၁၈၁) ဦး ရှိပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် “ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)” ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါ ကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## အသိပေးကြေညာခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်တွင်းပြည်ပသို့ ခရီးသွားလာမည့် ပြည်သူများအနေဖြင့် COVID-19 ရောဂါရှိ/ မရှိ စစ်ဆေးခြင်းကို လွယ်ကူစွာ စစ်ဆေးဆောင်ရွက်နိုင်ရန် မင်္ဂလာဒုံမြို့နယ် ပြည်လမ်းမကြီးပေါ်ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Yangon Airport Molecular Lab တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စံလုပ်ထုံးလုပ်နည်းများ (SOP) နှင့်အညီ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ**

## ကိုင်းမြေစိုက်ခရမ်းချဉ်သီး ဈေးအေးသော်လည်း တွက်ခြေကိုက်

**ရေနံချောင်း ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်မှ ထွက်ရှိသော ခရမ်းချဉ်များ ဈေးအေးနေသော်လည်း တွက်ခြေကိုက်ရုံသာရှိကြောင်း တောင်သူအချို့ထံမှ သိရသည်။

“မျိုးစေ့တစ်ထုပ်ကိုဝယ်ယူပြီး ကိုင်းမြေများ ရေသွင်းရေဖျန်းစနစ်နဲ့ စိုက်ပါတယ်။ အရင်းအနှီးကတော့ တစ်ပင်ကို ကျပ် ၂၀၀ ကုန်ကျတယ်။ တစ်ပင် အထွက်နှုန်း နှစ်ပိဿာထွက်ပြီး တစ်ပိဿာ ကျပ် ၄၀၀ အနိမ့်ဆုံးရောင်းရရင် တွက်ခြေကိုက်ပါတယ်”ဟု ဒေသခံတစ်ဦးက ပြောသည်။

ရေနံချောင်းမြို့ ခရမ်းချဉ်ဈေးကွက်မှာ လက်လီတစ်ပိဿာ ကျပ် ၄၀၀ ကနေ ကျပ် ၆၀၀ ပေါက်ဈေးရှိပြီး ဒိုင်ဈေးမှာ လက်လီဈေးထက် ဈေးအနည်းငယ်ကွာဟကြောင်း သိရသည်။ **ဆန်းညွန့်(ရေနံချောင်း)**



## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း၊ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်းနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်နှင့် မှော်ဘီမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့များရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက် စုစုပေါင်း ငါးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်နှင့် မှော်ဘီမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၊ ကေတုမတီမြို့သစ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ၄၃ ကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား နေ့ဆွမ်းများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့၊ ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၊ ကေတုမတီမြို့သစ်တို့၌ တပ်မတော်မှ ဆေးအဖွဲ့များက ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ တပ်မတော် ထောက်ခံပွဲပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် မြန်မာ့တပ်မတော်အား ထောက်ခံပွဲကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် အင်အား ၂၆၀၀ ခန့်ဖြင့် လည်းကောင်း၊ စဉ့်ကိုင်မြို့တွင် အင်အား ၁၄၀၀ ခန့်ဖြင့် လည်းကောင်း၊ မြစ်သားမြို့တွင် အင်အား ၁၆၀၀ ခန့်ဖြင့် လည်းကောင်း၊ သာစည်မြို့တွင် အင်အား ၂၅၀၀ ခန့်ဖြင့် လည်းကောင်း၊ နွားထိုးကြီးမြို့တွင် အင်အား ၃၀၀၀ ခန့်ဖြင့် လည်းကောင်း၊ ငါန်းဇွန်မြို့တွင် အင်အား ၅၀၀၀ ဦးဖြင့် လည်းကောင်း၊ မတ္တရာမြို့တွင် အင်အား ၃၅၀၀ ဦးဖြင့် လည်းကောင်း၊ ရမည်းသင်းမြို့တွင် အင်အား ၅၅၀ ဦးဖြင့် လည်းကောင်း၊ ပျော်ဘွယ်မြို့တွင် အင်အား ၉၂၅ ဦးခန့်ဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ် အမ်းမြို့တွင် အင်အား ၁၀၀၀ ခန့်ဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့တွင် အင်အား ၄၇၀ ခန့်ဖြင့် လည်းကောင်း၊ ကျောက်ကြီးမြို့တွင် အင်အား ၇၅၀ ခန့်ဖြင့် လည်းကောင်း၊ ရေနီမြို့တွင် အင်အား ၅၀၀ ခန့်ဖြင့် လည်းကောင်း၊ အုတ်ဖိုမြို့တွင် အင်အား ၅၀၀ ခန့်ဖြင့် လည်းကောင်း၊ လက်ပံတန်းမြို့တွင် အင်အား ၂၀၀၀ ခန့်ဖြင့် လည်းကောင်း၊ ကျောက်တံခါးမြို့တွင် အင်အား ၁၅၀၀ ခန့်ဖြင့် လည်းကောင်း အသီးသီးဆန္ဒထုတ်ဖော်ခဲ့ကြပြီး ဆန္ဒဖော်ထုတ်ရာတွင် အမျိုးဘာသာ သာသနာကို စောင့်ရှောက်သော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ ပြည်သူတို့၏အကျိုးကို အမှန်ဖော်ဆောင်မည့် တပ်မတော်အား ထောက်ခံပါသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအား ကာကွယ်သော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်။ စစ်မှန်သောဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်မည့် တပ်မတော်အား ထောက်ခံပါသည်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ထောက်ခံပါသည်၊ ဥပဒေနှင့်အညီ အသစ်ဖွဲ့စည်းထားသည့် UEC အား ကြိုဆိုပါသည်၊ ထာဝရငြိမ်းချမ်းရေးအတွက် တပ်မတော်နှင့် တိုင်းရင်းသားအားလုံး ညီညွတ်စွာပူးပေါင်းဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး စာသားပါ ဆိုင်းဘုတ်များအား ကိုင်ဆောင်ကြွေးကြော်ခဲ့ကြသည်။

အများပြည်သူများအနေဖြင့် တပ်မတော်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ မဲမသမာမှုဖြစ်စဉ်များအပေါ် ရွေးကောက်ပွဲကော်မရှင်တစ်ရပ်အား ဖွဲ့စည်းကာ စိစစ်နိုင်ရေး ဆောင်ရွက်နေမှုများကို အများပြည်သူများက ထောက်ခံသည့် ဆန္ဒဖော်ထုတ်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



☆ **ကျောဖုံးမှ**

ထန်းလျက်ချက်ဖိုပြင်ဆင်ခြင်းလုပ်ငန်းများ ကြိုတင်လုပ်ဆောင်နေကြောင်းလည်း သိရသည်။ ညောင်ဦးမြို့နယ်နှင့် ငါ့သရောက်မြို့တို့သည် ထန်းတောင်သူအများစု ကျန်ရှိနေသေးသည့်မြို့များဖြစ်ပြီး အချို့ကျေးရွာများသည် တစ်ရွာလုံး ထန်းတက်လုပ်ငန်းလုပ်ကိုင်ကြသည့် ကျေးရွာများရှိနေသေးကာ အချို့ကျေးရွာများမှာ ထန်းတက်လုပ်ငန်းစွန့်လွှတ်ကာ ရေကြည်ရာ၊ မြက်နုရာသို့ထွက်ခွာအလုပ်သွားလုပ်ကြကြောင်း သိရသည်။

ထန်းတက်လုပ်ငန်းသည် ထန်းသမားတစ်မိသားစုလုံး ပင်ပန်းသည့်လုပ်ငန်းဖြစ်ကာ အိမ်ရှိလူကုန် နံနက်ပိုင်းမှ စတင်ပြီး ညနေမိုးချုပ်သည်အထိ ပင်ပင်ပန်းပန်း လုပ်ကိုင်ရသည့်လုပ်ငန်းဖြစ်ကြောင်း၊ နံနက် မိုးမလင်းမီမှစတင်ကာ ထန်းတက်လုပ်ငန်းလုပ်ရကြောင်း၊ ထန်းရည်များ အချိန်မီ ချက်လုပ်နိုင်ရန် မိုးဖြဲဒယ်ဖြင့် ထန်းလျက်ချက်ဖိုပေါ်တင်ကာ အဆက်မပြတ်မီးထိုးရကြောင်း၊ ထန်းလျက်ချက်ပြီးချိန် ညနေထန်းပြန်တက်ရန် ပြင်ဆင်ရပြန်ကြောင်း၊ နားဖို့ပင် အချိန်မရှိဘဲ မနားမနေလုပ်ကိုင်ရသည့် ထန်းတက်လုပ်ငန်းဖြစ်ကာ ထန်းလျက်ပေါ်ဦးပေါ်စတွင် တစ်ပိဿာ ကျပ် ၁၅၀၀ ရောင်းချရပြီး ထန်းလျက်လှိုင်လှိုင်ပေါ်ချိန်တွင် ကျပ် ၁၀၀၀ အထိ ဈေးနှုန်းကျဆင်းလာကြောင်း ထန်းတောင်သူများက ပြောသည်။

ထန်းတောင်သူများ ထန်းတက်လုပ်ငန်း စတင်ဝင်ရောက်ရန် အရင်းအနှီးအဖြစ် ထန်းဆွဲမြူအိုးကြိုး၊ ထန်းဆွဲအိုး၊ ဝါး၊ လှေကားဆန်လုပ်ရန်သစ်၊ ထန်းလျက်ချက်ဖိုအတွက် မြေနီ၊ မြေစေး၊ ကောက်ရိုး၊ သတ္တုဒယ်ကြီး၊ ချက်ပြီးသားထန်းလျက် ထည့်ရန် ထန်းလင်ပန်း၊ ထန်းလက်ကပ်စသည်တို့ကို ထန်းတက်လုပ်ငန်းမဝင်ခင် ကြိုတင်စီစဉ်စုဆောင်းထားရကြောင်း ပိုင်ထန် တဲပိုင်ရှင် ဦးမောင်ဆန်းက ပြောသည်။

ထန်းပင်ပြင်ခ ထန်းသမားတစ်ဦး ကျပ် ၁၅၀၀၊ ကျွမ်းကျင်သည့်ထန်းသမားတစ်ဦး ထန်းပင်ပြင်လျှင် တစ်နေ့ ထန်းခုနစ်ပင်ပြီးကြောင်း၊ တစ်ရက် ထန်းပင် ၅၀ မှ ၅၅ ပင်အထိ ထန်းတက်ထန်းလှီးနိုင်ကြောင်း၊ ထန်းတစ်ပင်လျှင် တစ်လ ထန်းရွက်တစ်ရွက်သာထွက်ပြီး တစ်နှစ်မှ ထန်းရွက် ၁၂ ရွက်သာထွက်ရှိကြောင်း သိရသည်။ ထန်းပင်အမြင့် တစ်နှစ်ပတ်လုံးမှ ကြက်မတစ်ဝပ်စာသာတက်ကြောင်း၊ ထန်းလျက်လှိုင်လှိုင်ပေါ်ချိန်တွင် ထန်းလျက်ဈေးကောင်းရရန် ထန်းတောင်သူများ မျှော်လင့်နေကြောင်း ငါ့သရောက်မြို့ ဆင်သားမွေးကျေးရွာမှ ဦးမြင့်ကျော်က ပြောသည်။ **ကိုထိန်၊ KPD**

# ပြည်နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရေး ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ကုမ္ပဏီလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး



**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၀**
ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကချင်ပြည်နယ်အတွင်း ပြည်ထောင်စုဘဏ္ဍာ/ ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် လျာထားဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် ကုမ္ပဏီ ၁၁၄ ခုမှ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ယခင်ရက်များက စိုးရိမ်ပူပန်မှုများရှိခဲ့သည်ကို မိမိတို့အနေဖြင့် နားလည်သဘောပေါက်ပါကြောင်း၊ ယနေ့ မိမိတို့ပြည်နယ်ကောင်စီအနေဖြင့် ယခင်အုပ်ချုပ်ရေးပုံစံ၊ ယခင်စီးပွားရေးမူအတိုင်း မပြောင်းလဲဘဲ ယခင်အစိုးရလုပ်ခဲ့သည့်လုပ်ငန်းများအားလုံးကို တင်ဒါလုပ်ထုံးလုပ်နည်းနှင့်အညီ စာချုပ်ပါအတိုင်း တိတိကျကျ အမြန်ဆုံး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဒေသစီးပွားရေးနှင့် ကုန်စည်စီးဆင်းမှုကိုလည်း လုံးဝမရပ်ဆိုင်းဘဲ ပုံမှန်အတိုင်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့ တစ်ကမ္ဘာလုံးရင်ဆိုင်နေရသည့် ကိုဗစ် - ၁၉ ကပ်ရောဂါကိုလည်း ဆက်လက် ကာကွယ်၊ ထိန်းချုပ်သွားမည်ဖြစ်ပါကြောင်း၊ ဘာသာရေးလုပ်ငန်းများကိုလည်း ကိုဗစ်-၁၉ ကာကွယ်ရေးညွှန်ကြားချက်များနှင့်အညီ ပြန်လည်ပြုလုပ်ခွင့်ပေးမည်ဖြစ်ကြောင်း၊ ဒါ့အပြင် မိမိတို့ပြည်နယ်တွင် အခံစားရဆုံးဟု ပြောနိုင်သည့် နေရပ်စွန့်ခွာပြည်သူများကိုလည်း ၎င်းတို့၏ နေရပ်သို့ ပြန်လည်အခြေချနေထိုင်ရေးကို အမြန်ဆုံးဆောင်ရွက်သွားမည်ဟု ပြောလိုပါကြောင်း၊ မိမိတို့တိုင်းပြည်၊ မိမိတို့ ပြည်နယ်သူ ပြည်နယ်သားများ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် အားလုံးက ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ကုမ္ပဏီလုပ်ငန်းရှင်များကို နှုတ်ခွန်းဆက်စကားများပြောကြားကြပြီး ကုမ္ပဏီလုပ်ငန်းရှင်များက လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရမှုများနှင့်ပတ်သက်၍ တင်ဒါစည်းမျဉ်းစည်းကမ်းများတွင် ဖြေလျှော့ပေးရန်ကိစ္စရပ်များ၊ လုပ်ငန်းပြီးစီးမှုအလိုက် ငွေထုတ်ယူရာတွင် ကြုံတွေ့ရသည့် နှောင့်နှေးကြန့်ကြာမှုများ ဖြေရှင်းဆောင်ရွက်ပေးရေးတို့ကို တင်ပြကြရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်နယ်ကောင်စီအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးမှုများအပေါ် ပြည်နယ်ကောင်စီဥက္ကဋ္ဌက ဖြေလျှော့ပေးရေးကိစ္စရပ်များ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

ဆက်လက်၍ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအပြီးတွင် ပြည်နယ်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ပြည်ထောင်စုဘဏ္ဍာ/ ပြည်နယ်ဘဏ္ဍာဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုမ္ပဏီလုပ်ငန်းရှင်များ၏ တင်ပြချက်အပေါ် တင်ဒါလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအတိုင်း ဖြေလျှော့ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

■



## တည်ဆောက်ရေးလုပ်ငန်းများ အရှိန်မဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁၀**
ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း ဦးဆောင်၍ ယနေ့ မွန်းလွဲ ၂ နာရီခွဲက ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပဲခူးတိုင်းဒေသကြီး၏ တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ဥပဒေနှင့်အညီသာ ဝင်ရောက်ထိန်းသိမ်းပေးခြင်းဖြစ်ကြောင်း၊ အရေးပေါ်ကာလ စတင်ကြေညာသည့်အချိန်မှစ၍ စီမံအုပ်ချုပ်ရေးကောင်စီအဆင့်ဆင့်ကို ဖွဲ့စည်းပြီး နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ဒီမိုကရေစီလမ်းစဉ်အတိုင်း စုပေါင်းဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့၏ တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အရေးပေါ်ကာလ တစ်နှစ်အတွင်း အရှိန်အဟုန်မပြတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအလိုက် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆောက်လုပ်ဆဲလုပ်ငန်းများ လုပ်ဆောင်နေသည်များရှိပြီး ဆက်လက်၍ စည်းကမ်းနှင့်အညီသာ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ဆောင်ရွက်ဆဲ တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းစဉ်များအား အသေးစိတ်ရှင်းလင်းတင်ပြခဲ့ရာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း၊ ကောင်စီဝင် ဗိုလ်မှူးကြီးလှမျိုးရွှေ၊ အတွင်းရေးမှူး ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

## နတ်မောက်မြို့၌ မြင်းလှည်း အစီး ၆၀ ကျော်ဖြင့် ခရီးသည်များ သယ်ယူပို့ဆောင်ပေးလျက်ရှိ

**နတ်မောက် ဖေဖော်ဝါရီ ၁၀**
နတ်မောက်မြို့ပေါ်၌ မြန်မာ့ရိုးရာမြင်းလှည်းယာဉ်အစီးပေါင်း ၆၀ ခန့် ပုံမှန်ပြေးဆွဲလျက်ရှိကာ ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၃၀၀ ဖြင့် နေ့စဉ်ပုံမှန်ပြေးဆွဲလျက်ရှိသည်။ မြင်းလှည်းပိုင်ရှင်များ တစ်နေ့ဝင်ငွေ ကျပ် ၅၀၀၀ မှ ၇၀၀၀ ခန့် ပုံမှန်ရရှိပြီး မိသားစု နေ့စဉ်စားဝတ်နေရေး တစ်နိုင်ထိန်းပေးကြောင်း မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ရှိ မြင်းလှည်းပိုင်ရှင်များထံမှ သိရသည်။

"ကျွန်တော်တို့ နတ်မောက်မြို့မှာ မြင်းလှည်းအစီး ၆၀ ကျော်လောက်ရှိပါတယ်။ မကွေးမြို့မှာ မြင်းလှည်းအစီး ၃၀၀ ကျော်ရှိခဲ့ပြီး ဒီနေ့ မြင်းလှည်းရှားသလောက်ရှိလာပြီ။ ကျောက်ပန်းတောင်းလည်း သိပ်မရှိတော့ဘူး။ မင်းဘူးမြို့မှာလည်းသိပ်မရှိတော့ဘူး။ မကွေးတိုင်းမှာ မြင်းလှည်းမြို့တော်အဖြစ် နတ်မောက်မြို့ပဲရှိတော့တာ။ မြင်းလှည်းစျေးက တစ်စီး ကျပ် ၁၀ သိန်းကျော် ၁၅ သိန်းလောက်ရှိတယ်။ သုံးဘီးဆိုင်ကယ်တွေရှိပေမယ့် ကျွန်တော်တို့ နတ်မောက်က စျေးရောင်းစျေးဝယ်မှာ မြင်းလှည်းပဲအသုံးများတယ်။ တောင်တွင်းကြီးမြို့မှာလည်း မြင်းလှည်းအသုံးများကြတယ်။ နတ်မောက်လိုပဲ။ ဒါပေမယ့် နတ်မောက်ကိုမမီသေးဘူး။ ခရီးသည်တစ်ဦး ကျပ် ၃၀၀ အနည်းဆုံးပဲ"ဟု မြင်းလှည်းပိုင်ရှင် ကိုကျော်ဦးက ပြောသည်။

နတ်မောက်မြို့နယ် တံခွန်တိုင်၊ အင်းကုန်း၊ လေးအိမ်၊ ရွာမွန်ကျေးရွာများတွင် နွားမွေးမြူရေးသာမက မြင်းများလည်း မွေးမြူထားကြသည်ဟု သိရသည်။

ခေတ်မီသုံးဘီးဆိုင်ကယ်များရှိသော်လည်း စျေးလိုက်စျေးပြန်များသာမက မြို့တွင်းခရီးသည်များ မြို့နှင့်နီးသော ကျေးရွာများတွင် ရှေးမြန်မာ့ရိုးရာမြင်းလှည်းများကိုသာ သုံးစွဲမှုမြင့်တက်ဆဲဖြစ်ကြောင်း သိရသည်။ **မကွေးဝင်းမောင်**





## သုံးခွမြို့နယ်၌ ပဲတီစိမ်းအသစ်များ စျေးကွက်ဝင်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ရှိ ပဲစျေးကွက်အတွင်းသို့ ပဲတီစိမ်းအသစ်များ စတင်ဝင်ရောက်လျက်ရှိရာ တစ်တင်း (ပိဿာ ၂၀) လျှင် ယနေ့နံနက် ၁၀ နာရီ ပေါက်စျေးမှာ ကျပ် ၄၃၅၀၀ ဖြစ်ကြောင်း သုံးခွမြို့ အမှတ်(၄) ရပ်ကွက်ရှိ Bright Light ပဲမျိုးစုံရောင်းဝယ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စျေးကွက်အတွင်း စတင်ဝင်ရောက်ခါစဖြစ်သည့်အတွက် စျေးနှုန်းတည်ငြိမ်မှုမရှိသေးကြောင်း၊ လှိုင်လှိုင်ပေါ်ပါက စျေးနှုန်းအပြောင်းအလဲရှိနိုင်ကြောင်းနှင့် အထွက်နှုန်းကောင်း၍ ပေါက်စျေးပိုမိုမြင့်မားပါက တောင်သူများ ပို၍တွက်ခြေကိုက်ကြောင်း သိရသည်။ သုံးခွမြို့နယ်တွင် မိုးစပါးနှင့် သီးထပ်အဖြစ် ဆောင်းသီးနှံ ပဲတီစိမ်းရွှေဝါနှင့် ရေဆင်းအမျိုးအစားတို့ကို အဓိက စိုက်ပျိုးကြသည်။ ပဲတီစိမ်းမှာ စိုက်ပျိုးပြီး နှစ်လခွဲအကြာတွင် ဆွတ်ခူးရရှိနိုင်ကြောင်း သိရသည်။

ပဲတီစိမ်းကို နိုဝင်ဘာလ ဒုတိယပတ်တွင် စတင်ထွန်ယက်စိုက်ပျိုးကြ၍ တောင်သူတစ်ဦးနှင့်တစ်ဦး စိုက်ပျိုးသည့်အချိန် ကွာခြားမှုကြောင့် ပဲထွက်ချိန်ကွာခြားမှုရှိနိုင်ပြီး ဖေဖော်ဝါရီလလယ်တွင် လှိုင်လှိုင်ပေါ်မည်ဟု သိရသည်။ ပဲတီစိမ်းမှာ တစ်နေရာနှင့်တစ်နေရာ အထွက်နှုန်းကွာခြားမှုရှိနိုင်ပြီး မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးမှု၊ စိုက်ပျိုးသည့်မြေအမျိုးအစား ကောင်းမွန်မှု၊ ရာသီဥတုအခြေအနေ၊ ပိုးမွှားကျရောက်မှု၊ ပြုစုပျိုးထောင်ပုံနည်းစနစ်မှန်ကန်မှုတို့အပေါ်တွင် မူတည်၍ တစ်ဧကတင်း ၂၀ ကျော် ထွက်ရှိနိုင်ကြောင်း သိရသည်။

သုံးခွမြို့နယ်တွင် ၂၀၂၀-၂၀၂၁ စိုက်ပျိုးရာသီ၌ ဆောင်းသီးနှံပဲတီစိမ်း ၁၃၀၁၈၃ ဧကစိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးတင်မြင့်အောင်က ပြောသည်။

**ကိုကျော်(သုံးခွ)**

# ပီရူးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု စတင်

**လီမာ ဖေဖော်ဝါရီ ၁၀**

ပီရူးအစိုးရသည် တရုတ်နိုင်ငံထုတ် Sinopharm ကာကွယ်ဆေးအလုံးရေ ၃၀၀၀၀၀ လက်ခံရရှိခဲ့ပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ယနေ့မှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ပီရူးအစိုးရသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု စတင်ဆောင်ရွက်ရာတွင် မြို့တော်လီမာရှိ ဆေးရုံများမှ ကျန်းမာရေးဝန်ထမ်းများကို ပထမဦးစားပေးအနေဖြင့် ထိုးနှံပေးခဲ့သည်။ ထို့အပြင် တပ်မတော်လေယာဉ်များသည် လီမာမြို့မှ အရှေ့မြောက်ဘက် ကီလိုမီတာ ၃၅၀ ခန့်အကွာ ဟွာနူကိုဒေသကဲ့သို့သော ရောဂါအဆိုးရွားဆုံး ထိခိုက်လျက်ရှိသည့် ဒေသများသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးရန် လီမာမြို့မှ ယနေ့ ထွက်ခွာသွားသည်။

ပီးရူးနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၃၈ သန်းနှင့် အမေရိကန်နှင့် ဂျာမန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် BioNTech ထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ သန်း ၂၀ ဝယ်ယူရန် သဘောတူခဲ့ပြီးဖြစ်ရာ တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၇၀၀၀၀၀ ခန့်ကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ထပ်မံလက်ခံရရှိမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် အောက်စဖို့ဒ် တက္ကသိုလ်ထုတ် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၄ သန်းနှင့် COVAX အစီအစဉ်မှ ကိုဗစ်ကာကွယ်ဆေးအလုံးရေ ၁၃ ဒသမ ၂ သန်း ရရှိရန်လည်း စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ပီရူးအစိုးရသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမည့်အချိန်ကို အတိအကျထုတ်ပြန်ကြေညာခြင်းမရှိသေးသော်လည်း ပြည်သူ ၂၆ သန်းကို ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်ထားသည်။ ပီရူးသမ္မတ ဖရန်စစ္စကိုဆာဂါ့စ်တီးသည် ယနေ့အစောပိုင်းက လီမာပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူခဲ့သည်။ "ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူဖို့ ကြောက်စရာမလိုပါဘူး၊ နိုင်ငံသားတိုင်းဟာ ဒီနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရရှိကြမှာပါ"ဟု သမ္မတက ပြောကြားသည်။

လူဦးရေ ၃၃ သန်းခန့်နေထိုင်သည့် ပီရူးနိုင်ငံတွင် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁ ဒသမ ၂ သန်းခန့်ရှိပြီး ယင်းတို့အနက် ၄၂၀၀၀ ကျော်သည် ထိုရောဂါကြောင့် သေဆုံးခဲ့ကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

ကိုးကား - အေအက်ဖ်ပီ
ဘာသာပြန် - ဂျေတီ

# အာဂျင်တီးနားနိုင်ငံ၌ အိန္ဒိယနိုင်ငံထုတ် Covishield ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသုံးစွဲရန်အတည်ပြု

**အာဂျင်တီးနား ဖေဖော်ဝါရီ ၁၀**

အာဂျင်တီးနားနိုင်ငံက အိန္ဒိယနိုင်ငံထုတ် Covishield ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် အတည်ပြုခဲ့ကြောင်း ကြေညာလိုက်သည်။ အိန္ဒိယနိုင်ငံထုတ် Covishield ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ယမန်နှစ် ဒီဇင်ဘာလက နိုင်ငံအတွင်း အရေးပေါ်သုံးရန် အတည်ပြုထားသည့် အောက်စဖို့ဒ်တက္ကသိုလ်နှင့် ဗြိတိန်-ဆွီဒင် ဆေးဝါးကုမ္ပဏီထုတ် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများနည်းတူ မရှိမဖြစ်လိုအပ်သော ကာကွယ်ဆေးဖြစ်ကြောင်း အာဂျင်တီးနားအစိုးရက ပြောကြားသည်။

အာဂျင်တီးနားအစိုးရသည် ရုရှားထံမှ Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၈၂၀၀၀၀ ခန့် လက်ခံရရှိခဲ့ပြီးဖြစ်ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ယင်းကာကွယ်ဆေးတစ်မျိုးတည်းဖြင့် ယမန်နှစ် ဒီဇင်ဘာ ၂၉ ရက်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လူဦးရေ ၄၄ သန်းခန့်နေထိုင်သည့် အာဂျင်တီးနားနိုင်ငံတွင် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း နှစ်သန်းနီးပါးရှိပြီး ၎င်းတို့အနက် ၄၉၀၀၀ ကျော်သည် ထိုရောဂါဖြင့် သေဆုံးခဲ့ကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ဂျေတီ







# တောင်ကိုရီးယားနိုင်ငံက အရွယ်ရောက်ပြည်သူများအတွက် AstraZeneca ကာကွယ်ဆေးအသုံးပြုခွင့် အတည်ပြု

**ဆိုးလ် ဖေဖော်ဝါရီ ၁၀**

တောင်ကိုရီးယား ဆေးဝါးကွပ်ကဲရေးအေဂျင်စီက အသက် ၆၅ နှစ်အထက် သက်ကြီးပြည်သူများ အပါအဝင် အရွယ်ရောက်ပြည်သူများအတွက် ထိရောက်မှုနှင့် ပတ်သက်၍ အငြင်းပွားမှုများရှိနေသည့် AstraZeneca ကာကွယ်ဆေး အသုံးပြုခွင့် ယနေ့ အတည်ပြုလိုက်ပြီဖြစ်သည်။

အသက် ၁၈ နှစ်အထက် အရွယ်ရောက်သူများအတွက် အဆင့် ၃ လက်တွေ့စမ်းသပ်မှုဆိုင်ရာ အချက်အလက်များ တင်ပြထားဆဲဖြစ်သော်လည်း နှစ်ကြိမ်ထိုးနှံရမည့် AstraZeneca ကာကွယ်ဆေးကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဝန်ကြီးဌာနက အတည်ပြုခဲ့ခြင်းဖြစ်သည်။

အသက် ၆၅ နှစ်အထက် ပြည်သူများအတွက် ကာကွယ်ဆေးထိုးနှံမှုက အန္တရာယ်ရှိနိုင်ကြောင်း ဝန်ကြီးဌာနက သတိပေးခဲ့သည်။ သက်ကြီးရွယ်အိုများကို ကာကွယ်ဆေးထိုးနှံရာတွင် ထိရောက်မှုဆိုင်ရာ အချက်အလက်မရှိခြင်းကြောင့် ၎င်းတို့အတွက် AstraZeneca ကာကွယ်ဆေးအသုံးပြုမှုနှင့်ပတ်သက်၍ ကမ္ဘာတစ်ဝန်း အခြေအတင်အငြင်းပွားမှုများ မြင့်တက်ခဲ့သည်။

AstraZeneca ကုမ္ပဏီက ဖေဖော်ဝါရီ ၂၄ ရက်မှစ၍ တောင်ကိုရီးယားနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ်ပို့ဆောင်မှု စတင်မည်ဖြစ်သည်။

ကိုးကား-ဘနားမား
ဘာသာပြန်-ကျော်ထိုက်စိုး

# တောင်အာဖရိကနိုင်ငံ၌ Johnson & Johnson ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အသုံးပြုသွားမည်

**ဂျိုဟန်နစ္စဘတ်ဂ် ဖေဖော်ဝါရီ ၁၀**

တောင်အာဖရိကနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် Johnson & Johnson ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးပြုသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါကာကွယ်ဆေးသည် နိုင်ငံအတွင်းသို့ လာမည့်ရက်သတ္တပတ်အတွင်း ရောက်ရှိမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဇွာလီမက်ဟီဇ်က ယနေ့ပြောကြားခဲ့သည်။

တောင်အာဖရိကနိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် AstraZeneca ကာကွယ်ဆေးကို အသုံးပြုမည်မဟုတ်ဘဲ Johnson & Johnson ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးပြုသွားမည်ဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများအား ဦးစားပေးထိုးနှံပေးသွားမည်ဖြစ်သည်။

AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် နိုင်ငံတွင်း ကူးစက်ပျံ့နှံ့လျက်ရှိသည့် ဗီဇပြောင်းဗိုင်းရပ်စ်ကို ထိရောက်စွာ ကာကွယ်နိုင်စွမ်းမရှိသည်ကို တွေ့ရှိခဲ့ပြီးနောက် ကျန်းမာရေးဝန်ကြီး ဇွာလီမက်ဟီဇ်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။


Johnson & Johnson ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် တောင်အာဖရိက ဗီဇပြောင်းဗိုင်းရပ်စ်ကို ထိရောက်စွာ ကာကွယ်နိုင်စွမ်းရှိကြောင်းနှင့် ကျန်းမာရေးအာဏာပိုင်များက အဆိုပါကာကွယ်ဆေးကို သုံးစွဲခွင့်ပြုရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီး ဇွာလီမက်ဟီဇ်က ဆက်လက်ပြောကြားခဲ့သည်။

တောင်အာဖရိကနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထပ်မံဝယ်ယူရန် တရုတ်နှင့် ရုရှားနိုင်ငံများမှ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများနှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း ၎င်းက ဆိုသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

# ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးပြုသွားမည်

**ဗန်ကောက် ဖေဖော်ဝါရီ ၁၀**




ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်တွင် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးပြုသွားမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်တွင် နိုင်ငံ၏အရွယ်ရောက်ပြီးသူ လူဦးရေ သုံးပုံနှစ်ပုံအား ကာကွယ်ဆေးထိုးနှံပေးရန် ရည်ရွယ်ထားသည်။

ထိုင်းဆေးဘက်ဆိုင်ရာ အာဏာပိုင်များက တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ယခုလနှောင်းပိုင်းတွင် နိုင်ငံတွင်းသုံးစွဲရန် အတည်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

Sinovac ကာကွယ်ဆေး ပထမသုတ်ကို ဖေဖော်ဝါရီနှင့် ဧပြီလအကြားတွင် ထိုင်းနိုင်ငံသို့ ပေးပို့မည်ဖြစ်ကြောင်း ထိုင်းဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီး အာနူတင် ချာဗီရာကူလ်က ဖေဖော်ဝါရီ ၈ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်အရ ကျန်းမာရေးဝန်ထမ်းများ၊ သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါသည်များအား ပထမဦးစားပေးအဖြစ် ကာကွယ်ဆေးများ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ထိုင်းရောဂါထိန်းချုပ်ရေးဌာန ညွှန်ကြားရေးမှူးချုပ် အိုပါစ်ကန်ကာဝန်ဖောင်က ဆိုသည်။

ထို့ပြင် ယခုနှစ်နှောင်းပိုင်းတွင် AstraZeneca ကာကွယ်ဆေးပထမသုတ်ကို ဥရောပနိုင်ငံများမှ ထိုင်းနိုင်ငံသို့ ပေးပို့မည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် အိုပါစ်ကန်ကာဝန်ဖောင်က ဆက်လက်ပြောကြားခဲ့သည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

# ဥရောပအလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသရှိ နိုင်ငံများသို့ တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အထောက်အပံ့ပေးမည်ဟု တရုတ်သမ္မတ ရှီကျင့်ဖျင် ပြောကြား

**ပေကျင်း ဖေဖော်ဝါရီ ၁၀**

တရုတ်နိုင်ငံသည် ဥရောပအလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသရှိ နိုင်ငံများသို့ တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ အထောက်အပံ့ပေးမည်ဖြစ်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင်သည် ဟန်ဂေရီနှင့် ပိုလန်အပါအဝင် ဥရောပအလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသတွင်း နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ခေါင်းဆောင်များနှင့် ဖေဖော်ဝါရီ ၉ ရက်တွင် အွန်လိုင်းမှတစ်ဆင့် အစည်းအဝေး တစ်ရပ်ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟန်ဂေရီနိုင်ငံနှင့် တရုတ်ဆေးဝါးကုမ္ပဏီများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆားဘီးယားနိုင်ငံသည်လည်း တရုတ်နိုင်ငံ၏ ဆေးဝါးကုမ္ပဏီတစ်ခုမှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ တစ်သန်းကို လက်ခံရရှိထားပြီးဖြစ်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ပြောကြားချက်ကို တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် ဥရောပအလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသတွင်းရှိ အခြားသောအစိုးရများနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတ ရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမ အစီအစဉ်မှတစ်ဆင့် ဥရောပအလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသရှိ နိုင်ငံများနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**




## ကာဂျစ္စတန်နိုင်ငံက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို မတ် ၁ ရက်တွင် စတင်မည်

**ဘစ်ရှ်ကတ် ဖေဖော်ဝါရီ ၁၀**

ကာဂျစ္စတန်နိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို မတ် ၁ ရက်တွင် စတင်မည်ဖြစ်ကြောင်း ကာဂျစ္စတန်နိုင်ငံ၏ ကျန်းမာရေးဝန်ကြီး ဘေရှီနာလီယက်ဗ်က ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြောကြားခဲ့သည်။

COVAX ကာကွယ်ဆေးအစီအစဉ်အရ ဖေဖော်ဝါရီလနောက်ပိုင်းတွင် ကာဂျစ္စတန်နိုင်ငံသို့ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၅၀၄၀၀၀ ရောက်ရှိမည်ဖြစ်ကြောင်း ကာဂျစ္စတန်နိုင်ငံ ကျန်းမာရေးဝန်ကြီး၏ ပြောကြားချက်ကို နိုင်ငံပိုင်အသံလွှင့်ဌာနက သတင်းဖော်ပြခဲ့သည်။

ကာဂျစ္စတန်နိုင်ငံအနေဖြင့် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရန်အလို့ငှာ နိုင်ငံလူဦးရေ၏ အနည်းဆုံး ၇၀-၈၀ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် လိုအပ်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဘေရှီနာလီယက်ဗ်က ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အရ ဆရာဝန်များ၊ ကျောင်းဆရာ ဆရာမများနှင့် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များကို ပထမဆုံးထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ဝယ်ယူရန်အတွက် ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီး ဘေရှီနာလီယက်ဗ်က ပြောကြားခဲ့သည်။

မိမိတို့အနေဖြင့် ရုရှားနိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ငါးသိန်းကို ဝယ်ယူရန် မှာယူထားပြီးဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိရေးအတွက်လည်း ကာဂျစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီး ဘေရှီနာလီယက်ဗ်က ဆက်လက်ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



## တောင်ကိုရီးယားနိုင်ငံ၏ အလုပ်လက်မဲ့နှုန်း ၂၂ နှစ်အတွင်း သိသိသာသာမြင့်တက်

**ဆိုးလ် ဖေဖော်ဝါရီ ၁၀**

တောင်ကိုရီးယားနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ၂၂ နှစ်အတွင်း သိသိသာသာ မြင့်တက်မှုရှိခဲ့ကြောင်း စစ်တမ်းတစ်ရပ်အရ သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် အလုပ်လက်မဲ့နှုန်းများ မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီလအတွင်း အလုပ်လက်မဲ့နှုန်းသည် ၅ ဒသမ ၄ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး အဆိုပါအရေအတွက်သည် ၁၉၉၉ ခုနှစ်ကစပြီး အမြင့်မားဆုံးဖြစ်ကြောင်း သိရသည်။ အဆိုပါလအတွင်း အလုပ်အကိုင်ရရှိမှုအရေအတွက်သည် ၂၀၂၀ ပြည့်နှစ်နှင့်နှိုင်းယှဉ်ပါက အလုပ်အကိုင်ရရှိသူဦးရေ ၉၈၂၀၀၀ သာရှိခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကူးစက်ပျံ့နှံ့မှုကို ကာကွယ်ထိန်းချုပ်ရန် ချမှတ်ထားသည့် စည်းမျဉ်းများကြောင့် အလုပ်လက်မဲ့နှုန်းများ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အလုပ်အကိုင်ဆုံးရှုံးမှုပမာဏ အများဆုံးရင်ဆိုင်ရသည့် လုပ်ငန်းများတွင် ကုန်စည်လက်လီဖြန့်ချိရေးလုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်းနှင့် စားသောက်ဆိုင်လုပ်ငန်းတို့ ပါဝင်သည်။ အဆိုပါလုပ်ငန်းများတွင် အလုပ်သမားဦးရေ ၅၈၆၀၀၀ ဆုံးရှုံးခဲ့ရသည်။

လက်ရှိအချိန်တွင် တောင်ကိုရီးယားအစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိန်းချုပ်ရန်တင်းကျပ်သော ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-အောင်ကျော်ကျော်**

## ကမ္ဘောဒီးယားနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးထိုးနှံမှု အစီအစဉ် စတင်

**ဖနောင်ပင် ဖေဖော်ဝါရီ ၁၀**

ကမ္ဘောဒီးယားနိုင်ငံက တရုတ်နိုင်ငံမှ လှူဒါန်းသည့် ကာကွယ်ဆေးအလုံးရေ ၆၀၀၀၀၀ ဖြင့် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးထိုးနှံမှု အစီအစဉ် ယနေ့စတင်လိုက်ပြီး ဝန်ကြီးချုပ်ဟွန်ဆန်၏သားများနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများကလည်း ပထမဆုံး ကာကွယ်ဆေးထိုးနှံမှုခံယူကြသည်။

လူဦးရေ၁၆ သန်းခန့်ရှိသော ကမ္ဘောဒီးယားနိုင်ငံက ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်း အစုလိုက် ဗိုင်းရပ်စ်ကူးစက်မှု ဖြစ်ပွားခဲ့သော်လည်း ကပ်ရောဂါကိုထိန်းချုပ်နိုင်ခဲ့ပြီး ကူးစက်သူ ၄၇၈ ဦးနှင့် သေဆုံးသူမရှိကြောင်း သိရသည်။ ဝန်ကြီးချုပ် ဟွန်ဆန်က ကိုဗစ်ကာကွယ်ဆေးထိုးနှံမှုခံယူရန် ဆုံးဖြတ်ခဲ့သော်လည်း တရုတ်နိုင်ငံထုတ် Sinopharm ကာကွယ်ဆေးထိုးနှံမှုခံယူရမည့် အသက်အရွယ်ထက်ကျော်လွန်နေပြီး အသက် ၆၈ နှစ်ရှိပြီဟု ပြောကြားခဲ့သည်။ “ကျွန်တော့်ကိုယ်ခန္ဓာထဲမှာ ကိုဗစ်ရောဂါကို ဆန့်ကျင်တဲ့ ခုခံမှုစနစ်တစ်ရပ်ရှိတယ်လို့ ယုံကြည်မှုပိုရှိလာပါတယ်”ဟု ဟွန်ဆန်၏ အကြီးဆုံးသားဖြစ်သူ ဟွန်မာနက်က ပြောသည်။

ဆရာဝန်များက တော်ဝင် ကမ္ဘောဒီးယားလက်နက်ကိုင်တပ်ဖွဲ့၏ ဒုတိယတပ်မှူး ဟွန်မာနက်အား ကာကွယ်ဆေးထိုးနှံမှု ခံယူပြီးနောက် ပင်လယ်စာမစားရန်နှင့် အရက်မသောက်ရန် အကြံပြုခဲ့ကြောင်း ၎င်းက သတင်းထောက်များသို့ ပြောကြားသည်။ တရုတ်နိုင်ငံထုတ် ပထမအသုတ် ကိုဗစ်ကာကွယ်ဆေး အလုံးရေ ၆၀၀၀၀၀ မှာ ဖေဖော်ဝါရီလ ၇ ရက်က ဖနောင်ပင်မြို့သို့ အထူးလေယာဉ်တစ်စင်းဖြင့် ရောက်ရှိလာခဲ့ပြီး ကျန်းမာရေးလုပ်သားများနှင့် တပ်မတော်သားများကို ဦးစားပေးထိုးနှံပေးမည်ဖြစ်သည်။ ပြည်သူ ငါးသိန်းအား ထိုးနှံပေးနိုင်မည့် Sinopharm ကိုဗစ်ကာကွယ်ဆေး အလုံးရေ တစ်သန်းကို ကမ္ဘောဒီးယားနိုင်ငံသို့ ပေးပို့မည်ဟု တရုတ်နိုင်ငံက ပြောကြားခဲ့သည်။

“မိသားစုဝင်တွေကို ဗိုင်းရပ်စ်ကူးစက်နိုင်တယ်လို့ ကျွန်တော်တို့ စိုးရိမ်ခဲ့ပေမယ့် အခု ကာကွယ်ဆေးရနေပါပြီ”ဟု တရားရေးဝန်ကြီး ကွပ်ရိက ကာကွယ်ဆေး ထိုးနှံမှုခံယူပြီးနောက် ပြောကြားသည်။ **ကိုးကား-ဗန်ကောက်ပို့စ်**
**ဘာသာပြန်-ကျော်ထိုက်စိုး**




## ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း လေးသန်းကျော်ရှိလာ

**မော်စကို ဖေဖော်ဝါရီ ၁၀**

ရုရှားနိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၄၉၄ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၀၁၂၇၁၀ ရှိလာပြီး အမေရိကန်ပြည်ထောင်စု၊ အိန္ဒိယနှင့် ဘရာဇီးနိုင်ငံတို့ပြီးနောက် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ စတုတ္ထအဆိုးဆုံးထိလျက်ရှိသည့်နိုင်ငံဖြစ်လာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးဗဟိုဌာနက ယနေ့ပြောကြားသည်။

ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ၁၅၀၀၀ အောက်အထိ လျော့ကျခြင်းသည် ယမန်နှစ် အောက်တိုဘာ ၁၇ ရက်မှစ၍ လက်ရှိအချိန်အထိ ပထမအကြိမ်မြောက်ဖြစ်သည်။

ထို့အပြင် ရုရှားနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် လူနာ ၅၃၆ ဦး ထပ်မံသေဆုံးခဲ့ပြီးနောက် လက်ရှိအချိန်အထိ ထိုရောဂါကြောင့် သေဆုံးသူပေါင်း ၇၈၁၃၄ ဦးရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ အဆိုးဆုံးထိခိုက်လျက်ရှိသော မော်စကိုမြို့၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၄၁ ဦး တွေ့ရှိခဲ့ပြီးနောက် မော်စကိုတစ်မြို့တည်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၉၄၈၄၇၇ ဦး ရှိလာခဲ့သည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၂၂၅၇၅ ဦးသည် တစ်ရက်အတွင်း ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြရာ ရုရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၃၅၁၆၄၆၁ ဦး ရှိလာကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

ရုရှားအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ကြိုးပမ်းလုပ်ဆောင်လာခြင်းနှင့် အတူ နိုင်ငံတစ်ဝန်းတွင် လူဦးရေ ၁၀၅ သန်းကျော်၏ နမူနာကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

# ကိုရိုနာဗိုင်းရပ်စ်၏ မူလဇာစ်မြစ်သည် ဝူဟန်မြို့ဓာတ်ခွဲခန်းမှ စတင်ခြင်းမဟုတ်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပြောကြား

**ဂျီနီဗာ ဖေဖော်ဝါရီ ၁၀**

တရုတ်နိုင်ငံ ဝူဟန်မြို့သို့ သွားရောက် စုံစမ်းစစ်ဆေးခဲ့သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ကိုရိုနာဗိုင်းရပ်စ်၏ မူလဇာစ်မြစ်သည် ဝူဟန်မြို့ ဓာတ်ခွဲခန်းတစ်ခုမှ စတင်ခဲ့ခြင်းမဟုတ်ကြောင်း ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သော တရုတ်နိုင်ငံ ဝူဟန်မြို့သို့ သွားရောက်စစ်ဆေးသည့် ခရီးစဉ်သည် ယမန်နေ့တွင် ပြီးဆုံးခဲ့သည်။


ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များသည် ဝူဟန်မြို့၌ စုံစမ်းစစ်ဆေးမှုများကို ဇန်နဝါရီ ၂၉ ရက်တွင် စတင်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အများဆုံးတွေ့ရှိခဲ့သည့် ပင်လယ်စာဈေး အပါအဝင် ပထမဆုံးသော ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအား ဆေးဝါးကုသမှုပေးခဲ့သည့် ဆေးရုံ၊ ရောဂါပိုးမွှားများ သုတေသနပြုလုပ်သည့် ဓာတ်ခွဲခန်းနှင့် ရောဂါပိုးမွှားများဆိုင်ရာ အင်စတီကျုတို့ကိုလည်း သွားရောက်ခဲ့သည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အခမ်းအနားတစ်ခုသို့လည်း တက်ရောက်ခဲ့သည်။

၎င်းတို့၏ စစ်ဆေးတွေ့ရှိချက်များအရ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု၏ မူလဇာစ်မြစ်သည် ဝူဟန်မြို့ရှိ ဓာတ်ခွဲခန်းတစ်ခုမှ စတင်ခဲ့ဖွယ်မရှိကြောင်း အဖွဲ့ခေါင်းဆောင် ပီတာဘန်အမ်ဘာရက်က ယမန်နေ့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးဘက်ကျွမ်းကျင်ပညာရှင်များအဖွဲ့သည် ဝူဟန်မြို့ရှိ ရောဂါပိုးမွှားဆိုင်ရာ အင်စတီကျုသို့သွားရောက်ခဲ့ပြီး တာဝန်ရှိသူများအား ဗိုင်းရပ်စ်ပျံ့နှံ့မှုနှင့်ပတ်သက်ပြီး မေးမြန်းခဲ့သည်။ အဆိုပါ အင်စတီကျုမှ ကိုရိုနာဗိုင်းရပ်စ်စတင်ဖြစ်ပွားခဲ့သည်ဟု သမ္မတထရမ့်က စွပ်စွဲပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအဖွဲ့၏ တွေ့ရှိချက်များအပေါ် လွတ်လပ်သော ပြန်လည်သုံးသပ်မှုတစ်ရပ် ပြုလုပ်ရန်နှင့် အမေရိကန်ကျွမ်းကျင်ပညာရှင်များပါဝင်သည့်အဖွဲ့အား ဝူဟန်မြို့သို့ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ဆန္ဒရှိကြောင်း အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဂျန်ပါစကီက ဆိုသည်။



ကိုရိုနာဗိုင်းရပ်စ်၏ ဇာစ်မြစ်နှင့်ပတ်သက်ပြီး ဝူဟန်မြို့တွင် စုံစမ်းစစ်ဆေးမှုများ ပြီးဆုံးခဲ့ပြီဖြစ်သော်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအနေဖြင့် ဗိုင်းရပ်စ်၏ မူလဇာစ်မြစ်ကို ဆက်လက်စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်သွားဖွယ်ရှိကြောင်း မျှော်လင့်ရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ် လာမည့်တစ်ပတ်အတွင်း စတင်မည်ဟု ဝန်ကြီးချုပ် ဆူဂါပြောကြား

**တိုကျို ဖေဖော်ဝါရီ ၁၀**

ဂျပန်နိုင်ငံအစိုးရသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို လာမည့်တစ်ပတ်အတွင်း စတင်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံဝန်ကြီးချုပ် ဆူဂါက ယနေ့တွင် ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံဝန်ကြီးချုပ် ဆူဂါသည် လက်ရှိအာဏာရပါတီနှင့် အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၉ ရက်တွင် ပြုလုပ်သည့် အစည်းအဝေးတစ်ရပ်တွင် အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို အာနိသင်ထိရောက်မှုနှင့် ဘေးကင်းလုံခြုံမှုရှိကြောင်း အတည်ပြုထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြင့် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အဆိုပါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် ဒေသဆိုင်ရာ အစိုးရများ၊ ဆရာဝန်များနှင့် သူနာပြုများ၏ ပူးပေါင်းဆောင်ရွက်မှုသည်လည်း မရှိမဖြစ်လိုအပ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လမ်းညွှန်ချက်များကိုလည်း ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြောင်းလဲမှုတချို့ ပြုလုပ်သွားရန် ဂျပန်နိုင်ငံအစိုးရက စီစဉ်လျက်ရှိကြောင်း ဂျပန်အစိုးရအဖွဲ့ အတွင်းရေးမှူး ကာတိုကတ်ဆူနိုဘူက ထုတ်ဖော်ပြောကြားခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- အလင်းသစ်**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၀၇၄၉၆၃၂၂ | ဦး |
| သေဆုံးသူ | ၂၃၅၃၂၉၇ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၇၉၄၂၄၁၇၈ | ဦး |

# ဘိုလီးဗီးယားနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်မှုများလျော့ကျရန် ခရီးသွားလာမှုပိတ်ပင်သည့်စည်းမျဉ်းများ ထုတ်ပြန်ရန် ကျန်းမာရေးဝန်ထမ်းများ တောင်းဆို

**လာပက်ဇ် ဖေဖော်ဝါရီ ၁၀**

ဘိုလီးဗီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုများ မြင့်တက်လျက်ရှိသည့်အတွက် ခရီးသွားလာခွင့် ပိတ်ပင်သည့် စည်းမျဉ်းများ ထုတ်ပြန်ပေးရေးအတွက် ကျန်းမာရေးဝန်ထမ်းများက အာဏာပိုင်များအား ယနေ့တောင်းဆိုခဲ့သည်။

နိုင်ငံအဝန်းရှိ အရေးပေါ်ကုသရေးဌာနနှင့် ကိုဗစ်-၁၉ ရောဂါ လူနာများ တက်ရောက်ကုသလျက်ရှိသော ဆေးရုံများမှအပ ကျန်ရှိကျန်းမာရေးစောင့်ရှောက်မှု နေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ယာယီဆိုင်းငံ့ထားကြောင်း ဆေးဘက်ဆိုင်ရာ ကောလိပ်အကြီးအကဲ လူးဝစ်အာဂူလီယာက ဆိုသည်။

ထို့ပြင် ဗိုင်းရပ်စ်ကူးစက်မှုကို ထိန်းချုပ်ရန် အာဏာပိုင်များအနေဖြင့် နိုင်ငံတစ်ဝန်း ခရီးသွားလာခွင့် ပိတ်ပင်သည့် စည်းမျဉ်းများကို ချမှတ်ပေးသင့်ကြောင်းနှင့် လက်ရှိချမှတ်ထားသည့် စည်းမျဉ်းများသည် ဗိုင်းရပ်စ်ကူးစက်မှုကို လျှော့ချရန် ထိရောက်မှုမရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

နိုင်ငံတစ်ဝန်း ခရီးသွားလာခွင့် ပိတ်ပင်သည့် စည်းမျဉ်းများချမှတ်ရန် ကျန်းမာရေးဝန်ထမ်းထောင်ပေါင်းများစွာက လမ်းမများပေါ်တွင် ဆန္ဒထုတ်ဖော်လျက်ရှိသည်။

ဘိုလီးဗီးယားနိုင်ငံရှိ ဒေသများအနက် ဆန်တာခရုဇ်ဒေသသည် လူဦးရေထူထပ်ဆုံးသော ဒေသတစ်ခုဖြစ်သည့်အပြင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် သေဆုံးမှု အမြင့်မားဆုံး ဒေသလည်းဖြစ်သည်။ ဒေသတွင်းကူးစက်မှုများ မြင့်တက်လျက်ရှိသော်လည်း စီးပွားရေးလုပ်ငန်းများ၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများကို ပုံမှန်အတိုင်း လည်ပတ်လျက်ရှိသည်။

လူဦးရေ ၁၁ ဒသမ ၅ သန်းရှိသည့် ဘိုလီးဗီးယားနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၃၀၀၀၀ ရှိပြီး သေဆုံးသူ ၁၀၈၀၀ ရှိသည်။ ဆန်တာခရုဇ်ဒေသတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၀၀၀၀ ရှိပြီး သေဆုံးသူ ၅၀၀၀ ကျော် ရှိကြောင်း သိရသည်။ **ကိုးကား- စီအင်န်အေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀ ဒသမ ၈၅ သန်းကျော်ရှိလာ

**နယူးဒေလီ ဖေဖော်ဝါရီ ၁၀**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၀၆၇ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၀၈၅၈၃၇၁ ဦးအထိရှိလာခဲ့ကြောင်း အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ အိန္ဒိယနိုင်ငံတစ်ဝန်းတွင် လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၉၄ ဦး ရှိခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၅၅၂၅၂ ဦးအထိ ရှိလာခဲ့ကြောင်းလည်း သိရသည်။



အဆိုပါ တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၉၄ ဦး ရှိခဲ့ခြင်းမှာ အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀၀ အောက်လျော့ကျခဲ့သည့် ငါးရက်ဆက်တိုက်မြောက်နေ့လည်း ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက်မှ ဆေးဝါးကုသမှု ခံယူပြီးနောက် ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၀၅၆၁၆၀၈ ဦးအထိ ရှိလာခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ပိုးတွေ့ဆဲလူနာ ၁၄၁၅၁၁ ဦးသာ ကျန်ရှိတော့ကြောင်းလည်း သိရသည်။

အိန္ဒိယနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ဇန်နဝါရီ ၁၆ ရက်တွင် စတင်ခဲ့ပြီး လက်ရှိတွင် ကျန်းမာရေးဝန်ထမ်းများအပါအဝင် လူဦးရေ ၆ ဒသမ ၆ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်ကြောင်းလည်း သိရသည်။ **ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**



# မန္တလေးမြို့၌ ဆူပူဆန္ဒပြသူများအား ခေတ္တထိန်းသိမ်းထားရာမှ ခံဝန်ကတိဖြင့် ပြန်လည်စေလွှတ်

နေပြည်တော် ဖေဖော်ဝါရီ ၁၀
၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစတင်ကာ နိုင်ငံတော်ကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြေညာပြီးနောက် နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများတွင် ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လာသည့်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားစေနိုင်သည်ဟု ယုံကြည်ယူဆသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၁၄၄ ကို ထုတ်ပြန်ကာ လူ ငါးဦး သို့မဟုတ် ငါးဦးအထက်ပိုသော လူစုလူဝေးမပြုရန် တားမြစ်ချက်များ ထုတ်ပြန်ခဲ့သည်။

ထိုသို့ထုတ်ပြန်ထားသည့် မြို့နယ်များတွင် ပါဝင်ခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးမြို့ပေါ်နေရာများတွင် ယမန်နေ့က ဆူပူဆန္ဒပြသူများက လူစုလူဝေးပြုလုပ်ခြင်း၊ ကြွေးကြော်သံများ ကြွေးကြော်ခြင်း၊ လှုံ့ဆော်ဆန္ဒပြခြင်း၊ ရုန်းရင်းဆန်ခတ်ပြုမူခြင်းများ ဆောင်ရွက်သဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက မေတ္တာရပ်ခံခဲ့သော်လည်း ဆူပူဆန္ဒပြသူများက ပြန်လည်ဆဲဆိုခြင်း၊ အရာဝတ္ထုများဖြင့် ပစ်ပေါက်ရန်စခြင်းများ ပြုလုပ်လာကြသည်။ ယင်းကဲ့သို့ ပြုလုပ်လာသည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်မှု ဖြိုခွဲရေးလုပ်ငန်းစဉ်များအတိုင်းဖြိုခွဲကာ တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် ဆူပူဆန္ဒပြသူများအနက်မှ ၈၉ ဦးကို ခေတ္တထိန်းသိမ်းထားရှိခဲ့သည်။

အဆိုပါခေတ္တထိန်းသိမ်းထားသူများအား ကောင်းမွန်စွာ ထိန်းသိမ်းထားရှိခဲ့ကာ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ကျော်ကျော်မင်း ဦးဆောင်သည့်အဖွဲ့များဖြင့် ပုသိမ်ကြီးမြို့နယ်ရဲစခန်း၌ တွေ့ဆုံပြီး အကြီးအကဲများက သဘောထားကြီးစွာဖြင့် ပြန်လည်စေလွှတ်ပေးခဲ့သည်များကို ရှင်းလင်းပြောကြား၍ ခေတ္တထိန်းသိမ်းခံရသည့် ၈၉ ဦးအား ဆူပူဆန္ဒပြမှုများတွင် ထပ်မံပါဝင်မှုမရှိစေရန် ဝန်ခံကတိလက်မှတ်ရေးထိုးကာ သက်ဆိုင်ရာနေရပ်များသို့ ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## ၁၁. ၂. ၂၀၂၁ (ကြာသပတေးနေ့) မြန်မာ့ရုပ်မြင်သံကြားထုတ်လွှင့်မှု အစီအစဉ်

**နံနက်ပိုင်း**

(၆ : ၀၀) - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော် (ရတနသုတ်)
(၇ : ၀၀) - Breakfast News
(၉: ၁၀) - "နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်ဘဒ္ဒန္တစန္ဒဝရ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ဇေယျမေဒနီကျောင်း၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း"
(၁၀: ၃၀) - မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုဂုဏ်ပြုအထူးအစီအစဉ် "စိန်ရတုခရီးသည်" (အပိုင်း- ၈)
(၁၁: ၃၅) - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "နွေအိပ်မက်"
(၁၂ : ၃၀) - ဒွါဒသမ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အသျှင်အဘိဇာတာလင်္ကာရာဘိဝံသ(စစ်ကိုင်းဆရာတော်) ဟောကြားတော်မူသော "ဆင့်ကဲဆင့်၍မြင့်ပါစေ" တရားတော်
(၁၃ : ၄၀) - မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုဂုဏ်ပြုအစီအစဉ် "ကောင်းမြတ်အစဉ်အလာလက်ဆင့်ကမ်းပညာ" (စက်မှုဌာနခွဲ)
(၁၅ : ၀၀) - ပညာရေးဝန်ကြီးဌာန၊အခြေခံပညာအထက်တန်းဆင့် (GRADE– 10) ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ(ဇီဝဗေဒဘာသာရပ်)

**ညပိုင်း**

(၁၆ : ၃၀) - "လှမ်းဆင့်ကြိုနေ… ငလိုက်ဆင်စခန်းနယ်မြေ"
(၁၇ : ၂၅) - လူမှုစီးပွားမြင်ကွင်းများ
(၁၇ : ၅၀) - (၇၄)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုတေးသီချင်း
(၁၈ : ၃၀) - မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုဂုဏ်ပြုအစီအစဉ် "အစီအစဉ်ရေးဆွဲအစဉ်အမြဲ ကြိုးပမ်းဆောင်ရွက်ပြည်သူ့အတွက်"
(၁၉ : ၂၅) - မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုဂုဏ်ပြုအထူးအစီအစဉ် "စိန်ရတုခရီးသည်" (အပိုင်း-၉)
(၂၀ : ၀၀) - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
(၂၀ : ၄၅) - မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုဂုဏ်ပြုအစီအစဉ်
- "ကောင်းမြတ်အစဉ်အလာ လက်ဆင့်ကမ်းပညာ"(MRTV–3 မှအစပြု၍…….) (ဦးဝင်းကြည်၊ ဦးရဲထွန်း၊ ဦးရဲလင်း၊ ဒေါ်သီတာဆွေ) (အပိုင်း– ၂)
(၂၁ : ၁၀) - (၇၄)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ် "လခြမ်းမြေမှရိုးရာအလှ"
(၂၁ : ၅၀) - ဟိုးတုန်းက…ကက်ဆက်ဇာတ်လမ်း "အညာမိသွားတဲ့ အညာသားလေး" (ဝေယံမင်း၊ ဧငြိမ်းဖြူ) [ဒါရိုက်တာ– သီတာလင်း (Laurel Art Academy)]
- တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော် (ရတနသုတ်)
- အစီအစဉ်ပြီး၏။

# နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအဝိုင်းအနီး၌ ဆူပူဆန္ဒပြသူများအား ထိန်းသိမ်းစဉ် ရဲတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၀
လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားလာနိုင်သဖြင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၁၄၄ ကို ထုတ်ပြန်၍ လူ ငါးဦး သို့မဟုတ် ငါးဦးထက်ပို၍ လူစုဝေးခြင်း မပြုရန် တားမြစ်ချက်များ ထုတ်ပြန်ထားပြီးဖြစ်သည်။

ထိုသို့ ထုတ်ပြန်ထားရှိသော်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအဝိုင်းအနီး၌ လူအင်အား ၁၅၀ ခန့်ပါဝင်သော ဆူပူဆန္ဒပြသူများသည် ယမန်နေ့နံနက်ပိုင်းမှစတင်၍ ကြွေးကြော်သံများ ကြွေးကြော်ခြင်း၊ လှုံ့ဆော်ဆန္ဒပြခြင်း၊ ရုန်းရင်းဆန်ခတ်ပြုမူခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။



ယင်းသို့ လုပ်ဆောင်လျက်ရှိသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက လူစုခွဲရန် မေတ္တာရပ်ခံပြောဆိုခဲ့သော်လည်း လူစုခွဲခြင်းမရှိဘဲ ဆူပူဆန္ဒပြသူ ၁၀၀၀ ကျော်ခန့်အထိ စုဝေးလာခဲ့ကာ ကြွေးကြော်သံများ ကြွေးကြော်ခြင်း၊ လှုံ့ဆော်ဆန္ဒပြခြင်း၊ ရုန်းရင်းဆန်ခတ်ပြုမူခြင်းတို့ကို လုပ်ဆောင်လာခဲ့သောကြောင့် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၁၄၄ ကြေညာထားရှိကြောင်းနှင့် လူစုခွဲရန် လက်ကိုင်အသံချဲ့စက်များဖြင့် ထပ်မံသတိပေးပြောကြားခဲ့သည်။

ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၁၄၄ ကြေညာထားရှိသဖြင့် ဥပဒေကိုလေးစားလိုက်နာရန် အကြိမ်ကြိမ်ပြောကြားခဲ့သော်လည်း ဆူပူဆန္ဒပြသူများသည် မွန်းလွဲပိုင်းအထိ လူစုခွဲခြင်း မရှိသည့်အပြင် ပိုမိုအရှိန်မြှင့်၍ ဆူပူမှုအသွင်ဖန်တီးလာသဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်မှုဖြိုခွဲရေး လုပ်ငန်းစဉ်များအတိုင်း ဥပဒေနှင့်အညီ ဆန္ဒပြလူအုပ်ကြီးအား လူစုခွဲနိုင်ရေး ဆောင်ရွက်ခဲ့ရာ ဆူပူဆန္ဒပြသူများက လေးခွများ၊ ကျောက်ခဲ၊ အုတ်ခဲများ၊ တုတ်များဖြင့် ပစ်ပေါက်ခြင်း၊ ပြင်းထန်စွာထိခိုက်ဒဏ်ရာရစေနိုင်သော ကုန်းသီး၊ သံမူလီခေါင်းတို့ဖြင့် ပစ်ခတ်ခြင်းများ စသည့်အကြမ်းဖက်လှုပ်ရှားမှုများ ပြန်လည်လုပ်ဆောင်ခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ဆူပူဆန္ဒပြသူများသည် ရဲတပ်ဖွဲ့ဝင်များအား ရန်လိုသည့်အပြုအမူများပါ ကျူးလွန်လာသဖြင့် မလွဲသာမရှောင်သာ ပစ်ခတ်ထိန်းသိမ်းခဲ့ရာ ဆန္ဒပြသူ ခြောက်ဦး ဒဏ်ရာရရှိခဲ့ပြီး မွန်းလွဲ ၁ နာရီခွဲခန့်မှသာ လူစုကွဲခဲ့ကြောင်း သိရသည်။

ထိုသို့ ဆူပူဆန္ဒပြသူများအား ထိန်းသိမ်းစဉ် ၎င်းတို့၏ အကြမ်းဖက်လုပ်ဆောင်မှုများကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ခြောက်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ရဲအသုံးအဆောင်ပစ္စည်းများ ထိခိုက်ပျက်စီးခဲ့ကြောင်းနှင့် ဆန္ဒပြသူ ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

# ကယားပြည်နယ် လွိုင်ကော်မြို့၌ ဆန္ဒထုတ်ဖော်နေသည့်ရဲတပ်ဖွဲ့ဝင်များမှာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သန္ဓေရဲတပ်ဖွဲ့ဝင်များမဟုတ်

နေပြည်တော် ဖေဖော်ဝါရီ ၁၀
ကယားပြည်နယ် လွိုင်ကော်မြို့ မင်းစုရပ်ကွက်ရှိ မြို့လယ်မီးပွိုင့်အနီး ဆူပူဆန္ဒပြနေသည့်နေရာသို့ နံနက် ၁၀ နာရီခန့်တွင် ရဲယူနီဖောင်းအပြည့်အစုံဝတ်ထားသူ ၂၀ ခန့် မော်တော်ယာဉ်နှစ်စီးဖြင့် လာရောက်၍ ဟောပြောနေသည့်ပုံစံများ၊ ဆန္ဒဖော်ထုတ်သည့်ပုံစံများဖြင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခြင်းများ ပြုလုပ်ခဲ့ကြပြီးနောက် ၁၀ နာရီခွဲခန့်တွင် မော်တော်ယာဉ်များဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ရဲတပ်ဖွဲ့၏ယူနီဖောင်းဝတ်ဆင်ထားသူများမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သန္ဓေရဲတပ်ဖွဲ့ဝင်များ မဟုတ်ဘဲ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် ဒေသအတွင်း၌သာ တာဝန်ထမ်းဆောင်စေရန် စုဖွဲ့ခန့်အပ်ထားသူများသာဖြစ်ကြောင်း သိရသည်။

**ဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံအတွင်း ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားမှုမရှိစေရေး လုံခြုံရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ နေ့ညမပျက် ဆောင်ရွက်လျက်ရှိပြီး ဆူပူဆန္ဒပြမှုများ၊ ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပေါ်အောင် လုပ်ဆောင်နေမှုများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်နေသည်ဟု အထင်အမြင်လွဲမှားစေရန် ယခုကဲ့သို့ပြုမူဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် ပါဝင်ပတ်သက်သူများကို လိုအပ်သည့် စစ်ဆေးမှုများ လုပ်ဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

## ကိုဗစ် – ၁၉ ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ

အပိုင်း(၁)

**၁ COVID-19 ကာကွယ်ဆေးမှာ ဘယ်လိုအချက်တွေနဲ့ ပြည့်စုံဖို့လိုတာပါလဲ**

[illegible]

**၂ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကာကွယ်ဆေးကို အပြိုင်အဆိုင် ထုတ်လုပ်နေကြရာ ယခုထိုးနှံပေးမည့် ကာကွယ်ဆေးများက ဘေးကင်း စိတ်ချရတဲ့ ကာကွယ်ဆေး ဟုတ်ပါသလား**

[illegible]

**၃ COVID-19 ကာကွယ်ဆေးသည် လူတိုင်း မဖြစ်မနေထိုးနှံရမည့် ကာကွယ်ဆေးပါလား**

[illegible]

**၄ COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် ထိတွေ့ ကာကွယ်ဆေးကို ထိုးနှံရန် လိုအပ်ပါသလား**

[illegible]

**၅ COVID-19 ရောဂါ ပျောက်ကင်းပြီးသူများသည် COVID-19 ကာကွယ်ဆေးထိုးရန်လိုအပ်ပါသလား**

[illegible]

**၆ COVID-19 ကာကွယ်ဆေးထိုးနှံပြီးပါက COVID-19 ရောဂါကို ချက်ချင်းကာကွယ်နိုင်ပါသလား**

[illegible]

**၇ COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ဆေးခြင်းကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသလား**

[illegible]

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

---

**COVID-19 ကာကွယ်ဆေးနှင့် ပတ်သက်သောမေးခွန်းနှင့်အဖြေများ (အပိုင်း-၂)**

(၁) **မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ်မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

(၂) **ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

(၃) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ်အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။ (ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

(၄) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။
မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပတ် (၄)ပတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

(၅) **ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

(၆) **မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင်ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

(၇) **COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

(က) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ယောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချည့်ခြင်း၊ မအီမသာဖြစ်ခြင်း၊

(ခ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

(ဂ) **COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစားအသောက်ချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်မတည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**

**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကတ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူရန် လာရောက်သည့်အခါတွင် မဖြစ်မနေယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။** ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021). Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ရွှေတိဂုံစေတီတော်မြတ်ကြီး ဖူးမြော်ကြည်ညိုနိုင်ရေး ရဟန်းရှင်လူ ဘုရားဖူးပြည်သူများသို့ ပန်ကြားလွှာ

COVID-19 ကမ္ဘာ့ကပ်ရောဂါကြီး ဖြစ်ပွားနေသည့်အတွက် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၉-၄-၂၀၂၀ ရက်နေ့မှစ၍ ဘုရားဖူးမြော်ခွင့် ၁၀ လကျော်ကြာ ယာယီရပ်ဆိုင်းခဲ့ရာမှ ယခုအချိန်အခါတွင် COVID-19 ရောဂါကာကွယ်၊ တားဆီးရေး၊ ကုသရေးလုပ်ငန်းစဉ်များကြောင့် ရောဂါကူးစက်ပျံ့နှံ့မှုအား အတိုင်းအတာတစ်ရပ်အထိ ထိန်းချုပ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ စေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယဆရာတော်ကြီးများ၏ သြဝါဒ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်အရ ဘုရား၊ ပုထိုး၊ စေတီများအား အချိန်၊ လူဦးရေကန့်သတ်ချက်များဖြင့် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ၈-၂-၂၀၂၁ ရက်နေ့မှစ၍ ပြန်လည်ဖူးမြော်ခွင့် ပြုပေးသွားမည်ဖြစ်ပြီး လူစုလူဝေးဖြင့် အလှူအတန်းပြုလုပ်ခြင်းများအား ခွင့်မပြုသေးပါကြောင်း ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအား ပန်ကြားအပ်ပါသည်-

## ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအား ဖူးမြော်နိုင်ရေး ဆောင်ရွက်သွားမည့်အစီအစဉ်

(၁) ၈-၂-၂၀၂၁ ရက်နေ့နှင့် ၉-၂-၂၀၂၁ ရက်နေ့များတွင် ရဟန်းသံဃာ၊ သီလရှင်များ ဖူးမြော်နိုင်ရေး ဦးစားပေး ခွင့်ပြုသွားပါမည်၊

(၂) ၁၀-၂-၂၀၂၁ ရက်နေ့တွင် အသက်အရွယ်ကြီးရင့်သူများ၊ မသန်စွမ်းပြည်သူများ ဖူးမြော်နိုင်ရေး ဦးစားပေး ခွင့်ပြုသွားပါမည်၊

(၃) ၁၁-၂-၂၀၂၁ ရက်နေ့မှစ၍ ရဟန်း၊ ရှင်များနှင့် ပြည်သူများ ဖူးမြော်နိုင်ရေး ခွင့်ပြုသွားပါမည်၊

(၄) ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ရာတွင် နေ့စဉ် နံနက် ၀၆ ၀၀ အချိန်မှ ၀၇ ၀၀ အချိန်အထိလည်းကောင်း၊ နံနက် ၀၈ ၀၀ အချိန်မှ ၀၉ ၀၀ အချိန်အထိ လည်းကောင်း၊ နံနက် ၁၀ ၀၀ အချိန်မှ မွန်းလွဲပိုင်း ၁၁ ၀၀ အချိန်အထိ လည်းကောင်း၊ နံနက်ပိုင်း ၃ ကြိမ်၊ မွန်းလွဲပိုင်း ၁၃ ၀၀ အချိန်မှ ၁၄ ၀၀ အချိန်အထိလည်းကောင်း၊ မွန်းလွဲပိုင်း ၁၅ ၀၀ အချိန်မှ ၁၆ ၀၀ အချိန်အထိလည်းကောင်း၊ ညနေ ၁၇ ၀၀ အချိန်မှ ၁၈ ၀၀ အချိန်ထိလည်းကောင်း၊ မွန်းလွဲပိုင်း ၃ ကြိမ် ဖူးမြော်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တစ်ကြိမ်လျှင် ၅၀၀ ဦးနှုန်းဖြင့် တစ်ရက်လျှင် ၆ ကြိမ် စုစုပေါင်း ၃၀၀၀ ဦး ဖူးမြော်ကြည်ညိုနိုင်မည်ဖြစ်ပါသည်၊

(၅) တစ်ကြိမ်လျှင် အရှေ့ဘက်စောင်းတန်းမှ ၂၀၀ ဦး၊ အနောက်ဘက်စောင်းတန်းမှ ၁၅၀ ဦး၊ တောင်ဘက်စောင်းတန်းမှ ၅၀ ဦးနှင့် မြောက်ဘက်စောင်းတန်းမှ ၁၀၀ ဦး၊ တစ်ကြိမ်လျှင် စုစုပေါင်း ၅၀၀ ဦး ဖူးမြော်နိုင်မည်ဖြစ်ပါသည်၊

(၆) သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအပ ဓာတ်လှေကားဖြင့် တက်ရောက်ခြင်း ခွင့်မပြုသေးပါ၊

(၇) ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်ချိန်အဖြစ် ဘုရားဖူးရန် တစ်ကြိမ်လျှင် ၁ နာရီ ခွင့်ပြုမည်ဖြစ်ပါသည်၊

(၈) ဘုရားဖူးပြည်သူများသည် အသင့်ပြုလုပ်ထားသော Form များတွင် ကိုယ်ရေးအကျဉ်း (အမည်၊ အဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာ) အား ဖြည့်စွက်ပေးရမည်ဖြစ်ပါသည်၊ ပိုမိုမြန်ဆန်စေရေးအတွက် ၎င်းကိုယ်ရေးအကျဉ်းကို မိမိအစီအစဉ်ဖြင့် ကြိုတင်ရေးသားယူလာနိုင်ပါသည်၊

(၉) ဘုရားဖူးပြည်သူများသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား တက်ရောက်လာသည့် မုခ်ဦးများမှသာ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

## ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့်အချက်များ

(၁) ဖျားခြင်း (ကိုယ်အပူချိန် ၁၀၀.၄°F / ၃၈°C ထက်ကျော်လွန်ခြင်း)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်း စသည့် COVID-19 သံသယလက္ခဏာတစ်ခုခုရှိနေလျှင် ဘုရားဖူးလာရောက်ခြင်း လုံးဝမပြုရပါ၊

(၂) ဘုရားဖူးပြည်သူများအနေဖြင့် ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ တပ်ဆင်လာရမည်၊ အသက်(၆၀) အထက် အသက်အရွယ်ကြီးရင့်သူများ၊ ဆီးချို၊ သွေးတိုး စသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် မျက်နှာအကာ(Face Shield)များကိုပါ တွဲဖက်၍ တပ်ဆင်လာရပါမည်၊

(၃) ဘုရားဖူးပြည်သူများ၏ ကိုယ်ရေးအချက်အလက်နှင့် ဖုန်းနံပါတ်များကို သတ်မှတ် Form များနှင့် မှတ်တမ်းစာအုပ်များတွင် မှတ်တမ်းတင်ထားရှိခြင်းလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ရမည်၊

(၄) ဘုရားဖူးပြည်သူများအနေဖြင့် COVID-19 ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ သတိပေးချက်များနှင့် နှိုးဆော်ချက်များကို တိကျစွာ လိုက်နာရမည်၊

(၅) ဘုရားသို့ စတင်ဝင်ရောက်ခြင်းမပြုမီ၊ ဘုရားရှိခိုးပြီးသည့်အခါတိုင်း (လက်ကို ကြမ်းပြင်(သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးသည့်အခါ) နှင့် ဘုရားဖူးပြီး၍ ဘုရားမှ ထွက်သည့်အခါတွင် စောင်းတန်းအဝင်ဝ၊ ဘုရားရင်ပြင်နှင့် ထွက်ပေါက်များရှိ လက်ဆေးဘေစင်များတွင် ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို အနည်းဆုံး စက္ကန့်(၂၀) ကြာအောင် စနစ်တကျဆေးကြောခြင်း(သို့မဟုတ်) အယ်ကိုဟောလ် အနည်းဆုံး (၆၀%) ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်(Hand Sanitizer) အသုံးပြုခြင်းတို့ကို ဆောင်ရွက်ပါ၊

(၆) ဘုရားရှိခိုးပြီးတိုင်း (လက်ကိုကြမ်းပြင်(သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးတိုင်း) လက်ကို စနစ်တကျချက်ချင်း ပြန်လည်ဆေးကြောနိုင်ရန် အယ်ကိုဟောလ် အနည်းဆုံး (၆၀%)ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်(Hand Sanitizer) ဗူးသေးများ ယူဆောင်လာ၍ အသုံးပြုရမည်၊

(၇) စောင်းတန်းဝင်ပေါက်များ၌ တာဝန်ရှိသူများက Non-contact thermometer (သို့မဟုတ်) Thermal Scanner များဖြင့် အပူချိန်တိုင်းတာခြင်းကို ခံယူရမည်၊

(၈) ဘုရားဖူးပြည်သူများအနေဖြင့် စောင်းတန်းဝင်/ ထွက်ပေါက်များနှင့် ရင်ပြင်ပေါ်တို့တွင် တစ်ဦးနှင့်တစ်ဦး (၆) ပေအကွာ တက်ရောက်/ ဖူးမြော်နိုင်ရေး သတ်မှတ်ထားသည့်အတိုင်း စနစ်တကျ တိကျစွာလိုက်နာရမည်၊

(၉) ဘုရား၊ ပုထိုး၊ စေတီများ၏ ပရိဝုဏ်အတွင်းရှိ ဇရပ်၊ တန်ဆောင်းများ၌ အချိန်ကြာမြင့်စွာ ပူဇော်ခြင်း၊ ခေတ္တနားနေခြင်း၊ ဝိုင်းဖွဲ့စားသောက်ခြင်း၊ စတုဒီသာကျွေးမွေးလှူဒါန်းခြင်းတို့ကို လုံးဝရှောင်ကြဉ်ရမည်၊

(၁၀) ဘုရားဖူးပြည်သူများအနေဖြင့် အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်း(Mask)နှင့် တစ်ခါသုံးတစ်ရှူးစက္ကူများကို အဖုံးပါသော အမှိုက်ပုံးများအတွင်းသို့ စနစ်တကျ စွန့်ပစ်ရမည်၊

(၁၁) ဘုရားပုထိုးစေတီများသို့ ကုသိုလ်ယူသွားရောက်ခဲ့ပြီးနောက် (၇) ရက်အတွင်း ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် ရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ ဆေးကုသမှုခံယူရပါမည်။

## တိုင်းဒေသကြီး / ပြည်နယ်ရှိ ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်နိုင်မည့်အစီအစဉ်

(၁) ၈-၂-၂၀၂၁ ရက်နေ့မှစ၍ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဘုရား၊ ပုထိုး၊ စေတီများကို ဖူးမြော်ကြည်ညိုခွင့်ပြုသွားမည်ဖြစ်ပါသည်၊

(၂) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် COVID-19 ထိန်းချုပ်၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖူးမြော်ကြည်ညိုရမည်ဖြစ်ပါသည်၊

(၃) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ရဟန်းရှင်လူပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသည့် ဆောင်ရွက်ရမည့်အချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(၄) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ဘုရားပုထိုးစေတီ ဂေါပကအဖွဲ့ဝင်များအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ၃၃ ချက်အား ဂေါပကအဖွဲ့များက တာဝန်ယူဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရှိရမည်ဖြစ်သည်၊

(၅) သက်ဆိုင်ရာ ဘုရားပုထိုးစေတီဂေါပကအဖွဲ့များအနေဖြင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်နှင့်ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်သည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

# ဒီပလိုမာ၊ မဟာသိပ္ပံ၊ ပါရဂူဘွဲ့လွန် သင်တန်း စုစုပေါင်း(၁၃၇)မျိုး၊ သင်တန်းသားဦးရေ ၂၀၀၀ ကျော်ဖြင့် ဖွင့်လှစ်နိုင်ရေး လျှောက်လွှာများ ခေါ်ယူသွားမည်

(၂၀၂၁) ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်ခေါ်ယူရေးကိစ္စရပ်များနှင့်ပတ်သက်၍ (၁-၇-၂၀၂၀) ရက်နေ့တွင် ပြုလုပ်သော ဘွဲ့လွန်ဆေးပညာသင်ကြားရေးအဖွဲ့အစည်းအဝေး(၁/၂၀၂၀)နှင့် (၄-၂-၂၀၂၁)ရက်နေ့တွင် ကျင်းပသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၂၁) တို့၏ သဘောတူညီချက်အရ ဒီပလိုမာ၊ မဟာသိပ္ပံ၊ ပါရဂူဘွဲ့လွန်သင်တန်း စုစုပေါင်း(၁၃၇) မျိုး၊ သင်တန်းသားဦးရေ(၂၀၈၂)ဦးခန့်ဖြင့် ဖွင့်လှစ်နိုင်ရေးကို (၂၀၂၁)ခုနှစ်၊ ဖေဖော်ဝါရီလ၊ ဒုတိယပတ်မှစ၍ သက်ဆိုင်ရာတက္ကသိုလ်အလိုက် လျှောက်လွှာများ ခေါ်ယူမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

| စဉ် | တက္ကသိုလ် | ဒီပလိုမာ | မဟာသိပ္ပံ | ပါရဂူ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ဆေးတက္ကသိုလ်များ | ၇ | ၃၁ | ၄၇ | ၈၅ |
| ၂။ | သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ | ၂ | ၁၀ | ၉ | ၂၁ |
| ၃။ | သူနာပြုတက္ကသိုလ်များ | ၁ | ၉ | ၁ | ၁၁ |
| ၄။ | ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်များ | ၁ | ၃ | ၃ | ၇ |
| ၅။ | ဆေးဝါးတက္ကသိုလ်များ | - | ၄ | ၄ | ၈ |
| ၆။ | ပြည်သူ့ကျန်းမာရေးတက္ကသိုလ် | ၁ | ၂ | ၁ | ၄ |
| ၇။ | အခြေခံကျန်းမာရေးတက္ကသိုလ် | - | ၁ | - | ၁ |
| စုစုပေါင်း | | ၁၂ | ၆၀ | ၆၅ | ၁၃၇ |

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး ထားဝယ်မြို့နယ်ရှိ ငါးကျဲအင်းဘုန်းတော်ကြီးကျောင်းတိုက်သို့ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ် ထိန်းချုပ်ရေးကာလတွင် ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများတွင် ဆွမ်းကိစ္စများ အဆင်ပြေစေရန်အတွက် တိုင်းစစ်ဌာနချုပ်များအလိုက် လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင်လည်း ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများသည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် သပြေချောင်းကျေးရွာရှိ ငါးကျဲအင်းဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောသလ အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် သာသနာရေးဆိုင်ရာများနှင့်ပတ်သက်၍ လျှောက်ထားတင်ပြကာ သင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုးနှင့် အဖွဲ့ဝင်များက ကျောင်းတိုက်ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များထံ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း ကာကွယ်ရေးဦးစီးချုပ်ရုံး သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**





# ရောဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အစမ်းလေ့ကျင့်နေမှုများကို ကြည့်ရှု ပုသိမ်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်သို့ သွားရောက်ပြီး လှူဖွယ်များ လှူဒါန်း

**ပုသိမ် ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ရေးချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ပုသိမ်မြို့ ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပမည့် ကန်သာယာပြည်ထောင်စုကွင်းသို့ ရောက်ရှိပြီး အစမ်းလေ့ကျင့်နေမှုများကို ကြည့်ရှုသည်။

ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်သည် တာဝန်ရှိသူများနှင့်အတူ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မရမ်းချိုကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘိတ၊ မြောင်းမြကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ၊ ဇေယျဝံသ(ရေတွင်းကုန်း) ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏောဘာသ ဆရာတော်ကြီးများကို သွားရောက်ဖူးမြော်ကြည်ညိုကာ သာသနာရေးရာကိစ္စရပ်များကို လျှောက်ထားပြီး လှူဖွယ်များ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန် /ဆက်)**

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချီရောင်းချ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ဝတ္ထုရှည် ပထမဆုရရှိသည့် စာရေးဆရာ ကေ (တောင်တန်းပြာ)၏ "သစ္စာရှင်နှင့် ခြားခဲ့ရသောမြေ" စာအုပ်ကို ဖြန့်ချီရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ဒုတိယကမ္ဘာစစ်က မြန်မာပြည်မှ အိန္ဒိယသို့ ဆုတ်ခွာရာတွင် ဂျပန်တပ်မတော်တို့၏ ပိတ်ဆို့မှုကြောင့် ထွက်ပေါက်ပိတ်ကာ ဆောဒေသနှင့် ချင်းတောင်ဒေသများတွင် ပုန်းအောင်းကျန်ရစ်ခဲ့သော အင်္ဂလိပ်စစ်သားတစ်ဦးအကြောင်းကို ဇာတ်အိမ်တည်၍ ရေးဖွဲ့ထားသည့် ဇာတ်လမ်းဖြစ်သည်။ တစ်နည်းအားဖြင့် ဒုတိယကမ္ဘာစစ်ကာလ မြန်မာပြည်၏ အခြေအနေကို ကျောထောက်နောက်ခံပြုကာ စစ်၏အနိဋ္ဌာရုံ၊ မြန်မာလူမျိုးတို့၏ ကူညီရိုင်းပင်းတတ်မှု၊ နယ်မြေဒေသ လူမျိုးဘာသာခြားသော်ငြား လူသားဆန်သည့် လူသားတို့၏ အပြန်အလှန်မေတ္တာတရားကို လက်ရာမြောက်စွာ သရုပ်ဖော်ထားသည့် လုံးချင်းဝတ္ထုတစ်ပုဒ် ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၁၆၀၀ ဖြင့် အမှတ် ၅၂၈-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၈-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာ ၁၈ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည်

**ပုလဲ ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာ ၁၈ရွာတွင် ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ပုလဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးက "၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာ ကျေးရွာ တစ်ရွာလျှင် ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၀၀ နှုန်းစီဖြင့် သာယာကုန်း၊ ညောင်ကန်၊ သပြေလှ၊ ပြင်လှိုင်း၊ ထန်းတောတိုက်၊ ညောင်ရင်းကုန်း၊ နှောပင်ပြန့်၊ အုန်းမွှန်းတော၊ ကျွဲကျ၊ လှိုင်း၊ ပေါက်ပင်ချောက်၊ ငန်းချောင်း၊ ကသောင်း၊ ခရု၊ ခင်သာ၊ ကံပေါက်(အထက်)၊ သံတောင်ကျေးရွာနှင့် ကျောက်ဆင်ထူးကျေးရွာတွေမှာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာအဆင့်လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်တွေ ရွေးချယ်ခြင်းလုပ်ငန်းကို ဇန်နဝါရီလအတွင်းက ကျေးရွာတွေကို ကွင်းဆင်း၍ ပြည်သူတွေရဲ့ ဆန္ဒသဘောထားတွေနဲ့အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ပါတယ်။ ကျေးရွာအဆင့်လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်တွေကို သင်တန်းပေးခြင်းနဲ့ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆက်လက်၍ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများအနေဖြင့် မိမိတို့ကျေးရွာများ၏ ပကတိလိုအပ်ချက်များကိုဖော်ထုတ်ပြီး ဦးစားပေး အစီအစဉ်အလိုက် စီမံချက်များ ရေးဆွဲနိုင်ရန်၊ ကျေးရွာ၏ ဦးစားပေး စီမံချက်များအပေါ် အခြေခံ၍ နှစ်စဉ်ရန်ပုံငွေလျာထားပြီး စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ရန်၊ ကျေးရွာမှထွက်ပေါ်လာသော စီမံချက်များကို မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရာတွင် ထည့်သွင်းရေးဆွဲနိုင်ရန် ရည်ရွယ်ချက်များဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ကို အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

# ရွာသစ်မြို့၌ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်(၂)နှစ်အောက် ကလေးငယ်များအား ထောက်ပံ့ငွေပေးအပ်

**ရွာသစ် ဖေဖော်ဝါရီ ၁၀**

ကယားပြည်နယ် ရွာသစ်မြို့၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပထမ သုံးလပတ်အတွက် ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်(၂)နှစ်အောက် ကလေးငယ်များအား ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက မြောက်ပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပေးအပ်ကြောင်း သိရသည်။

ထိုသို့ပေးအပ်ရာတွင် မြောက်ပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်အောင်က မြောက်ပိုင်းရပ်ကွက်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်(၂)နှစ်အောက် ကလေးငယ် စုစုပေါင်း ၃၆ ဦးအား ပထမသုံးလပတ်အတွက် တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ ကို လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**နန်းဆွေဆွေအေး (ပြန်/ဆက်)**

# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဒီဇင်ဘာလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၀၂ ဒသမ ၄၈ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၅၃ ဒသမ ၉၂ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၅၆ ဒသမ ၄၀ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၁၈ ဒသမ ၄၁ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၂၆ ဒသမ ၉၃ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၄၅ ဒသမ ၃၄ သန်းဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဒီဇင်ဘာလအတွက် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန် ဒေါ်လာ ၃၂၀၁ ဒသမ ၇၄ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၁၁၁ ဒသမ ၀၆ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁၅၄ ဒသမ ၂၀ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၈၇၀ ဒသမ ၅၀ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၀၂၄ ဒသမ ၇၀ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၁၄၀ ဒသမ ၀၃ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၆၇ ဒသမ ၉၂ သန်းနှင့် စုစုပေါင်းသွင်းကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၉၀၇ ဒသမ ၉၅ သန်း ဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၇၉၃၂ ဒသမ ၆၅ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှု ပိုငွေမှ အမေရိကန်ဒေါ်လာ ၁၁၆ ဒသမ ၇၅ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရသည်။

**သတင်းစဉ်**

# ဟိုင်းကြီးကျွန်းမြို့အနီးရှိ မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် လှေတစ်စင်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များ ကူညီကယ်ဆယ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

တနင်္သာရီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များသည် ကင်းမွန်လှေတစ်စင်း ရေဝင်နစ်မြုပ်လျက်ရှိကြောင်း သိရှိသဖြင့် သွားရောက်စစ်ဆေးရာ ဖေဖော်ဝါရီ ၈ ရက် ညနေ ၄ နာရီခွဲတွင် ဟိုင်းကြီးကျွန်းမြို့၏ အရှေ့တောင်ဘက် ရေမိုင် ၁၁ မိုင်ခွဲခန့် အကွာသို့အရောက်၌ ရေဝင်နစ်မြုပ်နေသည့် အောင်သစ္စာ-၄ အမည်ရှိ ဒေသခံငါးဖမ်းလှေတစ်စင်းအား တွေ့ရှိရပြီး လှေပေါ်ရှိ လှေသား ၁၈ ဦးအား ကူညီကယ်ဆယ်ပေးခဲ့သည်။

အဆိုပါ လှေသားများအား ရေယာဉ်ပေါ်သို့တင်ဆောင်ကာ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်း စသည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး သက်ဆိုင်ရာသို့ လွှဲပြောင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူထုအားလုံး ကျန်းမာရေး ကျန်းမာရေးဝန်ထမ်းများကို ကူညီပံ့ပိုးပေး



#LETSBEATCOVIDTOGETHER

တစ်ကမ္ဘာလုံးက COVID-19 နှင့် တိုက်ပွဲဝင်နေရပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေနဲ့ စေတနာ့ဝန်ထမ်းတွေက ကူးစက်ရောဂါကို ရှေ့တန်းစစ်မျက်နှာမှာ တိုက်ခိုက်နေတာဖြစ်ပါတယ်။ သူတို့က COVID-19 ကူးစက်ခံထားရတဲ့ လူနာများနှင့် နေ့စဉ်ထိတွေ့နေရပါတယ်။ လူသားအားလုံးကို ကူညီတာကြောင့် ရောဂါကူးစက်နိုင်ခြေရှိတဲ့ အခြေအနေတွေကို သူတို့ လက်ခံ ကြုံတွေ့နေရပါတယ်။ ရောဂါကို တိုက်ဖျက်ပြီး လူတိုင်းပြန်ပြီး ကျန်းမာလာစေဖို့ သူတို့အစွမ်းကုန်ကြိုးစားနေကြပါတယ်။ တတ်နိုင်သမျှ ကျန်းမာရေးဝန်ထမ်းတွေကို ကူညီပံ့ပိုးကြပါစို့။

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၇၈၀၅၁၁၃ | ၁၇၆၄၂၅၅၆ | ၄၇၉၈၃၉ |
| ၂။ | အိန္ဒိယ | ၁၀၈၅၉၀၅၇ | ၁၀၅၆၀၅၉၃ | ၁၅၅၂၈၆ |
| ၃။ | ဘရာဇီး | ၉၆၀၂၀၃၄ | ၈၅၂၃၄၆၂ | ၂၃၃၅၈၈ |
| ၄။ | ရုရှား | ၄၀၁၂၇၁၀ | ၃၅၁၆၄၆၁ | ၇၈၁၃၄ |
| ၅။ | ဗြိတိန် | ၃၉၇၂၁၄၈ | ၁၉၈၃၆၅၀ | ၁၁၃၈၅၀ |
| ၆။ | ပြင်သစ် | ၃၃၆၀၂၃၅ | ၂၃၅၇၁၇ | ၈၀၁၄၇ |
| ၇။ | စပိန် | ၃၀၀၅၄၈၇ | စိစစ်ဆဲ | ၆၃၀၆၁ |
| ၈။ | အီတလီ | ၂၆၅၅၃၁၉ | ၂၁၄၉၃၅၀ | ၉၂၀၀၂ |
| ၉။ | တူရကီ | ၂၅၄၈၁၉၅ | ၂၄၃၇၃၈၂ | ၂၆၉၉၈ |
| ၁၀။ | ဂျာမနီ | ၂၃၀၄၇၀၃ | ၂၀၇၃၁၀၀ | ၆၃၄၈၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၁၈၃၅၅၅ | ၉၈၂၉၇၂ | ၃၂၁၆၇ |
| ၂။ | ဖိလစ်ပိုင် | ၅၄၁၅၆၀ | ၄၉၉၈၇၁ | ၁၁၄၀၁ |
| ၃။ | မလေးရှား | ၂၅၁၆၀၄ | ၁၉၈၄၉၅ | ၉၂၃ |
| ၄။ | မြန်မာ | ၁၄၁၄၈၇ | ၁၂၈၆၉၂ | ၃၁၈၁ |
| ၅။ | စင်ကာပူ | ၅၉၇၄၇ | ၅၉၅၀၆ | ၂၉ |
| ၆။ | ထိုင်း | ၂၃၉၀၃ | ၁၈၉၁၄ | ၈၀ |
| ၇။ | ဗီယက်နမ် | ၂၀၉၁ | ၁၄၈၀ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၄၇၈ | ၄၅၇ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၂ | ၁၇၅ | ၃ |
| ၁၀။ | လာအို | ၄၅ | ၄၁ | ၀ |

# COVID-19
# ကပ်ရောဂါကူးစက်မှုလျှော့ချနိုင်ဖို့ ဤအချက်များကို လိုက်နာရန် လူတိုင်းတာဝန်ရှိသည်။



#LETSBEATCOVIDTOGETHER

COVID-19 ကပ်ရောဂါကူးစက်မှုကိုကာကွယ်ဖို့ လူတိုင်း ကိုယ့်တာဝန်ကိုယ်ယူရင်း အခြားသူတွေကိုပါ ဘေးကင်းအောင် နေထိုင်ပြုမူပါ။ ကိုယ်ကိုယ်တိုင်ကူးစက်ခံရမှုနဲ့ အခြားသူတွေကို ကူးစက်မှုကို လျှော့ချဖို့ လိုက်နာရမယ့် အချက် ၃ ချက်ကတော့ ...


(၁) လုံအောင်ဖုံး (အပြင်ထွက်သွားလာတဲ့အခါမှာ MASK ကိုအသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ဖို့)

(၂) လက်ကိုဆေး (လက်ကို ဆပ်ပြာနဲ့ မကြာခဏ အနည်းဆုံးစက္ကန့် ၂၀ ကြာအောင် ဆေးကြောဖို့)

(၃) လူချင်းခွာ (လူတစ်ဦးနဲ့တစ်ဦး ၆ ပေအကွာမှာ နေဖို့) စတဲ့ အချက်တွေပါ။

ဒီအချက်တွေကို လိုက်နာလုပ်ဆောင်မှသာ မိမိကိုယ်တိုင်၊ မိမိသူငယ်ချင်းတွေနဲ့ မိမိချစ်ရတဲ့သူတွေကို ဘေးကင်းစေမှာပါ။

# COVID-19
# ကပ်ရောဂါကူးစက်မှုလျှော့ချနိုင်ဖို့ အနီးကပ်ပြောဆိုဆက်ဆံခြင်းကို ရှောင်ကြဉ်ပါ။




#LETSBEATCOVIDTOGETHER

COVID-19 ကပ်ရောဂါ ကူးစက်မှုကို လျှော့ချနိုင်ဖို့ရှောင်ကြဉ်ရမယ့်အချက် (၁) ချက်ကတော့ "အနီးကပ်ပြောဆို ဆက်ဆံခြင်း" ပါ။

လူတစ်ဦးနဲ့တစ်ဦး ပိုပြီးနီးကပ်လေလေ ဗိုင်းရပ်စ်ကူးစက်နိုင်မှု ပိုလွယ်လေပဲ ဖြစ်ပါတယ်။ အဲ့ဒါကြောင့် မိသားစုဝင်တွေ၊ ခင်မင်ရင်းနှီးသူတွေနဲ့လည်း အနီးအကပ်ပြောဆိုဆက်ဆံတာကို တတ်နိုင်သမျှ ရှောင်ရှားပါ။ ၆ ပေ (သို့မဟုတ်) ခြေလှမ်းကျယ်နှစ်လှမ်းစာအကွာမှာနေပြီး သင်ကိုယ်တိုင်နဲ့ အခြားသူတွေကို ရောဂါကူးစက်မှုကနေ ကာကွယ်ပါ။

# သတင်းတု၊ သတင်းမှားများ သတိထား


















# ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ်ကာလအတွင်း အိမ်တွင်းအကြမ်းဖက်မှု မကျူးလွန်ရ




မည်သည့်အကြောင်းပြချက်နဲ့မှ အိမ်တွင်းအကြမ်းဖက်မှုကို မကျူးလွန်ရ

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ် ကာလအတွင်းမှာ အောက်ပါအကြောင်းအချက်တွေကြောင့် အမျိုးသမီးနှင့် ကလေးငယ်တွေဟာ အိမ်တွင်းအကြမ်းဖက်မှုပုံစံအမျိုးမျိုးကို ပိုမိုတွေ့ကြုံ ခံစားရနိုင်ပါတယ်။



အိမ်မှုကိစ္စတွေဟာ အမျိုးသမီးတွေနဲ့ပဲ သက်ဆိုင်တယ်၊ ကလေးနဲ့ နာမကျန်းသူတွေကို ပြုစုစောင့်ရှောက်ဖို့က အမျိုးသမီးတွေရဲ့ တာဝန်ပဲဖြစ်တယ် အစရှိတဲ့ ဂျဲန်ဒါ တရားသေ အယူအဆများကြောင့် အမျိုးသမီးအများစုအပေါ်မှာ ဝန်ပိလာလေ့ရှိခြင်း





အိမ်တွင်း အကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိ ယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ



ငွေရေးကြေးရေးနဲ့ စီးပွားရေးအကျပ်အတည်းတွေကြောင့် အိမ်တွင်းတင်းမာမှုတွေ မြင့်တက်လာခြင်း



ရောဂါအန္တရာယ်ကြောင့် အိမ်ထဲမှာပဲ နေထိုင်ရခြင်းနဲ့ လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုတွေ၊ လူမှုအဆက်အသွယ်တွေ ပြတ်တောက်ပြီး ပိုမိုအထီးကျန်စေခြင်း





အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ် အကူအညီရယူနိုင်ပါတယ်



ရောဂါပြန့်ပွားမှု ဘေးအန္တရာယ်ကြောင့် စိုးရိမ်ပူပန်မှုတွေ တိုးပွားလာပြီး စိတ်ဖိစီးမှု များပြားလာခြင်း




ရောဂါဖြစ်ပွားမှုတွေကြောင့် အကြမ်းဖက်ခံရသူတွေအတွက် ပံ့မှန်ထောက်ပံ့ကူညီပေးနေသော ဝန်ဆောင်မှုတွေ အားနည်းသွားခြင်းနဲ့ ဝန်ဆောင်မှုတွေကို လက်လှမ်းမီရရှိနိုင်ဖို့ ခက်ခဲသွားခြင်း





အိမ်တွင်းအကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ် ရယူလိုပါက ဥပဒေရေးရာကူစားရေးအဖွဲ့(မြန်မာ) ၏ HOT LINE ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ နှင့် ၀၉-၂၆၆၆၈၄၄၄၉ တို့သို့ ဆက်သွယ် အကူအညီရယူနိုင်ပါသည်



စိတ်ဖိစီးမှုကို လျှော့ချဖို့အတွက် အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း အစရှိတဲ့ လွဲမှားတဲ့အလေ့အထနဲ့ အမူအကျင့်တွေကို ကျင့်သုံးခြင်း




အဲဒါကြောင့် မိမိပတ်ဝန်းကျင်မှာ အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားနေတာကို သိရှိတွေ့မြင်ပါက တိတ်ဆိတ်မနေဘဲ ပူးပေါင်းကူညီ ဆောင်ရွက်ပေးပါ




အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်

# ငါ့သရောက်မြို့၌ ထန်းတက်ရာသီစတင်ချိန် ထန်းဆွဲမြူအိုးအမြောက်အမြား လုပ်ကိုင်ရောင်းချနေရ

**ညောင်ဦး ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ တောင်ကုန်းရပ်တွင် ထန်းတက်ရာသီမစတင်မီ အချိန်ကတည်းက ထန်းဆွဲမြူအိုးပြုလုပ်ထားကြပြီး ထန်းတက်လုပ်ငန်းစတင်ပြီဆိုသည်နှင့် ထန်းဆွဲမြူအိုးအမြောက်အမြား ရောင်းချရခြင်းဖြင့် မိသားစုစီးပွားရေး တွက်ခြေကိုက်နေကြကြောင်း တောင်ကုန်းကျေးရွာနေ ဦးမြင့်ဆွေထံမှ သိရသည်။

အိုးအမျိုးမျိုးပြုလုပ်ကြသော်လည်း ထန်းဆွဲမြူအိုးကို အိမ်တိုင်းပြုလုပ်ကြကြောင်း၊ အိုးလုပ်ရာတွင် မြေကြမ်းအမျိုးအစားမြေနှင့် ကန်မြေအမျိုးအစား အချွဲ (ရွှံ့စေးမြေ)တို့ကို အဓိကထား၍ အိုးလုပ်ကြကြောင်း၊ အိုးလုပ်ရန်အတွက် မြေသားမှုန့်နေအောင် ကြိတ်နယ်ရပြီး အမှိုက်၊ သစ်မြစ်သေ၊ သစ်ရွက်များ ကင်းစင်အောင်ဖယ်ရှားကာ မြေသားသန့်ရှင်းပြီသည်နှင့် မြေသားနှစ်မျိုးကို ရေဖြင့်နှပ်ထားပြီး ရွှံ့တုံးများကို အဝတ်အစိုဖြင့်အုပ်ထားရကြောင်း၊ အိုးပြင်လှဲ့လှည့်သူနှင့် အိုးထွင်းသူနှစ်ဦးဖြင့် အိုးလုပ်ငန်းလုပ်ကိုင်ရကြောင်း၊ အိုးထွင်းသူသည် အဓိကကျပြီး အိုးပြင်လှဲ့အား တစ်ရွာလုံးရှိလူတိုင်း လှည့်တတ်ကြကြောင်း သိရသည်။

ငါ့သရောက်မြို့ တောင်ကုန်းကျေးရွာထွက် ထန်းဆွဲမြူအိုးများကို ထန်းတောင်သူများကြိုက်နှစ်သက်ရခြင်းမှာ ပါးလွှာပြီး ပေါ့ပါးခြင်းကြောင့် ထန်းတက်ရာသီတွင် ထန်းတောင်သူတိုင်းလာရောက်ဝယ်ယူကြကြောင်း၊ ထန်းသမားတစ်ယောက် ထန်းတက်လျှင် ထန်းဆွဲမြူအိုး ခုနစ်လုံးအထိ ခါးချိတ်ကာ ထန်းတက်နိုင်ကြခြင်းသည် ပေါ့ပါးပြီး ပါးလွှာသည့် ထန်းဆွဲမြူအိုးများကြောင့် ထန်းတောင်သူများ အကြိုက်တွေ့ကြကြောင်း ငါ့သရောက်မြို့ တမာခါးကျေးရွာမှ ထန်းတောင်သူ ဦးမြင့်မောင်က ရှင်းပြသည်။

ထန်းဆွဲမြူအိုးများကို နတ်တော်လမှစတင်ပြုလုပ်ကြပြီး ထန်းဆွဲမြူအိုးတစ်လုံးလျှင် ကျပ် ၁၂၀ ရောင်းချရပြီး နတ်တော်၊ ပြာသို၊ တပို့တွဲ သုံးလအတွင်း ထန်းဆွဲမြူအိုးအလုံးရေ နှစ်သိန်းခွဲကျော် ပြုလုပ်ရောင်းချရပြီး တောင်ကုန်းကျေးရွာအထိ လာရောက်ဝယ်ယူကြကြောင်း ဒေါ်စန်းယုံက ပြောကြားသည်။

ငါ့သရောက်မြို့ တောင်ကုန်းကျေးရွာသည် အိုးအမျိုးမျိုးပြုလုပ်ကြပြီး ထန်းဆွဲမြူအိုးနှင့် ပြာသိုသောက်ရေအိုးတို့မှာ နာမည်ကျော်ငါ့သရောက်ဒေသထွက်အိုးများဖြစ်ကြောင်း၊ ရေဆေးမြေဇလုံ၊ မြေပန်းအိုး၊ မြေဘုရားပန်းအိုး၊ မြေသားမီးဖို၊ မုန့်ပြားသလပ်အိုးခင်း၊ မြေသားစုဘူး၊ ထန်းလျက်အရက်ချက်ချွေးခံပေါင်းအိုး၊ ကောက်ညှင်းပေါင်းအိုး၊ ပန်းပင်စိုက်မြေသားအိုးအမျိုးမျိုးတို့ ပြုလုပ်ရောင်းချကြကာ ကျောက်ပန်းတောင်း၊ တောင်သာ၊ ညောင်ဦး၊ ပုဂံ၊ ချောက်၊ တောင်ဇင်းကျေးရွာ၊ ဂျမ်းလှီးကျေးရွာများမှ လာရောက်ဝယ်ယူကြကြောင်းနှင့် ငါ့သရောက်မြို့ တောင်ကုန်းကျေးရွာတွင် အိုးဖုတ်ကုန်း(အိုးဖို) သုံးကုန်းရှိရာ တစ်ရွာလုံးမဲစနစ်ဖြင့် မိမိတို့အိုးဖုတ်ဖို့ မဲကျရာနေရာတွင် အိုးဖုတ်(အိုးဖို)ရကြောင်း သိရပြီး တစ်အိမ်ထောင်လျှင် တစ်ရက်ထန်းဆွဲမြူအိုး ၂၀၀ ကျော် ပြုလုပ်ရောင်းချနေရကြောင်း သိရသည်။

**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**





# ထီးချိုင့်မြို့နယ်၌ မြစိမ်းရောင်စီမံကိန်းချေးငွေများ အိမ်တိုင်ရာရောက်စနစ်ဖြင့် ထုတ်ချေး

**ထီးချိုင့် ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ပဲခင်းကျေးရွာအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်စီမံကိန်းချေးငွေ (ဒုတိယ)နှစ်အတွက် ချေးငွေစုစုပေါင်းကျပ် ၃၄၃ သိန်းအား ယမန်နေ့က အိမ်တိုင်ရာရောက်စနစ်ဖြင့် ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ မြစိမ်းရောင်စီမံကိန်းချေးငွေစုစုပေါင်းကျပ် ၃၄၃ သိန်းကို ထုတ်ချေးရာတွင် လုပ်ငန်းလေးမျိုးဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် လူဦးရေ ၇၈ ဦးအား မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမွန်ထက်နှင့်ဝန်ထမ်းများက ချေးငွေထုတ်ပေးခြင်းကို ကိုဗစ်-၁၉ ရောဂါ ကျန်းမာရေးညွှန်ကြားချက်နှင့်အညီ ကော်မတီဝင်များဖြင့် အဖွဲ့လေးဖွဲ့ခွဲ၍ ပြည်သူ့များလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မွေးကြူဇင်**

# မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာ ၆၅ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်မည်

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာ ၆၅ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျေးလက်နှင့် မြို့ပြ ကွာဟမှုများကျဉ်းမြောင်းစေရန်၊ ကျေးလက်နေပြည်သူများ ခေါင်းဆောင်မှုတိုးတက်လာစေရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နှစ်စဉ် ဘဏ္ဍာနှစ်အလိုက် မိတ္ထီလာခရိုင်အတွင်းရှိကျေးရွာများတွင် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာမှ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ ဝမ်းတွင်း၊ မလှိုင်၊ သာစည်မြို့နယ်များတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာ ၆၅ ရွာကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်မှထောက်ပံ့ငွေကျပ် သိန်း ၁၀၀ နှုန်းနှင့် ကျေးရွာလူထုထည့်ဝင်ငွေ၊ လူထုလုပ်အားများပူးပေါင်း၍ ကျေးရွာ၏ အခြေခံလိုအပ်ချက်ဖြစ်သော ရေရရှိရေးလုပ်ငန်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်း၊ ၄၀၀ ဗို့အား လျှပ်စစ်မီးလိုင်းသွယ်တန်းခြင်းလုပ်ငန်း၊ ကျေးရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ကျေးရွာဘက်စုံသုံးခန်းမဆောက်လုပ်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ကို မိတ္ထီလာမြို့နယ်တွင် ကျေးရွာ ၂၀၊ ဝမ်းတွင်းမြို့နယ်တွင် ကျေးရွာ၁၅ ရွာ၊ မလှိုင်မြို့နယ်တွင် ကျေးရွာ ၁၅ ရွာနှင့် သာစည်မြို့နယ်တွင် ကျေးရွာ ၁၅ ရွာတို့တွင် ငွေကျပ်သိန်း ၆၅၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းထံမှ သိရသည်။

မိတ္ထီလာခရိုင်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ကျေးရွာ ၁၄၅ ရွာကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**

# ဆောင်းသီးနှံပဲတီစိမ်းဈေး ယမန်နှစ်ကထက် ဈေးပိုရ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် စိုက်ပျိုးရေးကဏ္ဍအဖြစ် တောင်သူများက မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံများနှင့် ပဲတီစိမ်းများစိုက်ပျိုးနေပြီး ယခုနှစ်ဆောင်းရာသီတွင် သန်လျင်မြို့နယ်၌ ပဲတီစိမ်း ၄၂၉၀၄ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဖေဖော်ဝါရီပထမပတ်တွင် စတင်ခူးဆွတ်၍ရောင်းချရာ ယမန်နှစ်ကထက် ဈေးပိုမိုရရှိသည်။

သန်လျင်မြို့နယ်အတွင်း ဆောင်းသီးနှံပဲတီစိမ်းများကို ဝင်းခနီးကျေးရွာ၊ ဖားကူးအရှေ့ကျေးရွာ၊ ဖားကူးအနောက်ကျေးရွာ၊ ဒေးဇတ်ကျေးရွာ၊ သပြေကုန်းကျေးရွာ၊ လပဟာရက်ကျေးရွာ၊ ကဒတ်ဖြာကျေးရွာ၊ ပုဂံထောင်ကျေးရွာ၊ မင်္ဂလွန်းကျေးရွာ၊ ရုံးသပြေကန်ကျေးရွာ၊ ဘော့သပြေကန်ကျေးရွာ၊ ကရင်ဆိပ်ကျေးရွာ၊ သူဌေးကွင်းကျေးရွာ၊ ကုလားဝဲကျေးရွာ၊ ညောင်လေးပင်ကျေးရွာ၊ ငပကျေးရွာ၊ ဘုရားကုန်းကျေးရွာ၊ လက်ယက်စမ်းကျေးရွာ၊ ဆေးလုံးကြီးကျေးရွာ၊ ချောင်းစောက်ကျေးရွာ၊ ဘယက်ကျေးရွာ၊ သနပ္ပင်ကျေးရွာနှင့် စစ်ပင်ကွင်းကျေးရွာတို့တွင် စိုက်ပျိုးခဲ့ပြီး GAP စိုက်စနစ်ဖြင့် ပုဂံထောင်ကျေးရွာတွင် ပဲတီစိမ်း ၃၂၃ ဧကနှင့် ဘော့သပြေကန်ကျေးရွာ၌ ပဲတီစိမ်း ၁၀၉ ဧကတို့အား စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးပြီး ပဲတီစိမ်းများကို ဖေဖော်ဝါရီပထမပတ်တွင် စတင်ခူးဆွတ်ခဲ့ပြီး ပဲတီစိမ်းတစ်ကေလျှင် ပဲခွဲစက်ဖြင့် ထွက်ရှိနှုန်းမှာ ၁၅ တင်းခွဲမှ ၁၆ တင်းနီးပါးထွက်ရှိပြီး လက်ရှိတွင် ပဲတီစိမ်းပိဿာ ၂၀ လျှင် ရောင်းဈေးငွေကျပ် ၄၆၀၀၀ နှုန်းဖြင့် ပဲဝယ်သူများက ပဲစိုက်ခင်းများသို့ လာရောက်ဝယ်ယူကြကာ ယမန်နှစ်ကထက် ဈေးပိုမိုရရှိကြောင်း ပဲစိုက်တောင်သူများထံမှ သိရသည်။

**သက်ခိုင်**
**(သန်လျင်)**



# ရေနံချောင်းမြို့နယ်၌ ပဲကြီးစိမ်း အသစ်ပေါ်

**ရေနံချောင်း ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်စိုက် ပဲကြီးစိမ်းများ အသစ်ပေါ်ချိန်ဖြစ်ရာ ပေါ်ဦးပေါ်ဖျားရာသီစာအဖြစ် ရောင်းချနေရကြောင်း သိရသည်။

အညာဒေသ၌ တောင်သူများ သီးထပ်အဖြစ် ပဲကြီးကိုစိုက်ပျိုးကြပြီး ယခုနှစ် မိုးရွာသွန်းမှုနည်းပါးသောကြောင့် ပဲကြီးအထွက်နောက်ကျကြောင်း၊ အထွက်နည်းကြောင်း ရေနံချောင်းမြို့နယ် ကုက္ကိုယ်ခွကျေးရွာအုပ်စု တောင်သူ ဦးလှသန်းထံမှ သိရသည်။

လက်ရှိလက်လီဈေးကွက်၌ ပဲကြီးစိမ်းတစ်ပြည်လျှင် ကျပ် ၃၂၀၀၊ အခွံချွတ်ပြီးတစ်ပြည်လျှင် ကျပ် ၄၀၀၀၊ နို့ဆီဘူးတစ်ဘူးလျှင် ကျပ် ၅၀၀ ပေါက်ဈေးရှိကြောင်း၊ ဇန်နဝါရီလဆန်းရက်မှာ ပဲကြီးစိမ်း နို့ဆီဘူးတစ်ဘူးလျှင် ကျပ် ၇၀၀ ရောင်းရကြောင်း၊ အဝင်များသောကြောင့် ဈေးအနည်းငယ်အေးသွားကြောင်း လက်လီရောင်းဝယ်သူများက ပြောကြားသည်။

ဈေးကွက်၌ ပဲကြီးကို ပဲကြော်ဖိုများကလည်းကောင်း၊ ခွဲခြမ်းစက်များကလည်းကောင်း အသုံးပြုကြသည့်အပြင် မီးဖိုချောင်သုံးပဲကြီးဟင်းအဖြစ် စားသုံးကြကြောင်း သိရသည်။ **ဆန်းညွန့် (ရေနံချောင်း)**

**ရုံး/ဌာနများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် ကြီးကြပ်သူများ/ တာဝန်ကျဝန်ထမ်းများအနေဖြင့် အချင်းချင်း သတိပေးပြောကြားရမည့် အချက်များ**

**(အနည်းဆုံး တစ်နေ့ (၃)ကြိမ် ပြောကြားပေးပါရန်)**

၁။ နံနက်ခင်း ရုံးသို့ လာရောက်စဉ်နှင့် ရုံးတက်ချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

- (COVID-19) ရောဂါပိုးသယ်ဆောင်ထားသော်လည်းအဖြင်အာဖြင့်နေကောင်းကျန်းမာစွာဖြင့် ရောဂါလက္ခဏာတစ်စုံတစ်ရာ မပြသူများမှာ (၇၀%)အထက်တွင်ရှိနေသည်။
- (COVID-19)ရောဂါပိုးသည်အသက်ရှူထုတ်ခြင်းဖြင့်အကွာအဝေး(၅)ပေခန့်အထိ၊ ချောင်းဆိုးခြင်းဖြင့် တစ်စက္ကန့်လျှင်(၃၃)ပေနှုန်းဖြင့် (၆)ပေခွဲကျော်အထိ၊ နှာချေခြင်းဖြင့် တစ်စက္ကန့် လျှင် (၁၆၄)ပေနှုန်းဖြင့်(၁၉)ပေခွဲကျော်အထိ ရောက်ရှိနိုင်ပါသည်။
- (COVID-19)ရောဂါပိုးသည် အလုံပိတ်အခန်းများ/Air-con အခန်းများတွင် လေထဲ လွင့်မျော၍ ကူးစက်ခြင်း(air borne transmission) မှတစ်ဆင့်ကူးစက်နိုင်ပါသည်။

(က) ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင် အချင်းချင်းသတိပေးပြောကြားရန်-

- အိမ်အပြင်သို့ ထွက်ရာတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ။
- ဝန်ထမ်းကြို/ပို့ယာဉ်များကို စောင့်ဆိုင်းသည့်နေရာတွင် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေအကွာ ခပ်ခွာခွာနေပါ။
- ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင်စီးနင်းရာ၌ ထိုင်ခုံတစ်ခုတွင် တစ်ယောက်ချင်းစီသာ လူခြားကြား အနေအထားဖြင့် ခပ်ခွာခွာထိုင်ပါ၊ ထိုင်ခုံတစ်ခုတည်းတွင် တစ်ဦးနှင့် တစ်ဦး နီးကပ်စွာ မထိုင်ရပါ။

(မှတ်ချက်။ အများသုံးယာဉ်များအသုံးပြုပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ၊ အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေပါ၊ အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမဲ့လို လက်သန့်စင်ဆေးရည်ကို မကြာခဏ အသုံးပြုပါ။)

(ခ) ရုံး/ဌာနသို့ ရောက်ရှိချိန်နှင့် ရုံးချိန်အတွင်းတွင် အချင်းချင်းသတိပေးပြောကြားရန်-

- ရုံး/ဌာနသို့ ဝင်ရောက်သည့်အခါ (Physical Distancing) မှုနှင့်အညီ တစ်ဦးနှင့် တစ်ဦး အနည်းဆုံး (၆)ပေအကွာ ခပ်ခွာခွာ ဝင်ရောက်ပါ။
- ရုံး/ဌာနအတွင်းသို့ မဝင်မီ ဆပ်ပြာနှင့် ရေကို အသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် လက်ဆေးပါ၊ (သို့မဟုတ်) အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမဲ့လို လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။
- ရုံးဝင်ပေါက်နေရာများတွင် Non-touch thermometer အသုံးပြု၍ ကိုယ်အပူချိန် တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပါ။ ပုံမှန် ကိုယ်အပူချိန် (၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်အောက်) ရှိမှသာ လုပ်ငန်းခွင်သို့ ဝင်ရောက်ပါ။
- ရုံးချိန်အတွင်း ညှိသည်လက်ခံခြင်း မပြုရပါ။
- ရုံးချိန်အတွင်းတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ။ အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စွန့်ပစ်သည့်အခါ အဖုံးပါသည့် အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ။
- ရုံးတွင်း/ရုံးပြင် ဧည့်ခန်း/စာရင်းများတွင် တာဝန်ကျသူများသည် ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face Shield)၊ လက်အိတ် (Glove) တို့ကို စနစ်တကျ ဝတ်ဆင်ရပါမည်။
- အလုပ်ခွင်၌ ဝန်ထမ်းတစ်ဦးနှင့် တစ်ဦးအကြား (၆)ပေခွာ၍ အလုပ်လုပ်ပါ၊ တတ်နိုင်သမျှ မျက်နှာချင်းဆိုင်မနေရပါ။ ဖြစ်နိုင်ပါက တစ်ဦးနှင့် တစ်ဦးအကြား စားပွဲတင်ပလတ်စတစ်အကာ (Plastic Cover) အသုံးပြုပါ။
- အခြားသူများနှင့် ထိတွေ့မှု အများဆုံးရှိနိုင်သည့် မျက်နှာပြင်များ (ဥပမာ-အလုပ်စားပွဲမျက်နှာပြင်များ)ကို မကြာခဏ ပိုးသတ်သန့်စင်ပါ။
- ရုတ်တရက် နှာချေခြင်း၊ ချောင်းဆိုးခြင်း ပြုသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းကို တစ်ခါသုံးတစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် လုံခြုံအောင် ဖုံးအုပ်ပါ။ အသုံးပြုပြီးတစ်ရှူးကို အဖုံးပါသည့်အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ၊ ပြီးလျှင် လက်ကို စနစ်တကျ ဆေးကြောပါ။
- ရုံးချိန်အတွင်းတွင် ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို စက္ကန့် (၂၀) ကြာအောင် မကြာခဏ စနစ်တကျ ဆေးကြောပါ၊ (သို့မဟုတ်) အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမဲ့လို လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။

- လုပ်ငန်းခွင်အတွင်း လုပ်ငန်းသဘာဝကြောင့်ဖြစ်စေ၊ မေ့လျော့၍ဖြစ်စေ တစ်ဦးနှင့် တစ်ဦး နီးကပ်စွာ ဆက်ဆံပြောဆိုခြင်း မရှိစေရန် အချင်းချင်းအထူးသတိပေးပါ။

၂။ ထမင်းစားချိန်တွင်-

- ထမင်းစားချိန်တွင် စုဝေး၍စားသောက်ခြင်း မပြုရပါ၊ မိမိ၏ အလုပ်စားပွဲ (သို့မဟုတ်) ထမင်းစားရန်သတ်မှတ်ထားသော နေရာတွင်သာ တစ်ဦးချင်း သီးသန့် စားသောက်ပါ။
- အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများကို မျှဝေသုံးစွဲခြင်း မပြုရပါ။

၃။ ညနေခင်း ရုံးဆင်းချိန်နှင့် အိမ်ပြန်ရောက်ချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

(က) ရုံးဆင်းချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

- ရုံး/ဌာနမှပြန်ချိန်တွင်လည်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေ အကွာ နေထိုင်ခြင်း (Physical Distancing) မှုကို လိုက်နာပါ။
- ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ။

- ဖျားခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရ ခက်ခဲခြင်း စသည့် COVID-19 ရောဂါ သံသယဖြစ်ဖွယ်လက္ခဏာများ ခံစားနေရခြင်း၊ လွန်ခဲ့သော (၁၄)ရက်အတွင်း (COVID-19) ဓာတ်ခွဲအတည်ပြုလူနာ၊ စောင့်ကြည့်လူနာ နှင့် အသွားအလာ ကန့်သတ်ခြင်းခံရသူတို့နှင့် ထိတွေ့မှုရှိခြင်း၊ ရောဂါဖြစ်ပွားမှု များပြားနေသောဒေသများသို့ ခရီးသွားရောက်ခဲ့ခြင်းတို့ရှိခဲ့ပါက ရုံး/ဌာနသို့ လာရောက်ခြင်း လုံးဝ မပြုရပါ၊ သက်ဆိုင်ရာဌာနအကြီးအကဲ နှင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ် အကြောင်းကြားပါ။

- ဝန်ထမ်းကြို/ပို့ယာဉ်များ (သို့မဟုတ်) အများပြည်သူသုံးယာဉ်များကို စီးနင်းချိန်တွင် (၁-က) တွင် ဖော်ပြထားသည့် လိုက်နာရန်အချက်များကို ပြန်လည်သတိပေး ပြောကြားပေးပါ။

(ခ) အိမ်ပြန်ရောက်ချိန်တွင်လိုက်နာရန်ပြောကြားရမည့်အချက်များ

- အိမ်သို့ပြန်ရောက်ပါက ဆပ်ပြာနှင့်ရေကို အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် လက်ဆေးပါ၊ အဝတ်အစားများကို ဆပ်ပြာဖြင့် မိနစ်(၃၀)စိမ်ပြီးနောက် လျှော်ဖွပ်ပါ၊ ဆပ်ပြာဖြင့် ရေချိုးပါ။
- ကိုယ်လက်သန့်စင်ခြင်းမပြုမီ နေအိမ်ရှိ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် အနီးကပ် ထိတွေ့ခြင်းမပြုရပါ။


ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## မင်းကွန်းဒေသမှ လှေလာစရာ မြန်မာ့အနုပညာလက်ရာမြောက် ဝါးဆွဲကြိုးပြုလုပ်ခြင်း အနုပညာပစ္စည်းများ ပြုလုပ်ရောင်းချ

**မင်းကွန်း ဖေဖော်ဝါရီ ၁၀**

မင်းကွန်းဒေသတွင် ရှေးယခင်ကတည်းက ပန်းချီအနုပညာနှင့်ပေါင်းစပ်ကာ လက်ရာမြောက် ဝါးအနုပညာပစ္စည်းများကို ပြုလုပ်ရောင်းချကြသည်။ ယခင် မင်းကွန်းဒေသထွက် ပန်းချီရေးဆွဲထားသည့် ဝါးပေတံကလေးများမှာ ထင်ရှားသည်။ နောက်ပိုင်းကာလတွင် မြန်မာ့အနုပညာလက်ရာမြောက် ဝါးလက်မှုထုတ်ကုန်ပစ္စည်းများနှင့် အလှဆင်ပစ္စည်းများကို ပြည်တွင်းပြည်ပပြပွဲများတွင် ပြသနိုင်သည်အထိ ပြုလုပ်လာနိုင်ခဲ့သည်။

လက်ရှိကာလ ခရီးသွားလုပ်ငန်းရပ်နားထားချိန်တွင် မင်းကွန်းဒေသ၌ ဝါးလက်မှုပစ္စည်းပြုလုပ်ခြင်း၊ စွန့်ပစ်ကော်ဖီမစ်အိတ်များဖြင့် လက်မှုပစ္စည်းပြုလုပ်ခြင်း ပညာများကို မျှဝေကာ သင်တန်းပေးလျက်ရှိကြောင်း သိရသည်။



မင်းကွန်းဒေသတွင် ဝါးလက်မှုအနုပညာပစ္စည်းမျိုးစုံကို အမျိုးမျိုးကြံဆလုပ်ကိုင်လေ့ရှိသည်။ ယခင်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးစဉ်က မင်းကွန်းဒေသမှပြုလုပ်သည့် ဝါးအလှဆင်ပစ္စည်းများကို ဂျပန်နိုင်ငံမှ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်အမျိုးသမီးများနှင့် ပြည်တွင်း မော်ဒယ်များက အထူးစိတ်ဝင်စားသည်အထိ ပြုလုပ်နိုင်ခဲ့သည်။

မင်းကွန်းဒေသထွက် ဝါးလက်မှုအနုပညာပစ္စည်းများထဲတွင် ဝါးဖန်စီဆွဲကြိုးကလေးများမှာ ထင်ရှားသည်။ ဝါးဖန်စီဆွဲကြိုးတစ်စုံလျှင် ဖောက်သည်သွင်းဈေးငွေကျပ် ၅၀၀၀ ဖြစ်ပြီး အခြားဖန်စီပစ္စည်းများကိုလည်း ဈေးနှုန်းအမျိုးမျိုးဖြင့် အော်ဒါပြုလုပ်ပေးခဲ့သည်။

အရည်အသွေးမြင့် အနုပညာလက်ရာမြောက် ဝါးလက်မှုပစ္စည်းများအဖြစ် ဟိုတယ်များတွင် အများဆုံးအသုံးပြုသော အလှဆင်ပစ္စည်းဖြစ်သည့် ခြင်းများ၊ မီးစလောင်းများ၊ ဖုန်းထည့်သည့်အိတ်များနှင့် အခြားအလှဆင်ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများစွာကို ပြုလုပ်ရောင်းချကြသည်။ အမျိုးသမီးများဝတ်ဆင်သည့် ဝါးလည်ဆွဲများ၊ ဝါးလက်ပတ်ကြိုး၊ ဝါးလက်ကောက်၊ ဝါးကလစ်မှအစ အခြားဝါးဖန်စီအလှဆင်ပစ္စည်းများကို ပြုလုပ်ရောင်းချနိုင်ခဲ့သည်။

လက်ရှိကာလ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန် ခရီးသွားလုပ်ငန်း ရပ်နားထားသည့်အတွက် မင်းကွန်းဒေသတွင် ဝါးဖန်စီဈေးကွက်အေးနေသော်လည်း ပိုမိုဆန်းသစ်သည့် ဝါးလက်မှုပစ္စည်းများကို တီထွင်လေ့ကျင့်လုပ်ကိုင်ခြင်း၊ အခြားသူများကို မျှဝေသင်တန်းပေးခြင်းများကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**နွေနဒီ၊ မြစ်ငယ်**



## (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ပုံပြောပြိုင်ပွဲ ဖာပွန်မြို့၌ ကျင်းပ

**ဖာပွန် ဖေဖော်ဝါရီ ၁၀**

ကရင်ပြည်နယ် ဖာပွန်မြို့တွင် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုခြင်းအားဖြင့် ပုံပြောပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံး လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပသည်။

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်သက်ဦးက ကလေးငယ်များနှင့် ကျောင်းသား၊ ကျောင်းသူများ ကာယ၊ ဉာဏ စွမ်းရည်မြင့်မားလာစေရန်၊ ဉာဏ်ရည်ထက်မြက်လာစေရန်၊ နှုတ်ပြောစွမ်းရည်မြင့်မားစေရန်၊ ရဲဝံ့စွာပြောဆိုတတ်စေရန်နှင့် ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ပုံပြောပြိုင်ပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက် ကိုယ်စားပြု ကျောင်းသား၊ ကျောင်းသူများက မိမိတို့ကြိုက်နှစ်သက်ရာ ပုံပြင်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ ပြိုင်ပွဲအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကျင်းပခဲ့ကြောင်း သိရသည်။

**စိုင်းကျော်ဝဏ္ဏ၊ စောအောင်မျိုးလွင် (ပြန်/ဆက်)**

## ရေသွင်းရေနုတ်မြောင်းတူးဖော်ထားခြင်းကြောင့် ရေကျနောက်ကျစပါးများ ဖြစ်ထွန်း

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၁၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် အထက်ရေပူကျေးရွာတွင် မိုးစပါးစိုက်တောင်သူများအနေဖြင့် မိုးစပါးစိုက်ပျိုးရာတွင် လိုအပ်သည့်ရေများ အခက်အခဲမရှိစေရန်နှင့် မိုးစပါးနှင့် ရေကျနောက်ကျစပါးများ အောင်ရေကို လုံလောက်စွာရရှိပြီး စပါးအထွက်နှုန်းပိုမိုကောင်းမွန်စေရန်ရည်ရွယ်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေသွင်းရေနုတ်မြောင်းတူးဖော်ဆောင်ရွက်ထားမှုကြောင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါရေသွင်းရေနုတ်မြောင်း တူးဖော်ဆောင်ရွက်ထားခြင်းကြောင့် မိုးစပါးနှင့် ရေကျနောက်ကျစပါးစိုက်ပျိုးထားသည့် တောင်သူများအနေဖြင့် စပါးဧက ၄၅၀ ကို ရေအလုံအလောက်ရရှိပြီး စပါးအထွက်နှုန်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**




## မိုင်းယောင်း၌ အားကစားပစ္စည်းများ တပ်ဆင်

**မိုင်းယောင်း ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် ကျန်းမာရေးအတွက် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ပေးအပ်သော အားကစားပစ္စည်းများကို မြို့အဝင် ကြိုဆိုပါ၏ ဆိုင်းဘုတ်အနီးတွင် တပ်ဆင်ဆောင်ရွက်နေကြောင်း မြို့နယ်အားကစားနှင့် ကာယပညာကော်မတီမှ သိရသည်။

တာချီလိတ်ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ပေးအပ်သော လက်လှည့်၊ ခြေလှည့်စသည့်အားကစားပစ္စည်းများကို တပ်ဆင်ပေးနေပြီး အဆိုပါလုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်တာဝန်ရှိသူများ ယမန်နေ့က သွားရောက်ကြည့်ရှုခဲ့သည်။



ယခုအခါ ဒေသခံပြည်သူများသည် ကျန်းမာရေးအတွက် လမ်းလျှောက်ပြီးလျှင် အဆိုပါနေရာ၌ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ကာ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းရေးအတွက် အသုံးပြုနေပြီဖြစ်ရာ အဆင်ပြေနေကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

■

## ခနောင်ခုနစ်ရွာနှင့် ဓနုတ်ကားလမ်းမဆက် မြေသားလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် ခနောင်ခုနစ်ရွာနှင့် ဓနုတ်ကားလမ်းမဆက် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါမြေသားလမ်းသည် ခနောင်ကျေးရွာမှ ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ဒလ (နာရီစင်)- ဓနုတ်ကားလမ်းမကြီးအား ရခိုင်ချောင်ကျေးရွာအနီးတွင် ဆုံတွေ့မည်ဖြစ်သည်။

မြေသားလမ်းအရှည်မှာ ပေပေါင်း ၁၅၀၀၀ ကျော်၊ အကျယ် ပေ ၂၀ ရှိပြီး ကျောက်ချောလမ်းအဖြစ် ၆၈၁၈ ပေအား ခင်းကျင်းပြီးစီးနေပြီဖြစ်ပြီး ပေ ၅၀၀၀ အား ကျောက်ကြမ်းစီပြီးစီးနေပြီဟု သိရသည်။

ကျောက်ချောလမ်းအဖြစ်ပြီးစီးပါက အံ့ကြီးအရှေ့ရပ်ကွက်၊ အံ့ကြီးအနောက်ရပ်ကွက်၊ သမ္မတကမ်းခြေရပ်ကွက်နှင့် စံပြတံတားချောင်းကျေးရွာနေ ပြည်သူများအနေဖြင့် ရခိုင်ချောင်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ လွယ်လင့်တကူ သွားလာနိုင်တော့မည်ဖြစ်ပြီး ရှေးဟောင်းသမိုင်းဝင် ကျိုက်ဓနုတ်စေတီတော်မြတ်ကြီးကိုလည်း သွားလာမှုလွယ်ကူစွာဖြင့် ဖူးမြော်နိုင်မည်လည်းဖြစ်သည်။

"ကျွန်တော်တို့ ဟိုအရင်ကဆို ဓနုတ်ဘုရား ဓနုတ်ရွာ၊ ရခိုင်ချောင်ရွာတို့ဘက်ကို သွားမယ်ဆိုရင် ကျွန်တော်တို့ရွာကနေ ဒလ၊ ဒလ နာရီစင်ကနေ ကားလမ်းမအတိုင်း သွားရတာ၊ ခရီးကြန့်ကြာတဲ့အပြင် ယာဉ်အန္တရာယ်လည်း စိုးရိမ်ရတယ်၊ ခုလမ်းသာပြီးသွားရင် ကိုယ့်ရွာကနေ အချိန်တိုအတွင်း သွားလာနိုင်မယ်၊ ယာဉ်အန္တရာယ်လည်းကင်းတယ်" ဟု ခနောင်ရွာမကျေးရွာနေ ဦးတင်နွယ်က ပြောကြားသည်။

အဆိုပါကျေးရွာချင်းဆက်လမ်းသည် ခနောင်အထက်ကျေးရွာ၊ ခနောင်ရွာမကျေးရွာ၊ ခနောင်တောတဲကန်ကျေးရွာ၊ ခနောင်မီးခြစ်စက်ကျေးရွာ၊ ခနောင်ဓနိတောကျေးရွာ၊ ခနောင်ရှမ်းစု၊ ခနောင်ချောင်းဝကျေးရွာနေ ပြည်သူများအနေဖြင့် ရခိုင်ချောင်ကျေးရွာနှင့် အခြားသောကျေးရွာများသို့ အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်ပြီး ကော့မှူးမြို့နယ်ရှိ ကျေးရွာများသို့ပါ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်တော့မည်ဖြစ်သည်။

"ဒီလမ်းက မြို့ရှောင်လမ်းတစ်ခုလည်းဖြစ်တယ်ပေါ့၊ ရန်ကုန်မြို့ကနေ ကျိုက်ဓနုတ်ဘုရားကို လာရောက်ဖူးမြော်လိုသူတွေအနေနဲ့ အရင်လို နာရီစင်ကနေ ဒလ-ဓနုတ်လမ်းအတိုင်း သွားစရာမလိုတော့ဘဲ မင်္ဂလာပါစားသောက်ဆိုင်နားက ကနောင်လမ်းမကြီးအတိုင်း တောက်လျှောက်သွားလို့ရသွားပြီ၊ ကားလမ်းပေါက်သွားတာနဲ့ ကားလမ်းဘေးကရွာတွေလည်း အဆင်ပြေသွားမှာပါ" ဟု အံ့ကြီးအနောက်ရပ်ကွက်နေ ဦးမြင့်လှက ပြောကြားသည်။

**မင်းရဲမာန်**

# မိုင်းယောင်းမြို့နယ်၌ တောင်သူများ ခြံထွက်ဟင်းသီးဟင်းရွက်များကို အဓိကထား ရောင်းချနေကြ



မိုင်းယောင်း ဖေဖော်ဝါရီ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်မှ တောင်သူများသည် စိုက်ပျိုးရေးခြံမှထွက်ရှိသော ဟင်းသီးဟင်းရွက်များကို အဓိကထား ရောင်းချခြင်းဖြင့် မိသားစုစားဝတ်နေရေးအတွက် နေ့စဉ်ဝင်ငွေ ရှာဖွေနေကြကြောင်း သိရသည်။

"ကျွန်မတို့က လယ်ယာလုပ်ငန်း ရိတ်သိမ်းပြီးတဲ့အချိန်မှာ ဆောင်းသီးနှံတွေကို ဆက်ပြီးထွန်ယက်စိုက်ပျိုးကြပါတယ်။ နှစ်စဉ် ဒီလိုပဲ သူ့ရာသီနဲ့သူ ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးပြီးတော့ ရောင်းချကြပါတယ်။ စပါးတွေ ရိတ်သိမ်းပြီးတဲ့အချိန်မှာ ဆောင်းသီးနှံတွေ ဖြစ်တဲ့ မုန်ညင်း၊ နံနံ၊ ဂေါ်ဖီထုပ်၊ ပဲတောင့်ရှည်၊ ကြက်သွန်ဖြူ၊ ခဝဲသီး၊ ကိုက်လန်၊ ငရုတ်၊ ပဲတီစိမ်း၊ မုန်လာ၊ ဆလပ်၊ ရွှေပဲရွက်၊ ခရမ်းချဉ်၊ သခွား စတဲ့ သီးနှံတွေကို စိုက်ပျိုးပြီး အခုအချိန်မှာတော့ ဟင်းသီးဟင်းရွက်တွေကိုခူးပြီး မနက်ဈေးမှာ ရောင်းချနေကြပါပြီ"ဟု ဟင်းသီးဟင်းရွက် စိုက်ပျိုးရောင်းချသူ တောင်သူ အမျိုးသမီးတစ်ဦးက ပြောသည်။

မိုင်းယောင်းမြို့နယ်မှ တောင်သူအချို့သည် ဆောင်းသီးနှံ ဟင်းသီးဟင်းရွက်များကို ခူးဆွတ်ရောင်းချရာ မုန်ညင်းနှစ်စည်းကို ငွေကျပ် ၅၀၀ နှုန်းဖြင့် ရောင်းချနေရပြီး မိသားစုအတွက် နေ့စဉ် ဝင်ငွေကျပ် ရှစ်ထောင်မှ တစ်သောင်းခွဲအထိ ရရှိနေကြောင်း တောင်သူအမျိုးသမီးထံမှ သိရသည်။

**အားချာ**

**ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ လေ့လော့်အင်းကျေးရွာ၊ အကွက်အမှတ်(၁၈)၊ ထောင့်ကွက်၊ ကွင်းအမှတ်-၉၃၈၊ ကွင်းအမည်-ဖြဲဆွဲကွင်း၊ ဦးပိုင်အမှတ်(N/၂၀၃က)နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇ္ဇာလမ်း၊ အမှတ်(၆၂၃) နေ ဦးဝင်းမြိုင် [၁၂/ဥကတ(နိုင်)ဝ၆၈၇၃၂]သည် အထက်ဖော်ပြပါမြေကွက်အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်ကိုလတ်[၁၀/ခဆန(နိုင်)၀၃၆၈၂၃] ထံမှ မြေကွက်မျက်နှာစာ အလျား ပေ ၄၀ x ဘေးတစ်ဖက်တစ်ချက် အနံ ပေ ၆၀ မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မည်သူမဆို ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းပေးအပ်လှူဒါန်းခြင်း စသည့်တစ်နည်းနည်းဖြင့် လုံးဝပြုလုပ်ခွင့်မရှိကြောင်း သတိပေးတားမြစ်လိုက်သည်။ ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းကို ခံယူရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်မော် (စဉ်-၁၆၃၈၀)**
**LL.B (အထက်တန်းရှေ့နေ)**
**Ph:၀၉-၉၅၇၃၁၅၇၅၁၊ ၀၉-၄၃၁၁၅၇၅၁**

**ကိုဗစ်-၁၉ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**






GW 09 73226006 09 73077569
အိမ်ပြောင်း။အိမ်ရွှေ့လုပ်ငန်း
ကားများနှင့် လုပ်သားအပါ
ဝန်ဆောင်မှုပေးသည်။
အမှတ်၃၅၊မြေညီ၊မင်္ဂလာလမ်း၊
စမ်းချောင်းမီးသတ်ဘေး၊
စမ်းချောင်းမြို့နယ်။
09 401505559
09 253260110

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ လယ်ဝေးသီရိရတနာမြို့မဈေး၊ ရုံအမှတ် (ဃ-၁၀)၊ ဆိုင်ခန်းအမှတ် (၂၁) ဆိုင်ခန်းအား နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ် (၅)ရပ်ကွက်၊ အင်တိုင်းသာ(၂)လမ်း၊ အိမ်အမှတ် (၅/၉၄)နေ ဒေါ်ခင်အုန်းမြင့် [၉/လဝန (နိုင်)၀၃၇၄၆၄] အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ် (၆)ရပ်ကွက်၊ မြို့သစ်(၄)လမ်း၊ အိမ်အမှတ် (၆/၅၀၄)နေ ဒေါ်နန်းမြင့်သူ [၉/လဝန(နိုင်)၁၅၆၀၂၇] သို့ အခွန်ထမ်း အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ လူနေရပ်ကွက်အမှတ်(သမိုင်း)၊ မြေကွက်အမှတ်(၈/ ကျ/A)၊ ဧရိယာ(၀.၁၃၇)ဧကရှိ B(မြေပိုင်မြေ) လ/န အိမ်ယာမြေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဇေယျာခေမာလမ်း၊ အမှတ်(၆၄-H)ဟုခေါ်တွင်သော နေအိမ်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြေစာရင်းတွင် ဦးမြင့်လွင်၊ ဒေါ်မိုးနှင်းဖြူမြင့်လွင်တို့အမည်ဖြင့် တည်ရှိသော B(မြေပိုင်မြေ)လ/န အိမ်ယာမြေ မြေကွက်ဖြစ်ပါသည်။ မြေအမည်ပေါက် ပိုင်ရှင်များဖြစ်သော ဦးမြင့်လွင်[၆/ကသန(နိုင်)၀၀၄၃၀၇]၊ ဒေါ်မိုးနှင်းဖြူမြင့်လွင် [၁၂/ကမရ(နိုင်)၀၅၇၁၈၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်း၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မင်းနိုင်(LL.B,C.B.L,WIPO DL-101(GENVA))**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၂၇)**
**အမှတ်(၁၂၈)၊ မြေညီထပ်၊ (၄၂)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၀၀၃၂၂**

## ကန့်ကွက်နိုင်ပါကြောင်း

ဝါးခယ်မမြို့၊ မြသိန်းတန်ရပ်ကွက်ရှိ မြေစာရင်းအကွက်အမှတ် (၉၄၁-က)၊ ဝါးခယ်မ၊ ဦးပိုင်အမှတ်(၅၆)ဧရိယာ ၀ ဒသမ ၃၇၄ ဧကရှိမြေအား ဦးဝင်းဇော်အမည်ဖြင့် မြေငှားဂရန် လျှောက်ထားရာတွင် လိုအပ်သော မြေပေးမိန့်တင်ပြလျှောက်ထားခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးဝင်းဇော်**
**[၁၄/ဝခမ(နိုင်)၁၆၉၂၃၅]**
**ဖုန်း-၀၉-၇၉၀၄၅၇၁၉၉**

**သွေးသည် အသက်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊အောင်မေတ္တာ(၅)လမ်း၊ အမှတ် (၂၄/က)၊ ဒုတိယထပ် (ခေါင်းရင်းခန်း) ဟုခေါ်တွင်သော အကျယ်အဝန်း (၁၂ ၁/၂ x ၅၀)ပေအကျယ်ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဆိုသော ဒေါ်ဟေမာန်အောင် [၁၂/လမန(နိုင်)၁၆၄၇၁၃] ကိုင်ဆောင်သူနှင့် ဒေါ်အိအိဖြူ [၁၂/လမန(နိုင်)၁၆၄၇၁၄] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုစုအောင် (LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၅၅၀၉/၁၆-၁၂-၂၀၁၀)**
**တိုက် (၂၁)၊ ပထမထပ်၊ ဇေယျမင်္ဂလာ (၁)လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်မြို့။ Ph 09 31066498, 09 769147794**

## အများသိစေရန် ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်၊ သင်္ကောကျေးရွာအုပ်စု၊ ကွမ်လမိုင်းကျေးရွာ၊ (၆)ရပ်ကွက်၊ အိမ်အမှတ်(၂၂)နေ ဦးအေးမြင့်(ဘ) ဦးအောင်မြတ်[၁၀/ခဆန(နိုင်)၀၁၀၉၈၈]နှင့် ဒေါ်မြသီ(ဘ) ဦးအောင်မြတ်[၁၂/မရက(နိုင်)၀၀၅၇၀၅]တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုအမည်-သင်္ကော၊ ကွင်း/အကွက်အမှတ်-၆၁၈၊ ကွင်း/အကွက်အမည်-ခရိုက်ကျိ၊ ဦးပိုင်လုပ်ကွက်အမှတ်-၈၆၊ မြေမျိုး-ခြံ၊ ဧရိယာ(၅.၅၅)ဧက အကျယ်အဝန်းရှိ မြေနှင့် ယင်းမြေပေါ်တွင် စိုက်ပျိုးထားသော နှစ်ရှည်ရော်ဘာပင်များနှင့်တကွ တစ်ထပ်တိုက်အဆောက်အဦအပါအဝင် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးအေးမြင့်နှင့် ဒေါ်မြသီတို့ မောင်နှမနှစ်ဦးမှသာလျှင်တရားဝင် လက်ဝယ်ထားပိုင်ဆိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းများအားလုပ်ကိုင်၍ အကျိုးခံစားလျက်ရှိရာ ယနေ့အချိန်အထိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လုပ်ပိုင်ခွင့်ပေးခြင်း စသည်တို့ကို ပြုလုပ်ခဲ့ခြင်းအလျဉ်းမရှိပါ။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေနှင့်မြေပေါ်ရှိ ရော်ဘာခြံစိုက်ပျိုးရေးလုပ်ငန်းနှင့် လုပ်ပိုင်ခွင့်များအပါအဝင်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ ဦးအေးမြင့်နှင့် ဒေါ်မြသီတို့၏ အတိအလင်းသဘောတူခွင့်ပြုချက်မရရှိပါဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း၊ အမည်လွှဲပြောင်းခြင်း၊ မြေပုံကူးယူခြင်း၊ မြေယာလုပ်ပိုင်ခွင့်လျှောက်ထားခြင်းစသည့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့အားပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ကျူးကျော်ခြင်း၊ ဝင်ရောက်နေထိုင်ခြင်း၊ အကျိုးစီးပွားတစ်စုံတစ်ရာထိခိုက်နစ်နာစေမည့်ပြုလုပ်ခြင်းများ လုံးဝမပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူတို့ နစ်နာဆုံးရှုံးမှုသာဖြစ်ပြီး တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲစုဝေမြင့်**
**LL.B, D.B.L, D.I.L, D.M.L, D.I.R, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၉၉)**
**L-2,R-3၊ ဝါးတန်းလမ်း၊ (၉)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ Ph:09 5193578**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် အိတ်ဖွင့်တင်ဒါ ကြော်ငြာ ပြင်ဆင်ချက်

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ရုံးသုံးစက်ပစ္စည်း (၁၂)မျိုးနှင့် ပရိဘောဂပစ္စည်း(၉)မျိုး တို့အား ဝယ်ယူလိုကြောင်း(၈-၁-၂၀၂၂)ရက်နေ့ ကြေးမုံသတင်းစာနှင့် (၉-၁-၂၀၂၂)ရက်နေ့ မြန်မာ့အလင်းသတင်းစာများတွင် လည်းကောင်း၊ ရုံးသုံးစက်ပစ္စည်း(၁၁)မျိုးအား (၁၁-၁-၂၀၂၂)ရက်နေ့ ကြေးမုံသတင်းစာနှင့် (၁၂-၁-၂၀၂၂)ရက်နေ့ မြန်မာ့အလင်းသတင်းစာများတွင် အိတ်ဖွင့်တင်ဒါကြော်ငြာထည့်သွင်းခဲ့ပါသည်။

၂။ ၎င်းကြော်ငြာများတွင်ပါရှိသည့် တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်နှင့် တင်ဒါဖွင့်လှစ်မည့်ရက်တို့အား အောက်ဖော်ပြပါအတိုင်း ရွှေ့ဆိုင်းဆောင်ရွက်မည်ဖြစ်ပါသည်-

**(က) ရုံးသုံးစက်ပစ္စည်း(၁၂)မျိုးနှင့် ရုံးသုံးပရိဘောဂပစ္စည်း(၉)မျိုး**

| စဉ် | အကြောင်းအရာ | ရွှေ့ဆိုင်းမည့်ရက် |
|---|---|---|
| ၁ | တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက် | ၂၄-၂-၂၀၂၂ ညနေ(၄:၃၀)နာရီ |
| ၂ | တင်ဒါဖွင့်လှစ်မည့်ရက် | ၂၅-၂-၂၀၂၂ နံနက်(၁၀:၀၀)နာရီ |

**(ခ) ရုံးသုံးစက်ပစ္စည်း(၁၁)မျိုး**

| စဉ် | အကြောင်းအရာ | ရွှေ့ဆိုင်းမည့်ရက် |
|---|---|---|
| ၁ | တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် | ၃-၃-၂၀၂၂ ညနေ(၄:၃၀)နာရီ |
| ၂ | တင်ဒါဖွင့်လှစ်မည့်ရက် | ၄-၃-၂၀၂၂ နံနက်(၁၀:၀၀)နာရီ |

၃။ အသေးစိတ်သိရှိလိုသောအချက်များရှိပါက ဖုန်း-၀၆၇-၃၄၁၈၂၈၃၊ ၀၆၇-၃၄၁၈၅၉၃(အင်ဂျင်နီယာဌာနစိတ်၊ စက်မှု)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၉၄ နှင့် ဆက်နွှယ်သည့်**
**၂၀၂၀ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၇၀**

| | | |
|---|---|---|
| ဒေါ်ကြည်ကြည်ဝင်း | နှင့် | ၁။ ဒေါ်ဇာဇာငြိမ်း |
| | | ၂။ ဦးစောလွင် |
| | | ၃။ ဦးလှကြည် |
| **(အနိုင်ဒီကရီရသူ)** | | **(တရားရှုံးများ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၅/၆)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမ၊ အမှတ်- ၃၃/ခနေ (၁) တရားရှုံး ဒေါ်ဇာဇာငြိမ်း၊ ရွှေပြည်သာမြို့နယ်၊ (၉)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်-၂၀၇ (က)နေ (၂) တရားရှုံး ဦးစောလွင်နှင့် ရွှေပြည်သာမြို့နယ်၊ ဇေယျဝတီလမ်း၊ အမှတ်-၁၂/၃၃/၁၀/၈၈၁ (ခ)နေ (၃) တရားရှုံး ဦးလှကြည် (ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၉၄ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်ကြည်ကြည်ဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူအခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅)ရက်၊ (၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း (၁၄)ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဒေါ်သန်းဋွေး)**
**တွဲဖက်ခရိုင်တရားသူကြီး**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁/ ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ(၀.၁၆၂)ဧက၊ မြေကွက်အမှတ်(ဥ-၆၃၉၁)၊ ဒေါ်အေးပပလှိုင်၊ အဖအမည် ဦးသက်ဦးမောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်အေးပပလှိုင်[၉/မထလ(နိုင်)၂၂၁၀၆၃]၊ အဖအမည် ဦးသက်ဦးမောင်မှ ဒေါ်မေတန်ခူးကိုကို[၈/မကန(နိုင်)၂၁၇၇၅၆]၊ အဖအမည် ဦးနေကိုကိုအမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ငွေပုလဲ(၁)လမ်း၊ အမှတ်-၉၀၄ဟုခေါ်တွင်သော အိမ်မြေအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါ လိပ်စာရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅၊ မြေကွက်အမှတ်-၉၀၄၊ ဧရိယာ(၀.၀၅၆)ဧက အကျယ်ရှိ ဦးယိပ်ဖခွန်အုံ အမည်ပေါက် နှစ်(၆၀) ဂရန်အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်ကြည်ဖြူဇော် [၁၂/လမန(နိုင်)၁၂၇၅၁၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများ၏ တစ်စိတ် တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စောဦး**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၆၇၀၂)**
**ယူနိုက်တက်ကွန်ဒို၊ အခန်း-၁၁၁၊ အလံပြဘုရားလမ်းနှင့် နဝဒေးလမ်းထောင့်၊**
**ဒဂုံ(၁)၊ ကျောင်းရှေ့၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ သတင်းအချက်အလက်စနစ်(SSB Information System) (နည်းပညာနှင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရန် နေ့ရက်ပြင်ဆင်ခြင်း)

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် လူမှုဖူလုံရေးအဖွဲ့၏ သတင်းအချက်အလက်စနစ်(SSB Information System)ဆောင်ရွက်ရန် အောက်ဖော်ပြပါ Lot(၄)ခု ဖြင့်ခေါ်ယူခဲ့သည့် အိတ်ဖွင့်တင်ဒါအတွက် တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် (၁၉-၁-၂၀၂၂) ရက်နေ့မှ (၂၁-၁-၂၀၂၂)ရက်နေ့အထိ နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာခဲ့သော တင်ဒါနောက်ဆုံးတင်သွင်းရမည့် နေ့ရက်အား (၁၉-၂-၂၀၂၂)ရက်အစား (၅-၃-၂၀၂၂)ရက်၊ ညနေ(၄:၃၀)နာရီ အချိန်သို့ ပြောင်းလဲသွားမည်ဖြစ်ပါသည်။

- Lot(1) – Telecommunication infrastructure Implementation ဆောင်ရွက်ခြင်း။
- Lot(2) – Software Development and Implementation ဆောင်ရွက်ခြင်း။
- Lot(3) – ID Card Solution ဆောင်ရွက်ခြင်း။
- Lot(4) – Hardware များဝယ်ယူခြင်း။

၂။ လူမှုဖူလုံရေးအဖွဲ့၏ သတင်းအချက်အလက်စနစ် (SSB Information System) တင်ဒါနှင့်ပတ်သက်၍ သိရှိလိုသည်များရှိပါက လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ အမှတ်-ဥ/၇၇၊ ရွှေတောင်သီရိလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၁၇၉၀၆၊ ၀၆၇-၃၄၁၇၉၀၄၊ ၀၆၇-၃၄၁၇၉၅၁၊ ၀၆၇-၃၄၁၇၉၅၂နှင့် ၀၆၇-၃၄၁၇၉၂၅၊ အီးမေးလ် ssbittender@gmail.comနှင့် ssbitadmin@ss.b.gov.mmသို့ ရုံးချိန်အတွင်း မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အလုပ်သမား၊ လူဝင်ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက် (၁/ဥတ္တရသီရိမြောက်ရပ်)၊ အမှတ် (ဥ-၅၈၈၂)၊ ပေ (၁၀၀ x ၁၀၀)၊ ဧရိယာ (၀.၂၂၉)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရောက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဦးသက်နိုင် (ဘ) ဦးသူတော် [၉/မရတ(နိုင်)၀၅၉၅၄၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောစာရွက်စာတမ်း (မူရင်း)များဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **09 5112118** | **ဒေါ်မေသဇင်ချစ် (LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၃၆/၂၀၁၇)** |
| | **(ဒ-၂၄၁၄)၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း-09-43112240** |

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့ အမှတ်(၄)နေ ကျွန်တော် ဦးကျော်မိုးခိုင် [၅/မမတ(နိုင်)၀၆၇၁၃၈] ကိုင်ဆောင်သူ၏သားဖြစ်သူ မောင်နိုင်ရှင်းသန့် [၉/ငဇန(နိုင်)၁၄၅၃၂၄]ကိုင်ဆောင်သူသည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျှောက် ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် မောင်နိုင်ရှင်းသန့်နှင့် ပတ်သက်သည့်မည်သည့်အကြောင်းကိစ္စမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဖခင်-ဦးကျော်မိုးခိုင်**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၉-ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၇၇ နှင့် ဆက်နွှယ်သည့်**
**၂၀၂၀ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆၉**

| | | |
|---|---|---|
| ဒေါ်ကြည်ကြည်ဝင်း | နှင့် | ၁။ ဦးမြင့်စိန် |
| | | ၂။ ဒေါ်သီသီစိုး |
| | | ၃။ ဒေါ်ခင်စိန် |
| | | ၄။ ဦးမောင်မောင်စိုး |
| **(အနိုင်ဒီကရီရသူ)** | | **(တရားရှုံးများ)** |

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၉/၄၈)ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်-၇၀၄/ကနေ (၁) တရားရှုံး ဦးမြင့်စိန်၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အောင်မြေသာလမ်း၊ အမှတ်(၄၇၆)နေ (၂) တရားရှုံး ဒေါ်သီသီစိုး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ အမှတ်(၁၆၉/ခ)နေ (၃) တရားရှုံး ဒေါ်ခင်စိန်နှင့် ရွှေပြည်သာမြို့နယ်၊ (၅/၇)ရပ်ကွက်၊ အမှတ်-၁၄၄/ခ နေ (၄) တရားရှုံး ဦးမောင်မောင်စိုး(ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၇၇ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ကြည်ကြည်ဝင်းကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၅)ရက်(၁၃၈၃ ခုနှစ်၊တပို့တွဲလဆန်း(၁၄)ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော် ရှေ့လာရောက်စေ။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၉)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဒေါ်သန်းဋွေး)**
**တွဲဖက်ခရိုင်တရားသူကြီး**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

**သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြမောင်
### အသက်(၉၇)နှစ်

ဒေါက်တာရီရီမြင့်(ပါမောက္ခချုပ်၊ ဆေးရုံအုပ်ကြီး၊ ကုသရေး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)နှင့် ဒေါက်တာညွှန့်ညွှန့်ဝေ(ဆေးရုံအုပ်ကြီး၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး)တို့၏ဖခင် ဦးမြမောင်သည် ၉-၂-၂၀၂၁ ရက်နေ့ နံနက် ၈:၄၁ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းများ**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးအေးကြွယ်(ငြိမ်း)
### အမြောက်တပ်၊ စစ်တက္ကသိုလ်အပတ်စဉ်(၄)
### အသက်(၈၀)

ဒုတိယဗိုလ်မှူးကြီး အေးကြွယ်(ငြိမ်း) အသက်(၈၀)သည် ၈-၂-၂၀၂၁ (တနင်္လာနေ့)တွင်ကွယ်လွန်သွားပါသဖြင့် အပတ်စဉ်(၅)မှ သူငယ်ချင်းများက မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်းကောင်းရာသုဂတိလားပါစေ။

**စစ်တက္ကသိုလ်အပတ်စဉ်(၅)မှ သူငယ်ချင်းများ**

# အထူးကြေကွဲဝမ်းနည်းခြင်း
# Dr. ဒေါ်ငွေနှယ်(Daisy)
## ကလေးအထူးကုဆရာဝန်ကြီး
## အသက်(၇၇)နှစ်

ကျွန်တော်/ကျွန်မတို့၏ ဆေးသိပ္ပံတက်စဉ်က အတန်းဖော်သူငယ်ချင်း Dr. ဒေါ်ငွေနှယ်(Daisy)သည် ၉-၂-၂၀၂၁ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် တပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၁-၁၉၆၆ ခုနှစ်ဆေးသိပ္ပံထွက်**
**သူငယ်ချင်း ဆရာဝန်များ**




မိမိနှင့်မိမိ မိသားစု လုံခြုံစေချင်ပါသလား။ တက်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျ အသုံးပြုပါ။ အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ။ ပြီးလျှင်လက်ကို စနစ်တကျ ပြန်ဆေးပါ။

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်**
**အလှူဒါယိကာမကြီး**
## ဒေါ်သန်းသန်း
### အသက် (၁၀၂)နှစ်

ရန်ကုန်မြို့၊ သံလွင်လမ်း၊ အမှတ် (၉၃/A-1) နေ (ဝဏ္ဏကျော်ထင် ဦးခင်မောင်ညွန့်)၏ ချစ်လှစွာသောဇနီး၊ Dr.ဦးဗိုလ်ထွဋ်-ဒေါ်ယုဝေ၊ ဦးတက်ထွန်း-ဒေါ်ခင်ဆွေ၊ ဦးထွန်းညွန့်-ဒေါ်ငွေငွေကြည်၊ ဦးမျိုးအောင်-ဒေါ်ဘက်တီညွန့်၊ ဦးလင်းသော်-ဒေါ်ခင်ဝင်းဝင်းညွန့်၊ သံအမတ်ကြီး ဦးမျိုးလွင်(ငြိမ်း)-ဒေါ်ခင်ဆွေရင် (ဌာနခွဲမှူး PSC၊ ငြိမ်း) တို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၉-၂-၂၀၂၁ (အင်္ဂါနေ့) နံနက် ၁၀:၄၅ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၁-၂-၂၀၂၁ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်**
**အလှူဒါယိကာမကြီး**
## ဒေါ်သန်းသန်း
### အသက် (၁၀၂)နှစ်

ရန်ကုန်မြို့၊သံလွင်လမ်း၊အမှတ်(၉၃/A-1) နေ (ဝဏ္ဏကျော်ထင် ဦးခင်မောင်ညွန့်)၏ ချစ်လှစွာသောဇနီး၊ ဦးမင်းဟိန်းကျော်- ဒေါက်တာစုလင်းထွဋ်၊ မနိုင်ဦးခင်၊ ဒေါက်တာသီရိသန့်စင်ထွဋ်၊ မောင်လင်းခန့်၊ မောင်ဇော်နိုင်ထူး၊ မဆုရတနာဘို၊ မောင်မင်းခန့်ဘို၊ ကိုမြတ်ဝေ-မသီရိဇော်ဝင်းထွန်း၊ ကိုသုခဇော်ဝင်းထွန်း၊ မဖူးပွင့်ခိုင်၊ ပြည့်ဖြိုးနိုင်၊ မောင်သူရိန်မင်း၊ မဆုဝင့်ခိုင်၊ ဘုန်းခန့်လင်းသော်၊ လင်းခအောင်၊ လင်းဆက်အောင်၊ ထွဋ်ကေရာဇ်မျိုး၊ ထက်ကေရီမျိုးတို့၏ အဘွား၊ အံ့ဘုဏ်းဝေ၊ လင်းသစ်ဟိန်းတို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၉-၂-၂၀၂၁ (အင်္ဂါနေ့) နံနက် ၁၀:၄၅ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၁-၂-၂၀၂၁ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမြေး၊မြစ်များ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်**
**အလှူဒါယိကာမကြီး**
## ဒေါ်သန်းသန်း
### အသက် (၁၀၂)နှစ်

ရန်ကုန်မြို့၊သံလွင်လမ်း၊အမှတ်(၉၃/A-1) နေ (ဝဏ္ဏကျော်ထင် ဦးခင်မောင်ညွန့်)၏ ချစ်လှစွာသောဇနီး၊ ဦးမင်းသိန်းတင်-ဒေါ်ခင်ဝင်းဝင်းထွဋ်၊ ကပ္ပတိန်ဦးကျော်ကျော်-(ဒေါ်ခင်ဆွေဆွေထွဋ်)၊ ကပ္ပတိန်ဦးသူရနိုင်-ဒေါ်ခင်ဝေဝေထွဋ်၊ ဦးအောင်ကျော်ထူး-ဒေါက်တာ ဒေါ်ခင်နိုင်နိုင်ထွဋ်(USA)၊ ဦးအောင်ဘို-ဒေါ်ခင်ဆွေဆွေထွန်း၊ လေယာဉ်မှူးကြီး ဦးဇော်ဝင်းထွန်း-ဒေါ်ယင်းမာ၊ ကပ္ပတိန် ဦးတင်အောင်မျိုး-ဒေါ်ခင်မေမေထွန်း၊ ဒေါ်မေသူသူထွန်း၊ ဦးမင်းနိုင်ဦး-ဒေါ်ဝိုင်လေး၊ ဒေါ်စုစုအောင်၊ ဦးမင်းနေဟန်-ဒေါက်တာ သဇင်မျိုးအောင်၊ ဒေါက်တာ ဗညားသန်းနိုင်၊ ဒေါက်တာယင်းမာမျိုးအောင်၊လေယာဉ်မှူးကြီး ဦးအောင်လင်းသော်-ဒေါ်နွေးယုဝင်း၊ ဦးကျော်ဇင်သစ်-ဒေါက်တာဆွေလင်းသော်၊ ကပ္ပတိန်ဦးရန်လင်းအောင်-ဒေါ်မျိုးသီရိကျော်၊ ဒေါက်တာ မျိုးထက်အေး-ဒေါက်တာသပြေခိုင်ဇာတို့၏ ချစ်လှစွာသော ဘွားဘွားသည် ၉-၂-၂၀၂၁ (အင်္ဂါနေ့) နံနက် ၁၀:၄၅ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၁-၂-၂၀၂၁ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမြေးများ

## ကြည်း-၉၆၆၃ ဒုတိယဗိုလ်မှူးကြီးအေးကြွယ်(ငြိမ်း)
### (အမြောက်တပ်)
### စစ်တက္ကသိုလ်အမှတ်စဉ် (၄)
### မကွေးမြို့
### အသက် (၈၀)

မကွေးမြို့၊ ဆားစည်ရပ်၊ ဘုရားလမ်း၊ အမှတ် (၁၀)နေ (ဦးစောမောင်-ဒေါ်သန်းမေ)တို့၏ သားလတ်၊ (ဗိုလ်မှူး ဒေါ်ခင်မမ-ငြိမ်း)၏ ခင်ပွန်း၊ ဦးမိုးအေး-ဒေါ်မြင့်မြင့်ကြည်၊ ဦးစိုးကြွယ် (ဒု-ထွေဂျာ၊ အောင်သစ္စာဦးကုမ္ပဏီ)-ဒေါ်ကေခိုင်ကျော်၊ ဒုတိယဗိုလ်မှူးကြီး အေးချမ်း(ငြိမ်း)-ဒေါက်တာသက်သက်မာတို့၏ ချစ်လှစွာသောဖခင်၊ မမေသူမိုးမြင့်၊ မောင်ရဲမိုးအောင်၊ မသုန္ဒြာကြွယ်၊ မခေတ်သုကြွယ်၊ မောင်ခန့်ဇင်သော်၊ မောင်ဇင်ထူးအိမ်တို့၏ ဘိုးဘိုး၊ (ဦးစိုးဝင်း)၊ ဒေါ်သိန်းသိန်းတို့၏ မောင်၊ (ဦးလှမျိုး)၊ ဦးဇော်ဘုန်း၊ ဒေါ်ထူးထူးတို့၏ အစ်ကိုကြီး ကြည်း-၉၆၆၃ ဒုတိယဗိုလ်မှူးကြီး အေးကြွယ်(ငြိမ်း)သည် ၈-၂-၂၀၂၁ (တနင်္လာနေ့) ည ၇:၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၂၁ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် မကွေးမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၂-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြင့်မြင့်လွင် (Pansy Hoe) (မြိတ်)
### အသက် (၇၀) နှစ်
### B.Com (AA)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ် (၁၈၁)နေ (ဦးဂွမ်ဟို-ဒေါ်လှရီ)တို့၏ သမီး၊ (ဦးအေးကြင်-ဒေါ်စန်းရီ)၊ ဒေါ်အေးအေးလွင်တို့၏ ညီမ၊ ဦးအေးရှင်၊ ဒေါက်တာရီရီလွင်(တွဲဖက်ပါမောက္ခ-ငြိမ်း၊ ဓာတ်မှန်ဆရာဝန်ကြီး)၊ ဦးမောင်မောင်၊ ဦးလှဝေ၊ ဒေါ်ခင်ချိုလွင်တို့၏အစ်မ၊ ကိုနိုင်လင်း၊ ဒေါက်တာလင်းထက်အောင်-ဒေါက်တာပွင့်ဖြူသက်၊ ကိုအောင်ကိုဟိန်း၊ ကိုသက်နိုင်ဦး (SME Development Bank) တို့၏ အဒေါ်သည် ၈-၂-၂၀၂၁ ရက် နံနက် ၉ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်နီနီ
### အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ စဉ့်အိုးတန်းလမ်း၊ အမှတ် (၃၄)နေ (ဦးဖိုးချို-ဒေါ်စိတ်ကောင်း)တို့၏သမီး၊ [ဒေါက်တာ ဦးကြည်တောက် (ကထိက-ငြိမ်း၊ ခန္ဓာဗေဒဌာန၊ ဆေး-၁)]၏ချစ်လှစွာသောဇနီး၊ ဒေါက်တာခင်ပြုံးရီ(တွဲဖက်ပါမောက္ခ-ငြိမ်း၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ ခွဲစိတ်ပညာဌာန၊ ဆေး-၁)၊ ဒေါက်တာခင်မောင်ထွေး-ဒေါ်ခင်ခင်ထွေး၊ (ဒေါက်တာ ခင်မောင်သိန်း)-ဒေါက်တာအေးအေးညွန့်(ဒုခရိုင်ကျန်းမာရေးဦးစီးဌာန-ငြိမ်း) တို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသမိခင်၊ ကိုပြည့်ဖြိုး-မကြည်မာဇင်၊ ကိုရဲလင်း-မဝင့်ဝါဦး၊ မစုစုစံ၊ ဒေါက်တာရဲသူအောင်တို့၏ ချစ်လှစွာသောအဘွား၊ မောင်လန်းခန့်သူ၏ အဘွားသည် ၈-၂-၂၀၂၁ (တနင်္လာနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၉-၂-၂၀၂၁ (အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုး၊ မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ကြူကြူလှိုင် (ခ) မဂျယ်နီ
### အသက် (၆၇) နှစ်
### သန်လျင်မြို့
### ဒေါ်သန်းရွှေ အထည်ဆိုင်၊ မြို့မဈေး

(ဦးသာလှိုင်- ဒေါ်ခင်ထွေး) တို့၏သမီး (ဦးစိုးသိန်း)-ဒေါ်ဝင်းဝင်းလှိုင်၊ ဦးမြင့်သန်း-ဒေါ်အေးမိလှိုင်တို့၏ ညီမ၊ ဒေါက်တာကျော်စိုးကျော်-ဒေါက်တာဝါဝါဝမ်းမောင်တို့၏ အဒေါ်၊ သန်လျင်မြို့- မြို့မမြောက်ရပ်ကွက်၊ ဓာတ်ရုံလမ်း၊ အမှတ် (၅/ခ)နေ (ဦးအောင်ကျော်)-ဒေါ်သန်းအုံ၊ ဒေါ်ခင်စန်းမြင့်၊ ဒေါ်ခင်နှယ်မြင့်တို့၏ ညီမ၊ ဦးကျော်မိုးကြည်-ဒေါ်မြင့်မြင့်ဦး၊ ဦးခင်ဇော်- ဒေါက်တာဝတ်ရည်၊ ဒေါ်ညွန့်ညွန့်ရီ၊ ဒေါ်အေးအေးမြ၊ ဒေါ်အေးအေးခန့်တို့၏အစ်မ ဒေါ်သန်းရွှေ အထည်ဆိုင်မိသားစုဝင်တစ်ဦးဖြစ်သူ ဒေါ်ကြူကြူလှိုင်(ခ) မဂျယ်နီသည် ၁၀-၂-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၂၁ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အနိစ္စ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယိကာမကြီး**
## ဒေါ်ခင်မျိုးလွင်
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅) ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်းကြီး၊ အမှတ်(၅၁၁)၊ ဒုတိယထပ်နေ (ဦးမြလွင်)- ဒေါ်စိုးမြင့်တို့၏ သမီး၊ (ဦးဆင်မောင်-ဒေါ်တင်လှ)တို့၏ သမီးချွေးမ၊ (ဦးလှသိန်း)၏ ဇနီး၊ ဦးအောင်မင်းခေါင်-ဒေါ်သန်းသန်း၊ (ဦးအောင်မင်းနောင်)-ဒေါ်ခင်မိုးဆွေ၊ (ဦးအောင်မင်းရောင်-ဒေါ်မြင့်သိန်း)၊ (ဦးတင်မောင်လွင်)၊ (ဒေါ်ခင်ခင်ဇော်-ဦးတင်မောင်မြင့်)၊ ဦးရဲလင်း-ဒေါ်ဥမ္မာလွင်၊ ဦးရွှေစင်အောင်တို့၏ ညီမ/အစ်မ၊ ဦးအောင်ကိုလတ်-ဒေါ်သက်သက်မျိုး၊ ဦးကျော်တင်ကျော်-ဒေါ်အေမီသော်၊ ဦးကျော်ဇင်ကျော်တို့၏ ချစ်လှစွာသောမိခင်၊ မောင်ကောင်းဆက်သျှံ၊ မောင်သုထက်သျှံ၊ မဟေသာဆင့်ကျော်တို့၏ အဘွားသည် ၉-၂-၂၀၂၁ (အင်္ဂါနေ့) ည ၇ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၂၁ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါက်တာ ငွေနှယ်
### ကလေးအထူးကုဆရာဝန်ကြီး
### အသက် (၇၈) နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် (၄၈/A)နေ (ဒေါက်တာစောဘာဟိန်- ဒေါ်ရွှေစိန်)တို့၏ သမီး၊ ဒေါ်မေစုယဉ်၏ ချစ်လှစွာသောမိခင်၊ မကေဇင်ညွန့်၏ အဘွားသည် ၉-၂-၂၀၂၁ (အင်္ဂါနေ့) ည ၈:၂၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၂၁ (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စမ်းတင့် (ခ) မေစမ်းတင်
### အသက် (၇၆) နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် (၆၅၁/ခ)၊ မြကန်သာ (၁) လမ်းနေ (ဦးလွန်းတင်-ဒေါ်မေမေခင်)တို့၏ သမီး၊ (ဦးစိန်လွင်- ဒေါ်ခင်ထားအိ)တို့၏ သမီးချွေးမ၊ ကပ္ပတိန်စိုးလွင် (ညွှန်မှူး-ငြိမ်း၊ ရေကြောင်းဦးစီး)၏ချစ်ဇနီး၊ (ဦးတေဇာစိုးလွင်)-ဒေါ်ရီရီချိန် (M.I.T)၊ ဦးရဲသူရသက် (Kernellix၊ ဒေါ်သန္တာစိုးလွင် (ဖြိုတိသျှသံရုံး)တို့၏ မွေးသမိခင်၊ မထားအိအိလွင် (2nd Year Psychologn-x.u)၊ မသက်လျှာသက်တို့၏ အဘွားသည် ၉-၂-၂၀၂၁ ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေ၊ ဆွေမျိုးများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၂-၂၀၂၁ ရက် နံနက်ပိုင်းတွင် အထက်ပါနေအမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## သင့်
## သွေးဖြင့်
## အသက်
## ကယ်ပါ

**ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်ယဉ်ယဉ်နွယ်
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
### ဧရာဝတီတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး
### အသက် (၇၀)နှစ်

ပုသိမ်မြို့၊ (၂)ရပ်ကွက်၊ အမှတ်(၂၇)၊ ဆေးရိုးတန်းလမ်းနေ (ဦးစိန်သော်-ဒေါ်တင်တင်နွယ်)တို့၏ သမီးကြီး၊ ဦးကြည်မြင့် (ကစလ ဝန်ထမ်းဟောင်း)၏ ချစ်လှစွာသော ဇနီး၊ ဦးရွှေလွန်း-[ဒေါ်ခင်မာရည် (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)]၊ ဒေါ်အေးအေးသော်(အမှတ်-၅ ဓာတ်မြေဩဇာစက်ရုံ-ငြိမ်း၊ ကန်ကြီးဒေါင့်)တို့၏ အစ်မ၊ ဒေါ်အေးသီရိမွန် (ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး)၊ ဒေါ်ကြည်ဇာသွယ်တို့၏ ချစ်လှစွာသောအဒေါ်သည် ၆-၂-၂၀၂၁ (စနေ့နေ) ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၇-၂-၂၀၂၁(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၂၁ (သောကြာနေ) နံနက် ၆ နာရီတွင် ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်(၈)၊ တိုက်(၂၇၇)၊ အခန်း (၁) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရားစေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညို



နေပြည်တော်ကောင်စီနယ်မြေရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဖူးတွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်မှုအခြေအနေများကြောင့် ဖူးမြော်ခွင့် ယာယီရပ်ဆိုင်းထားရှိသည့် နိုင်ငံတစ်ဝန်းမှ ဘုရားစေတီပုထိုးများကို ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို တရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ ဖူးမြော်ခွင့်ပြုခဲ့သည်။

**ဖူးမြော်ကုသိုလ်ယူလျက်ရှိ**

ထိုသို့ အများပြည်သူဖူးမြော်နိုင်ရေး ခွင့်ပြုပေးခဲ့ရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ ဗိုလ်တထောင်စေတီတော်၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရားစေတီပုထိုးများ၌ လာရောက်ဖူးမြော် ကြည်ညိုကြသူ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကုသိုလ်ယူလျက်ရှိကြကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူသို့ အသိပေးချက်

ယခုကာလတွင် တာဝန်သိစွာဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်နေမှုအပေါ် အနှောင့်အယှက်ဖြစ်စေရန်အတွက် မသမာသူအချို့မှ နည်းအမျိုးမျိုးဖြင့် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိ၏ တာဝန်ထမ်းဆောင်မှုကို ထိခိုက်စေနိုင်သည့် ခြိမ်းခြောက်မှုများနှင့် ဖိအားပေးမှုများ ကြုံတွေ့ရပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်ပါသည်။ ထိုကဲ့သို့ နိုင်ငံ့တာဝန်ထမ်းဆောင်လျက်ရှိသည့် တာဝန်သိနိုင်ငံ့ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုအပေါ် နည်းလမ်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်မှုပြုလုပ်နေသူများအား စစ်ဆေးဖော်ထုတ်တွေ့ရှိပါက ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ

- ၀၆၇ ၄၁၂၁၆၈
- ၀၆၇ ၄၁၂၂၂၂
- ၀၆၇ ၄၁၂၂၄၆
- ၀၆၇ ၄၁၂၃၈၇
- ၀၆၇ ၄၁၂၃၈၈
- ၀၆၇ ၄၁၂၄၄၄
- ၀၆၇ ၄၁၂၅၉၈
- ၀၆၇ ၄၁၂၀၆၆
- ၀၆၇ ၄၁၂၅၃၉
- ၀၆၇ ၄၁၂၅၄၁

## ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

၂၀၂၁ ခုနှစ် (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ ရင်ပြင်တွင် ကျင်းပမည်ဖြစ်သည်။

အခမ်းအနားကျင်းပပုံများကို နံနက် ၆ နာရီ မိနစ် ၄၀ မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)၊ မြဝတီရုပ်မြင်သံကြား (MWD)၊ မြန်မာ့အသံရေဒီယို၊ Ministry of Information Facebook Page၊ MRTV Facebook Page နှင့် Myanmar Digital News Facebook Page တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ညောင်ဦးနှင့် ငါ့သရောက်မြို့နယ်ရှိ ထန်းတောင်သူများ ထန်းလုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်

**ညောင်ဦး ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် ငါ့သရောက်မြို့ ကျေးလက်တောင်သူများ ထန်းတက်လုပ်ငန်းစတင်ရန် ထန်းတက်ပင်များ ကြိုတင်ပြင်ဆင်နေကြပြီဖြစ်ကြောင်း ငါ့သရောက်မြို့ ထန်းပေါက်ကုန်းကျေးရွာ ထန်းတောင်သူ ဦးဝင်းစိုးက ပြောသည်။

ထန်းတောင်သူများ ထန်းတက်လုပ်ငန်းလုပ်ကိုင်ခြင်းအား ပြာသိုလ၊ တပို့တွဲလတို့တွင် စတင်ပြင်ဆင်လုပ်ကိုင်ကြပြီး ထန်းပင်များတွင် ရင်းထောင်၊ ရင်းဆွဲများပြုလုပ်ရန်အတွက် ဝါးဝယ်ယူခြင်း၊ ထန်းဆွဲမြူအိုးဝယ်ယူစုဆောင်းထားခြင်း၊ ထန်းလျက်ချက်လုပ်ရန်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆

## ကြေးမုံ ယနေ့ ဖတ်စရာ


စိတ်ထားအလှ
ဆောင်းပါး စာမျက်နှာ » ၆

နိုင်ငံတော်ကိုသာ သစ္စာခံထားသည့် နိုင်ငံ့ဝန်ထမ်း
ဆောင်းပါး စာမျက်နှာ » ၈

ဥရောပအလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသရှိ နိုင်ငံများသို့ တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ အထောက်အပံ့ပေးမည်ဟု တရုတ်သမ္မတ ရှီကျင့်ဖျင် ပြောကြား
စာမျက်နှာ » ၁၂

ကိုရိုနာဗိုင်းရပ်စ်၏ မူလဇာစ်မြစ်သည် ဝူဟန်မြို့ ဓာတ်ခွဲခန်းမှ စတင်ခြင်းမဟုတ်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပြောကြား
စာမျက်နှာ » ၁၃